


# The Blanket Cats

Kiyoshi Shigematsu

## ကြောင်တစ်ကောင်နှင့် သုံးရက်တာ

စုမြတ်ချစ်

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စုမြတ်ချစ်

ကြောင်တစ်ကောင်နှင့် သုံးရက်တာ

ကြောင်တစ်ကောင်နဲ့ သုံးရက်တာ အတူရှိလိုက်ရုံနဲ့
ဘဝကို ပြောင်းလဲပစ်နိုင်ပါ့မလား။
အချိန် သုံးရက်က ဘဝကို ပြောင်းလဲပစ်ဖို့ မလုံလောက်ပေမဲ့
ရှုမြင်သုံးသပ်ပုံကိုတော့ ပြောင်းလဲစေလောက်မှာပါ။



The Blanket Cats

*Kiyoshi Shigematsu*

ကြောင်တစ်ကောင်နှင့်သုံးရက်တာ
9 782025 001330

Illustration By Aung Lin Tun

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၃၃)

## ပုံနှိပ်မှတ်တမ်း



# စုမြတ်ချစ်

## ကြောင်တစ်ကောင်နှင့် သုံးရက်တာ

ထုတ်ဝေသည့်အကြိမ် ◆ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ

မျက်နှာဖုံးဒီဇိုင်း ◆ အောင်လင်းထွန်း

အတွင်းဒီဇိုင်း ◆ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ◆ ၅၀၀

စာအုပ်တန်ဖိုး ◆ ၁၃၅၀၀ ကျပ်

ထုတ်ဝေသူ ◆ ဦးပြည့်အာကာ(ဝ၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သင်္ဘောကျောင်း ၂ လမ်း၊
သင်္ဘောကျောင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ◆ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (ဝ၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ◆ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ဝ၉ ၇၆၂၂၂၆၀၂၀

စုမြတ်ချစ်
ကြောင်တစ်ကောင်နှင့် သုံးရက်တာ / စုမြတ်ချစ်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၃၀၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၃၃) ကြောင်တစ်ကောင်နှင့် သုံးရက်တာ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

၁။ နှာချေသော ကြောင် ၅

၂။ ခရီးသည်ထိုင်ခုံပေါ်က ကြောင် ၄၇

၃။ အမြီးမဲ့ ကြောင် ၇၉

၄။ မည်သို့ ဟန်ဆောင်ရမည်ကို သိသော ကြောင် ၁၃၅

၅။ မည်သူမျှ မနှစ်သက်သော ကြောင် ၁၇၉

၆။ ခရီးသွားသော ကြောင် ၂၂၁

၇။ အိပ်မက်တွေ အကောင်အထည်ဖော်ပေးသော ကြောင် ၂၆၁

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# နှာချေသော ကြောင်

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

နှစ်ညနဲ့ သုံးရက်တာပဲ သူတို့ကို ခေါ်ထားနိုင်မယ်။

"အချိန် သိပ်မကြာဘူးလို့ ခင်ဗျား တွေးနေမှာပဲ" လို့ အိမ်မွေးတိရစ္ဆာန်ဆိုင်ပိုင်ရှင်က သူဝယ်သူတွေကို ပြောနေကျ။ သူတို့ စာချုပ်လက်မှတ်ထိုးလိုက်တာနဲ့ ဆိုင်ရှင်က ဒီစကားလုံးတွေကို လေသံတထေရာတည်း မပြောင်းလဲတဲ့ အမူအရာနဲ့ အခေါက်တိုင်းမှာ ပြောဖြစ်တယ်။

"ခင်ဗျားတို့ ကြောင် ခေါ်သွားတဲ့အခါ အချိန်ပိုကြာသွားရင် သံယောဇဉ် ရှိလာမယ်။ ဒီနေရာကို ဘယ်တော့မှ ပြန်မလာရတော့ပါလားဆိုပြီး ကြောင်ကလဲ စိုးရိမ်စပြုလာမယ်။ ဘယ်သူ့အတွက်မှ အကျိုးမရှိ အလုပ်မဖြစ်ဘူးလေ။ ကျွန်တော့်ကို ယုံလိုက်ပါဗျာ"

ခွေးစရာအနေနဲ့ ကြောင်ဝယ်လို့မရဘူး။ ယေဘုယျစည်းမျဉ်းအနေနဲ့လည်း တိရစ္ဆာန်တစ်ကောင်တည်းကိုပဲ တစ်လအတွင်း တစ်ကြိမ်ထက်ပိုပြီး မွေးလို့မရဘူး။

"သုံးရက်ပဲ" လို့ ပိုင်ရှင်က တည်ငြိမ်ပြတ်သားတဲ့ အသံနဲ့ အမြဲလိုလို ပြောတယ်။ အဲဒီအချက်ကိုပဲ အားမာန်ပါပါနဲ့ ထိထိရောက်ရောက် ဖော်ပြလေ့ရှိတယ်။ သုံးရက်တာ ကြောင်မွေးဖို့က ဈေးသက်သာတာမျိုး မဟုတ်ပြန်ဘူး။ ကြိုသွင်းရတဲ့ စရိတ်အပြင် မွေးချင်တဲ့ အခေါက်တိုင်းအတွက် စရန်ငွေ ပေးရတယ်။ အဲဒါတွေ ပေါင်းလိုက်ရင် ဆိုင်ရှင်ရဲ့လုပ်ငန်းအခွဲဖြစ်တဲ့ ပုံမှန် အိမ်မွေးတိရစ္ဆာန်ဆိုင်မှာ

mgyoe.com

ရောင်းချတဲ့ မျိုးသန့်သန့် ကြောင်တစ်ကောင် အလွယ်တကူဝယ်လို့ ရနိုင်တယ်။ ဒါပေမဲ့လည်း ဖောက်သည်တွေ စဉ်ဆက်မပြတ် လာနေတုန်း။ ကြောင်ခုနစ်ကောင်ဟာ သူတို့ရဲ့ နောက်ဆုံးတာဝန်ကိုယ်စီကနေ ပြန်လာရတယ်။ ဆိုင်မှာ တစ်ညှ၊ နှစ်ည လောက် နေပြီးတာနဲ့ နောက်ထပ် သုံးရက်တာအတွက် အိမ်အသစ်ကို ပြောင်းရွှေ့ ရပြန်တယ်။

ကြောင်တွေ အပေ့ါအပါးစွန့်ဖို့ ကိုယ်ပိုင်သဲခွက် ပါဝင်ပြီး ဆိုင်ရှင်ပေး ထားတဲ့ အထူးသီးသန့် ကြောင်စာကလွဲလို့ ဘာကိုမှ ကျွေးလို့ မရဘူး။ အထူးသဖြင့် သူတို့ကို အခြားကြောင်တွေလို ကြက်သွန်နီ၊ ခရု၊ ကြက်ရိုး ဘာဆိုဘာမှ မကျွေး သင့်ဘူးလို့ ဆိုင်ရှင်က မလျှော့တမ်း ပြောလေရဲ့။

"ကြက်သွန်နီက ကြောင်တစ်ကောင်ရဲ့ ခန္ဓာကိုယ်တွင်း လှည့်ပတ်နေတဲ့ သွေးကို အဆိပ်ဖြစ်စေတယ်။ သွေးနီဥတွေကို ချေဖျက်ပြီး သွေးအားနည်းစေတယ်။ ခရုကတော့ ကြောင်တွေရဲ့ နားရွက်ကို ရောင်ကိုင်းပြီး နီရဲသွားစေတယ်။ ဒီထက် ပိုဆိုးရင် အရေပြားနီပြီး ရောင်အန်းနာကျင်စေတယ်။ အဲဒီအတွက် ဘာမှမလုပ်ပေး ဘူးဆိုရင် နားရွက်တွေပါ ပြုတ်ကျသွားနိုင်တယ်။ ကြက်ရိုးတွေ ကျွေးရင်တော့ ကြောင် ဝါးစားလိုက်တာနဲ့ အရိုးတွေဟာ အပိုင်းပိုင်း အစစ ကွဲထွက်သွားတာမို့ သူတို့ရဲ့ လည်ချောင်းဖြစ်ဖြစ်၊ အခြားအင်္ဂါအစိတ်အပိုင်းဖြစ်ဖြစ် ဖောက်ထွက်သွားမှာ မဟုတ်လား"

ဖောက်သည်တွေဟာ ပိုင်ရှင်ရဲ့ သတိပေးချက်တွေကို ပုံစံမျိုးစုံ တုံ့ပြန် ကြတယ်။ တချို့က မှတ်စုရေးပြီး တချို့ကတော့ အံ့ဩတကြီး ပင့်သက်ရှိုက်ကြရဲ့။ တချို့လူတွေကတော့ နှုတ်ဆိတ်နေပြီး ခေါင်းညိတ်ပြသလို တစ်ချို့တလေကတော့ နားထောင်တယ် ဆိုရုံလောက်ပဲ။ ဘာကြောင့်လဲဆိုတော့ သူတို့ အရင်က ကြားဖူး နားဝရှိတယ်လို့ ထင်ကြတာကိုး။ ကြောင်တွေကို စောင့်ရှောက်တာနဲ့ ပတ်သက်လာ ရင် လူတွေရဲ့ အတွေ့အကြုံတွေဟာ အမျိုးမျိုး ကွဲပြားကြတယ်။

တစ်ခါမှ ကြောင်မမွေးဖူးတဲ့ ဝယ်သူတွေကိုလည်း ပိုင်ရှင်က လက်ခံကြိုဆို တယ်။ ဒါပေမဲ့ သူတို့တွေကိုတော့ ပြင်းပြင်းထန်ထန် သတိပေးချက် ပေးလေ့ရှိတာ ကေန်မလွဲပဲ။

"ကြောင်က သူ့ဘာသာ တစ်ကိုယ်တည်း အိပ်တယ်။ အိပ်ချိန်ရောက်ရင် သူ့ကို လှောင်ချိုင့်ထဲထည့်ပြီး ခုလိုမျိုး သေသေချာချာလေး စောင်ခင်းပေးပါ။ ပြီး တော့ စောင်ကို ဘယ်တော့မှ မလျှော်ပါနဲ့။ စောင် ဘယ်လောက် ညစ်ပတ်နေပါ

စေ လုံးဝ မလျှော်ပါနဲ့”

ကြောင်တွေဟာ ပတ်ဝန်းကျင်ပြောင်းလဲမှုကို သိပ်သဘောမတွေ့ကြဘူး။ ပုံမှန်ကြောင်တစ်ကောင်အတွက် ဒီလိုနေပုံထိုင်ပုံကတော့ သေချာပေါက် စိတ်ဖိစီးစေမှာပဲ။

“ဒါကြောင့်” လို့ ပိုင်ရှင်က ခါတိုင်းလို လေသံတစ်ထပ်တည်းရယ်၊ အမူအရာတစ်ပုံစံတည်းရယ်နဲ့ ဆက်ပြောတယ်။ ဒီအခြေအနေထိရောက်အောင် ရှင်းပြတဲ့ ကြာချိန်အတိအကျကလဲ အကြိမ်တိုင်းမှာ အတူတူပဲဆိုတာ ဖြစ်နိုင်ပါရဲ့။

“ကြောင်တွေမှာ စောင် ရှိတယ်”

ငယ်ငယ်တုန်းကတော့ ကြောင်ခုနစ်ကောင်ဟာ သူတို့ကိုယ်ပိုင် အလှည့်ကျစောင်တွေနဲ့ အမြဲတစေအိပ်ခဲ့ကြတယ်။ ကြောင်တစ်ကောင်စီက သူတို့နဲ့ တရင်းတနှီးဖြစ်သွားတဲ့ စောင်တစ်ထည်နဲ့ အတူ ရှိလာသရွေ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားနိုင်တယ်။

“ဟိုးအရင် manga ရုပ်ပြတွေထဲက ဇာတ်ဝင်ခန်းလိုပေ့ါ။ အိမ်က ထွက်လာတဲ့ ကလေးက သူ့ခေါင်းအုံးလေးတစ်လုံး အိတ်ထဲထိုးထည့်လာတာဟာ စိတ်ချမ်းမြေ့စေဖို့ပေ့ါလေ”

ရှင်းပြရင်း ဒီနေရာရောက်တော့ သူ တခစ်ခစ် ရယ်လိုက်တယ်။ အခေါက်တိုင်းမှာ ဒီလို ရယ်သံမျိုးပဲ။

ဒီနေ့လည်း သူ တခစ်ခစ် ရယ်လိုက်တာမို့ မှန်းတဲ့အတိုင်း ကွက်တိပါပဲ။ “ကောင်းပြီ၊ ဒီမှာရော့…ကြောင်မကလေးက ခင်ဗျားအတွက်ပါ”လို့ ပိုင်ရှင်ပြောရင်း ကောင်တာပေါ်က ကြောင်လှောင်အိမ်ကို ယူပြီး ဝယ်သူဆီ လှမ်းပေးနေတယ်။

“ကောင်းကောင်း ဂရုစိုက်ပါဗျာ”

ဝယ်သူကလည်း ပိုင်ရှင်လိုပဲ အသက်လေးဆယ်ကျော်လောက်ရှိပြီး သူ့ရင်ဘတ်နားထိ လှောင်အိမ်ကိုကပ်ပြီး ဖမ်းကိုင်ထားတယ်။ မျက်နှာကတော့ စိုးရိမ်တကြီးပုံစံ။

“ခင်ဗျား အဲဒီလို မကိုင်ရဘူး”

“အာ… ဆောရီးပါ”

“တောင်းပန်စရာလည်း မလိုပါဘူး” ပိုင်ရှင်က ပထမဆုံးအနေနဲ့ အလိုအလျောက် ပြုံးလိုက်ပုံပဲ။ ဝယ်သူကလည်း ကိုးရိုးကားရား ပြန်ပြုံးပြပြီးနောက် လှောင်အိမ်ကို သူ့နံဘေး ရွှေ့လိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဆောရီး ... ကျွန်တော် တစ်ခါမှ ကြောင်မမွေးဖူးတော့"

"စိတ်မပူပါနဲ့ဗျာ။ ကြောင်မကလေးက လိမ္မာပါတယ်။ လူတွေနဲ့ ခပ်မြန်မြန် နေသားကျတတ်ပါတယ်။ မြန်မြန်လေး ချောင်းကြည့်လိုက်ပါဦး။ သူက ချစ်စရာ ကြောင်သေးသေးကလေးပေါ့။ မျက်လုံးတွေက ဝိုင်းစက်ပြူးကျယ်နေတာပဲ"

ဝယ်သူက ပိုင်ရှင် အကြံပေးတဲ့အတိုင်း လုပ်ဆောင်တယ်။ လှောင်အိမ် ကိုင်ထားရင်းနဲ့ ဘေးဘက်က ပြတင်းပေါက်သေးသေးကလေးကနေ အထဲကို ချောင်းကြည့်လိုက်တယ်။

ဟော... တွေ့ပါပြီ။ သူ့ကို ပြန်ငေးကြည့်နေတဲ့ ကြောင်မကလေး။ သနပ်ခါးရောင် စောင်ပေါ်မှာ ခွေခွေကလေး။ ပိုင်ရှင်ပြောတာ ဟုတ်ပါရဲ့။ ကြောင်မကလေးမှာ ကြီးမားပေါ်လွင်လှတဲ့ မျက်လုံးတွေ ရှိတယ်။

သူ တောင်းဆိုထားတဲ့အတိုင်း ခါလီကို ကြောင်အမျိုးအစားပေါ့။ (ခါလီကို ကြောင် - အဖြူ၊ အနက်၊ အညို၊ လိမ္မော်ရောင်အမွေး ပါဝင်လေ့ရှိသော သုံးရောင်စပ် ကြောင်)

"သူ... ချစ်စရာကောင်းတယ်နော်"။ "ဟုတ်တယ် မဟုတ်လား" လို့ ပိုင်ရှင်က ကျေနပ်အားရတဲ့ပုံစံနဲ့ ခေါင်းညိတ်ပြတယ်။ "တစ်နှစ်ပဲ ရှိသေးတာမို့ ကြောင်ပေါက်ကလေးမျက်နှာပေါက်ပဲ။ ဒါပေမဲ့ အရွယ်ရောက်ပြီမို့ လိမ္မာပြီး ဣန္ဒြေ ရပါတယ်။ တကယ့်ကို နှစ်လိုစရာလေးပါ"

ဝယ်သူက ခေါင်းဆတ်ပြပြီးနောက် လှောင်အိမ်ထဲ ဖျတ်ခနဲ ခိုးကြည့် ပြန်တယ်။ ကြောင်ကလေးက သူ့ကိုကြည့်နေဆဲ။ ညောင်ညောင်အော်သံ တိုးဖွဖွ လေး ပေါ်လာရဲ့။

"အို့ ..." ဝယ်သူက မော့ကြည့်ပြီး ပြောတယ်။

"သူ့နာမည် မေးဖို့ မေ့နေတာ"

ဒီမေးခွန်း မေးတော့မယ်ဆိုတာ နားလည်တဲ့ပုံစံနဲ့ ပိုင်ရှင်က ခေါင်းညိတ်ပြ တယ်။ "အင်း ခင်ဗျား သူ့ကို ဘယ်လိုခေါ်ချင်လဲ"

"ဘယ်လို... ခင်ဗျား ဆိုလိုတာက ကျွန်တော်..."

နောက်တစ်ခါ ခေါင်းညိတ်ပြတယ်။ "ခင်ဗျား ကြိုက်တဲ့နာမည်ပေးလို့ ရတယ်။ တစ်ခါ၊ နှစ်ခါလောက် ခေါ်လိုက်တာနဲ့ သူ နားလည်သွားမှာမို့ ခင်ဗျား အံ့အားသင့်သွားမယ်ဗျာ"

"တကယ်လား"

mgyoe.com

"အင်း..."

"သူက လိမ္မာပါတယ်လို့ ခင်ဗျားကို ပြောပြီးသားပဲဗျာ။ သူ့ကို ခင်ဗျားပဲ နာမည်ပေးလိုက်တာက အဓိပ္ပာယ်ရှိတယ် မထင်ဘူးလား။ သူက ခင်ဗျားရဲ့ ကြောင် ဖြစ်တော့မှာလေ။ သုံးရက်ပဲ ဆိုပေမဲ့လဲပေါ့လေ"

ပိုင်ရှင်က တခစ်ခစ်ရယ်မောပြီးနောက် သူ့ဝယ်သူဖြည့်ထားတဲ့ ဖောင်ကို အကြည့်ရောက်သွားတယ်။ အဲဒါကို ကွန်ပျူတာထဲ ရိုက်ထည့်တော့မယ်။

"မစ္စတာ အီရှီဒါနော်။ ဒီကြောင်ကလေးက နောက်ထပ် သုံးရက်တိတိ အီရှီဒါမိသားစုဝင် ဖြစ်မယ်။ ဒါကြောင့် သူ့ကို နာမည်လှလှလေး သေချာပေါက် ပေးလိုက်ပါ။ ဟုတ်ပြီလား"

"အာ... သူ ဆိုင်မှာရှိနေတုန်းကကော ဘယ်လိုခေါ်လဲ"

"ခါလီကို အမျိုးအစားဆိုတော့ 'ခါလီ' ပေါ့လေ။ သူတို့ကို နာမည်ဆန်းဆန်းပြားပြား ပေးတာဟာ ကျုပ်တို့အတွက် ယုတ္တိရှိပုံ မရတော့။ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားဇနီး၊ ကလေးတွေနဲ့ ဆွေးနွေးပြီး သင့်တော်တဲ့နာမည် ပေးလိုက်ပေါ့ဗျာ။ ဟုတ်ပြီလား"

အဲဒီနောက် တယ်လီဖုန်း မြည်လာတယ်။ ပိုင်ရှင် ဖုန်းပြောနေတုန်း နိုရီအိုအီရှီဒါက ယဉ်ယဉ်ကျေးကျေး ဦးညွှတ်ပြီးနောက် ဆိုင်ကထွက်လာတယ်။ ကားပါကင်ကို သွားနေရင်း သူ ဆိုင်ဘက် လှည့်ကြည့်လိုက်တယ်။

ဆိုင်မှာ ပုံမှန်ဆိုင်းဘုတ်နဲ့အတူ နောက်ထပ် တွေ့ရတဲ့ ဆိုင်းဘုတ်တစ်ခုက 'စောင်ခြုံထားသော ကြောင်များ' တဲ့လေ။ ဂျပန်အက္ခရာတွေပေါ်မှာ အင်္ဂလိပ်စာလုံးနဲ့ အဓိပ္ပာယ်တူတူ ရေးထားပုံက နောက်မှရတဲ့စိတ်ကူးကြောင့် ညှစ်ထုတ်ရေးထားသလိုလို။

ဒီဆိုင်အကြောင်း အွန်လိုင်းမှာတွေ့တုန်းက နိုရီအိုအဖို့ 'စောင်ခြုံထားသော ကြောင်များ' ဆိုတဲ့စကားစုဟာ ဘာမှ အဓိပ္ပာယ်မရှိဘူး။ ဒီဆိုင်ထဲ ဝင်လာတော့လဲ ဟုတ်တိပတ်တိ သဘောမပေါက်သေးဘူး။ ခုတော့ နားလည်ပြီလို့ သူထင်တယ်။ ကြောင်တွေဟာ သူတို့ကိုယ်ပိုင်စောင်နဲ့ လာကြတာကိုး။ စောင်ခြုံထားတဲ့ ကြောင်ကလေးတွေပေါ့လေ။

သူ့လက်ထဲက လှောင်အိမ်က အံ့သြစရာကောင်းလောက်အောင် လေးလာတယ်။ သူ အတတ်နိုင်ဆုံး ခပ်မှန်မှန် ထိန်းထားရင်းနဲ့ ကားနားရောက်အောင် သွားလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ခေါင်းပေါ်မှာ မိုးနေတဲ့ ကောင်းကင်ယံဟာ ကျယ်ပြန့်ပြီး ပြာလွင်လွင်။ ခပ်လှမ်းလှမ်းက တောင်ကြောတွေကို မြူတွေကြားမှာ အရိပ်လောက်ပဲ မြင်ရလေရဲ့။ နွေဦးကာလဖြစ်ပြီး နှစ်တစ်နှစ်ရဲ့ ဒီလိုအချိန်မှာ တရုတ်ဘက်က မကြာခဏ တိုက်ခတ်လာတတ်တဲ့ အဝါရောင် သဲလုံးကြီးကြောင့် ဂျပန်အနောက်ပိုင်းမှာ မနေ့က မြေပြိုမှုတွေ ထပ်ဖြစ်ပြန်တယ်။

ခုတော့ တိုကျိုမှာ သဲစသဲနတွေကျန်ရှိနေတာမျိုး မဖြစ်တော့ပေမဲ့ လေထဲမှာ သစ်ကတိုးဝတ်မှုန်တွေ လွင့်နေတာ အမြင့်ဆုံးအဆင့် ဖြစ်မယ်လို့ မနက်ပိုင်းသတင်းမှာ ကြိုတင်ခန့်မှန်းထားတယ်။

တိုကျိုရဲ့ ဆင်ခြေဖုံးဘက်က တောင်တွေကို အုပ်ဆိုင်းထားတဲ့ သစ်တောတွေမှာ သစ်ကတိုးတွေ အားလုံးနီးပါး စိုက်ပျိုးထားတယ်။ နိုရီအို ကိုယ်တိုင်ကတော့ ဝတ်မှုန်နဲ့ ဓာတ်မတည့်တာ မရှိပေမဲ့ ဒီလိုအချိန်ဆို မျက်နှာဖုံး စွပ်စွပ်မြိမြိ တပ်နေကျ။ သူ့လုပ်ဖော်ကိုင်ဖက် တစ်ယောက်ကတော့ တစ်ခါတလေ လေထဲမှာ လွင့်နေတဲ့ ဝတ်မှုန်တွေကို အမှန်တကယ် မြင်နေရပါလားလို့ ဆိုလေရဲ့။

"တကယ်ပဲကွာ၊ ရှေးတုန်းက manga တွေ မင်း သိတယ် မဟုတ်လား။ စက်ရုံတွေကနေ ပန်းထွက်လာတဲ့ မီးခိုးတွေက ကြောက်မက်ဖွယ်ရာ သတ္တဝါကြီး အဖြစ် ပြောင်းလဲသွားပြီး လူတွေနောက် လိုက်တာလေ။ အဲဒီလိုပဲ ငါလည်း ခံစားရတယ်ကွာ" လို့ သူ့လုပ်ဖော်ကိုင်ဖက်က ပြောခဲ့တယ်။

နိုရီအိုသာ အဲဒီလူကို ဝတ်မှုန်တွေ ပြင်းထန်တတ်တဲ့ ဒီလိုဆင်ခြေဖုံးဘက်ခေါ် လာရင် သူ့မျက်နှာ မဲ့ရွဲ့နေတော့မှာကို စိတ်ကူးမြင်ယောင်ရင်း နိုရီအို ပြုံးစိစိ ဖြစ်သွားတယ်။

အဲဒီနောက် လှောင်အိမ်ထဲက နှာချေသံသေးသေးကလေး ထွက်လာလေရဲ့။

နေပါဦး၊ ကြောင်တွေဟာ တကယ်ပဲ နှာချေတတ်တာလား။

ဒီကြောင်မကလေးမှာ ဝတ်မှုန်ဓာတ်မတည့်တာ ရှိနေရင် ဘယ့်နှယ့်လုပ်မလဲ။ မရှိလောက်တာ သေချာပါတယ်လို့ သူ တွေးရင်း ကားနောက်ခန်းတံခါးဖွင့်လိုက်တယ်။

"တစ်မိနစ်လောက်ဆို ရောက်ပါပြီ။ အိုကေလား" လို့ သူပြောရင်း လှောင်အိမ်ကို ရှေ့ခုံရဲ့ အနောက်ကပ်လျက် အောက်မှာ ချလိုက်တယ်။

တုံ့ပြန်တဲ့အနေနဲ့ ကြောင်က နှာထပ်ချေပြန်တယ်။ 'ဟတ်ချိုး'လို့ အသံထွက်တာမျိုး မဟုတ်ဘဲ အသက်ရှုသံ ရှူးရှူးဆိုတာထက် ပိုတာလောက်ပဲ။ မိတ်စ

mgyoe.com

mgyoe.com

တွေ တရွှမ်းရွှမ်းမြည်သံလိုလို။

"မင်းက တကယ် ဝတ်မှုန်ဓာတ်မတည့်တာလို့တော့ ငါ့ကို မပြောနဲ့ကွာ" လို့ သူ တအံ့တသြ ဖြစ်ရင်း ပြောတယ်။ ဒါပေမဲ့ ကြောင်ကလေးကတော့ တကယ့်ကို ဆက်တိုက် နှာချေနေတော့တယ်။

"ရှူး - ရှား - ရှား"

❑

နိုရီအိုက တိုကျိုမြို့လယ်ခေါင်ကိုဖြတ်ပြီး အမြန်လမ်းမကနေ သူနေထိုင်ရာ ချိဘကို ပြန်လာနေတာ။ စနေနေ့လယ် စောစောပိုင်းဖြစ်ပေမဲ့ မက်ထရိုပိုလီတန် အမြန်လမ်းမ ရှင်းလင်းနေတာ အံ့သြစရာပဲ။ ဆိုင်ကိုသွားတုန်းကတော့ ယာဉ်ကြော ကြပ်တာမို့ နှစ်နာရီနီးပါး ကြာခဲ့တယ်။ ဒါပေမဲ့ ခုတော့ ခရီးတစ်ထောက် ခဏနား လိုက်တာတောင် အိမ်ပြန်ရောက်ဖို့ တစ်နာရီမကြာဘူး။

သူ အိမ်ပြန်ရောက်ခါနီးမှာ အနီးနားက ဘူတာရုံအပြင်ဘက်မှာ ကား ရပ်ပြီး ယုကီဆီ ဖုန်းခေါ်တယ်။ သူ့ဇနီး အိမ်မှာပဲရှိမယ်လို့ မှန်းဆထားပေမဲ့ ကြည့်ရ တာတော့ မဟုတ်ဘူး ထင်ပါရဲ့။

"အပြင်မှာ သာယာတာနဲ့ ကျွန်မလည်း ပျင်းပျင်းရှိနေတော့ ဟိုနားဒီနား သွားလိုက်တာ"

ဘူတာနားက ကော်ဖီဆိုင်ထဲ ဝင်သွားပြီး နိုရီအို ပြန်လာတဲ့အထိ အချိန် ဖြုန်းမလို့ ရည်ရွယ်ထားကြောင်းပါ ယုကီ ထည့်ပြောလေရဲ့။

"ကောင်းပြီ။ မင်းဆီ လာခဲ့မယ်လေ"

"ဘယ်လို။ ကြောင်ကို ကားထဲမှာ ထားခဲ့မလို့လား"

"မထားဘူးလေ။ ကိုယ်နဲ့အတူ ခေါ်ခဲ့မှာပေါ့"

"အဆင်ပြေပါ့မလား။ ကျွန်မ ဆိုလိုတာက ကော်ဖီဆိုင်ထဲကို အိမ်မွေး တိရစ္ဆာန် ခေါ်တာကိုလေ"

"လှောင်အိမ်ထဲပဲဆိုရင် အဆင်ပြေလောက်မယ် မထင်ဘူးလား"

"မပြောတတ်ဘူး။ ခဏနော်။ ကျွန်မ ဝန်ထမ်းတစ်ယောက်ယောက်ကို မေးကြည့်လိုက်မယ်"

ဖုန်းက ကိုင်ထားဆဲဆိုတဲ့ သံစဉ် ဝင်လာတယ်။ နိုရီအိုက ကားထိုင်ခုံမှာ မှီပြီး စိတ်အနှောင့်အယှက်ဖြစ်ဖြစ်နဲ့ သက်ပြင်းမှုတ်ထုတ်လိုက်တယ်။

သုံးရက်တာပါပဲလား။ ဒါပေမဲ့ နိုရီအို့အနေနဲ့ ကြောင်တစ်ခါမှ မမွေးဖူး

mgyoe.com

mgyoe.com SAMPLE BOOK

သလို အခြားအိမ်မွေးတိရစ္ဆာန်လည်း မမွေးဖူးဘူး။

ကော်ဖီဆိုင်က အိမ်မွေးတိရစ္ဆာန် ဝင်ခွင့်မပြုဘဲ တားမြစ်ထားမှာပဲလို့ သူ အခိုင်အမာ ယုံကြည်နေတုန်း ဖုန်းက သံစဉ်ပြတ်တောက်သွားတယ်။

"ကြောင်ကို အပြင်မထုတ်ရင်တော့ အဆင်ပြေပါတယ်လို့ သူတို့ပြောတယ်"

"ကောင်းပြီ။ ကိုယ် အဲဒီကို တန်းလာလိုက်မယ်"

သူ ဖုန်းချပြီးတော့ လှောင်အိမ်ကို လှည့်ကြည့်တယ်။ နည်းနည်းကျဉ်းကျဉ်းကျုတ်ကျုတ်နိုင်တဲ့ လှောင်အိမ်ဆိုပေမဲ့ ကြောင်ကလေးက အထဲမှာ စိတ်ရှည်လက်ရှည် ထိုင်နေရဲ့။ သူတို့ အမြန်လမ်းကနေ မောင်းလိုက်တာနဲ့ ခဏတာ ဆက်တိုက် နှာချေနေတာက ခုတော့ ရပ်တန့်သွားပြီ။

ဒီလို တိတ်ဆိတ်ငြိမ်သက်မှုဟာ သူ့ကို လေ့ကျင့်ပေးထားလို့လား။ ဒါမှမဟုတ် အိပ်ပျော်နေလို့လား။ အဲဒီလိုမှ မဟုတ်ရင်...။

ရုတ်တရက် ကြောက်လန့်တုန်ယင်ရင်း နိုရီအို ကားထဲကနေ ထွက်တယ်။ ကားနောက်ခန်း တံခါးဖွင့်ပြီး လှောင်အိမ်ကိုမ အထဲကို ကြည့်လိုက်တယ်။ မာန်ဖီသံ ရေးရေးလေး ကြားလိုက်ရတာမို့ ခုလို ကြမ်းတမ်းတဲ့ အပြုအမူမျိုးကို ကန့်ကွက်ဟန် တူပါရဲ့။ လှောင်အိမ် ပြင်းပြင်းထန်ထန် လှုပ်ခါလာတယ်။

"မင်း အသက်ရှိသေးလို့ တော်ပါသေးတယ်။ အထဲမှာ အဆင်ပြေရဲ့လား"

နိုရီအို စိတ်သက်သာရာရသွားရင်း လှောင်အိမ်ကို နောက်ခုံပေါ် မှာတင်ပြီးနောက် သက်ပြင်းချပြန်တယ်။ သုံးရက်တာကာလကတော့ နည်းနည်း ကြာတော့မယ့်ပုံပဲ။

"ခဏလောက် ထပ်နေဦးနော်"လို့ သူ ပြောပြီးနောက် လှောင်အိမ်တံခါးကို ဖွင့်လိုက်တယ်။ အနည်းဆုံးတော့ သူ လုပ်နိုင်တာက ကြောင်ကလေး လေကောင်းလေသန့်ရဖို့လောက်ပေါ့လေ။ သူ ထွက်မပြေးလောက်ပါဘူးလေလို့ နိုရီအို တွေးရင်း အဆိုးဆုံးကိုတော့ ပြင်ဆင်ထားတယ်။ ဒါပေမဲ့ ကြောင်ကလေးက သူ့ဇစောင်ပေါ် မှာပဲ သိမ်မွေ့မွေ့လေး ခွေနေဆဲ။

ဆိုင်ပိုင်ရှင်ရဲ့ စကားလုံးတွေ ကြားယောင်လာတယ်။ "ထိပ်တန်းကြောင်ကလေးတွေကပဲ စောင်ခြုံထားတဲ့ကြောင် ဖြစ်မှာနော်"

ကြောင်တွေကိုယ်တိုင်ကရော 'စောင်ခြုံထားတဲ့ ကြောင်' ဖြစ်တာကို ဂုဏ်ယူဖွယ်ရာလို့ သတ်မှတ်လားတော့ နိုရီအို သေချာမသိပေမဲ့ ဒီကြောင်ကလေးကတော့ အတော်အတန် လိမ္မာပုံရတယ်။

mgyoe.com

ဆိုင်ပိုင်ရှင် ပြောလိုက်တဲ့ နောက်တစ်ချက် ရှိသေးတယ်။

"ခင်ဗျား ဇနီးဖြစ်ဖြစ်၊ ကလေးတွေနဲ့ဖြစ်ဖြစ် ဆွေးနွေးလိုက်ဦး။ ကြောင်ရဲ့ နာမည်ကိုပေါ့လေ"

သူ လှောင်အိမ်တံခါး ပြန်ပိတ်လိုက်တယ်။

"မေမေ စောင့်နေတယ်နော်" လို့ သူက ပုန်းနေတဲ့ ကြောင်ကလေးကို ပြောလိုက်တယ်။ ဒုတိယတစ်ခါ တွေးမိတော့ ယုကီအတွက် 'အမေ' ဆိုတဲ့ အခေါ် အဝေါ်က ပိုကောင်းလောက်မယ်။

"ငါဆိုလည်း ဖေဖေ ဆိုတာထက် အဖေဆိုတဲ့ အခေါ်အဝေါ်ကို ပိုနှစ်သက်တယ်" လို့ နိုရီအို တွေးမိတယ်။ ရွေးချယ်ဖို့က ကလေးတွေပေါ် မူတည်ပေမဲ့ လဲပေါ့လေ။

ကြောင်ကလေး နှာချေပြန်ပြီ။

"ရှူး...ရှူး.... ရှူး "

ဒီတစ်ခါတော့ သုံးကြိမ် ဆက်တိုက်။

"မင်းမှာ ဝတ်မှုန်ဓာတ်မတည့်တာ မရှိဘူး သေချာရဲ့လား"

"ရှူး... ရှား... ရှား"

"အင်း... ရှိတာ သေချာပြီပေါ့ကွာ"

"ရှူး... ရှူး... ရှူး"

"အင်း... ဒီတစ်ချက်တော့ မင်းအမေနဲ့ တူတယ်" လို့ နိုရီအို တီးတိုး ရေရွတ်ပြီး သက်ပြင်းချလိုက်တယ်။

❑

ယုကီက ကော်ဖီဆိုင်ရဲ့ ပြတင်းပေါက်နားမှာ ထိုင်နေတယ်။ နိုရီအို အနားရောက်လာတာ သူတွေ့တော့ မျက်နှာဖုံးချွတ်ပြီး သတိရှိရှိနဲ့ အသက် အဝ ရှူလိုက်တယ်။ ဝင်သက်ထွက်သက် ရှူသွင်းရှူထုတ်ရင်း နှာခေါင်းပေါက်ကလေး တွေကို နည်းနည်း လှုပ်လှုပ်ရွရွလုပ်ပြီးနောက် စိတ်သက်သောင့်သက်သာအပြုံး လေး ပေါ်လာတယ်။

"ဘယ်လိုနေလဲ" လို့ နိုရီအိုက ယုကီရှေ့ ခုံဆွဲထုတ်ရင်း မေးတယ်။

"စောစောပိုင်းကတော့ နှာခေါင်းယားပေမဲ့ ခုတော့ အဆင်ပြေပြီ ထင်တာပဲ"

"ကြည့်ရတာတော့ ဒီနေ့လည်း ဝတ်မှုန်တွေ အလုံးအရင်းပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း... တိဗ္ဗတ်မှာ ကြေငြာတယ်လေ။ ကြောင်ကလေးသွားခေါ်ဖို့ ရှင်နဲ့ မလိုက်မိတာ တော်ပါသေးရဲ့"

နိုရီအိုက လှောင်အိမ်ကို ကိုင်မြှောက်လိုက်တော့ ယုကီက လက်နှစ်ဖက်နဲ့ ဂရုတစိုက်ယူတယ်။ ပြီးတော့ သူ့ဘေးကခုံမှာ ချလိုက်တယ်။ လှောင်အိမ်တံခါး ပေါက်ကို ညင်ညင်သာသာ ပွတ်သပ်ရင်း ပြောလေရဲ့။

"ဟယ်လို... တွေ့ရတာ ဝမ်းသာတယ်နော်" ယုကီ့အသံက သိမ်မွေ့ချိုသာ နေရဲ့။

ခုချိန်မှာတော့ ကြောင်ကလေးဟာ နှာချေတာ ရပ်တန့်သွားခဲ့ပြီ။

"ကျွန်မ သူ့ကို တွေ့ချင်ပေမဲ့ ဘယ်လိုကြိုးမှန်းမသိ... စိုးရိမ်နေသလိုပဲ"

"ကြောင်မကလေးက ချစ်စရာ ကောင်းပါတယ်"

"ခါလီကိုကြောင် မဟုတ်လား"

"အင်း... တစ်နှစ်ပဲ ရှိသေးတာ"

"ကြောင်မကလေးလား" လို့ သူ မေးပြီးမှ အားတုံ့အားနာ ဖြစ်ဟန်နဲ့ ထပ်ပြောတယ်။ "ရှင် ကြောင်ထီး မလိုချင်လို့လား"

"ကိစ္စမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် ခါလီကိုတွေက အမတွေပဲ"

"ဘယ်လို... တကယ်လားဟင်"

"အင်း... သိရသလောက် အထီးခရိုမိုဆုမ်းတွေနဲ့ဆို နီဝါရောင်နဲ့ အနက် ရောင် အမွေးအတွက် မျိုးရိုးဗီဇရဖို့ မဖြစ်နိုင်ဘူးလေ။ တစ်ခါတလေတော့ မျိုးရိုးဗီဇ ဆိုင်ရာ ပုံမှန်မဟုတ်တာကြောင့် အထီးကလေး မွေးလာလိမ့်မယ်။ ဒါပေမဲ့ အလား အလားကတော့ တစ်ထောင်မှာ တစ်ကောင်လောက်ပဲ။ အင်း...မွေးလာတဲ့ အထီး တွေကလည်း လုံးဝ ယောကျ်ားဆန်တာမျိုး မဟုတ်ဘူးပေါ့"

"ဘာကို ဆိုလိုတာလဲဟင်"

"မျိုးမပွားနိုင်ဘူးလေ"

နိုရီအို သားအမိနှစ်ယောက် ဖြတ်သွားရာ ပြတင်းပေါက်အပြင်ဘက်ကို ဖျတ်ခနဲ ကြည့်လိုက်တယ်။

"မင်းဘဝရဲ့ တစ်စုံတစ်ယောက်လိုမျိုးပေါ့လေ"

နိုရီအို ပေါ့ပေါ့တန်တန် ပြောလိုက်ပေမဲ့ သူ့အသံ တုန်ခါသွားတာ ခံစား မိတယ်။ ယုကီကတော့ ဘာမှ ပြန်မဖြေ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ကြောင်ကလေးကို ညည့်ခန်းနဲ့ကပ်လျက် ဂျပန်စတိုင်အခန်းငယ်လေးမှာ အိပ်စေမယ်လို့ သူတို့ ဆုံးဖြတ်လိုက်ကြတယ်။ နေရောင် ဖောခြင်းသောခြင်းရပြီး ပရိဘောဂမရှိတဲ့ အခန်းမို့ နေရာအလုံအလောက် ရတယ်။ ဒါပေမဲ့ တာတာမိဖျာတွေ၊ လျှောတံခါးဖြစ်ဖြစ်၊ စက္ကူခန်းဆီးဖြစ်ဖြစ် ကြောင်ကုတ်ခြစ်လိုက်ရင်တော့…။

"ကိုယ်တို့ စီမံနိုင်လောက်မှာပါ"

"အင်း…"

အဆင်ပြေပါတယ်လေ။ ကြောင်ကလေးဟာ တာတာမိဖျာရဲ့ သိသာလှတဲ့ မြက်အနံ့ကို ခံနိုင်ပါ့မလားဆိုတာ သူတို့ ပိုပြီး စိုးရိမ်နေတယ်။

"သူ တာတာမိအခန်း မကြိုက်ရင် ကျွန်မအခန်းမှာ အိပ်လို့ရတယ် မဟုတ်လား" လို့ ယုကီ မေးတယ်။

"ကိုယ့်အခန်းကို သူ နှစ်သက်မယ်ထင်ပါရဲ့"လို့ နိုရီအို ပြန်ပြောတယ်။

"မင်းအခန်းက အလှကုန်အနံ့တွေ မွှန်ထူနေရော"

"အင်း…" ယုကီ နှုတ်ခမ်းစူပြီး ဆက်ပြောတယ်။ "အနံ့အကြောင်း ပြောကြကြေးဆို ရှင့်အခန်းလည်း စီးကရက်နံ့တွေ ထွက်နေတာ သေချာတယ်"

"ဟုတ်တယ်။ ဒါပေမဲ့ ကိုယ် လေသန့်စပရေးတစ်ဘူး ဝယ်ထားသေးတယ်"

"လိမ်နေတာပဲ။ ဒါဆို ကျွန်မအခန်းကိုလည်း ဖြန်းရတော့မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

နိုရီအို ခေါင်းညိတ်ပြီး ညင်ညင်သာသာ ပြုံးလိုက်တယ်။ သူတို့နှစ်ယောက်ရဲ့ အခန်းတစ်ခန်းခန်းမှာ ကြောင်ကလေးအိပ်ဖြစ်ရင်တော့ ယုကိုအခန်းဖြစ်မှာ သေချာပေါက်ပဲပေါ့။ နိုရီအိုက သူ့ဇနီးကို နည်းနည်း စ,နောက်ချင်လိုက်ရုံသက်သက်။

"အင်း ... သုံးရက်တာပဲနော်" လို့ နိုရီအို ပြောရင်း သူ့အမူအရာကို တည်ငြိမ်အောင် တမင်တကာ ထိန်းထားရင်း အသံကလည်း စိတ်မပါလက်မပါ။ ပေါ့ပေါ့ပါးပါး နေပါလို့ သူ့ကို ယုကီ ပြောမလားဆိုပြီး နိုရီအို မျှော်လင့်နေတာ။ ဒါပေမဲ့ ယုကီကလဲ ဟန်ဆောင်ပန်ဆောင်နဲ့ ကလေးဆန်ဆန် စိတ်လှုပ်ရှားမှုမျိုး အမြင့်ဆုံးလုပ်မယ်လို့ ဆုံးဖြတ်ပြီးသား။

"ကြောင်ကလေးကို ကျွန်မ ချက်ချင်း တန်းဖက်လို့ရမယ်လို့ ရှင် ထင်လားဟင်"

"အင်း...ထင်တာပဲ။ သိရသလောက် သူက လူတွေနဲ့ တရင်းတနှီး နေတတ်ပါတယ်"

"ကြောင် ကစားစရာ ဝယ်ထားသေးတယ်။ သူ ကစားလောက်မယ် ထင်လားဟင်"

"အို့... သေချာတာပေါ့။ သူက ကြောင်ပဲလေ"

"ကျွန်မနဲ့ကော အတူ အိပ်ပါ့မလား"

ဒါကတော့ လုံးဝ မဖြစ်နိုင်တာ ဝမ်းနည်းစရာပဲ။ ဝက်ဘ်ဆိုက်ပေါ်မှာတင် ရှင်းရှင်းလင်းလင်း ပြောထားတာပဲ။ ကြောင်တွေကို သူတို့ရဲ့စောင်နဲ့ သီးသန့် ခွဲထားတာကို အတင်းအကျပ် တားမြစ်ထားတယ်လေ။

နိုရီအို ရှင်းပြလိုက်တဲ့အခါ ယုကီ နည်းနည်း စိတ်ပျက်သွားပုံပဲ။ ဒါပေမဲ့ မကြာခင်ပဲ သူ့ဟာသူ သဘောပေါက်သွားပါတယ်။

"ဒီလိုဆိုရင်တော့ ကျွန်မပါ တာတာမီအခန်းမှာ အိပ်ရတော့မယ်။ အနည်းဆုံးတော့ ကြောင်ကလေးဘေးမှာ အိပ်ခွင့်ရမယ် မဟုတ်လား" လို့ ယုကီ မေးတော့ သူ့အသံက တက်တက်ကြွကြွနဲ့။ ပါးနှစ်ဖက်ရဲနေပြီး မျက်လုံးတွေကလည်း စိတ်လှုပ်ရှားမှုကြောင့် တဖိတ်ဖိတ်တောက်နေရဲ့။

"အို့ ရတာပေါ့" လို့ နိုရီအို တုံးတိတိ ဖြေလိုက်တယ်။ "ကိုယ် ဆိုလိုတာကလေ မင်းလိုလားတာ ဘာမဆိုလုပ်ပါကွာ"။ သူ ယုကီဆီကနေ လှည့်ထွက်လိုက်ပုံက စကားစမြည်ပြောတာ လုံလောက်သွားသလိုလို။ ယုကီရဲ့စိတ်အားထက်သန်မှုကို သူ့ဆီ မကူးစက်အောင် နိုရီအို ကြိုးစားနေတာ။

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင်ကလေး ရောက်လာလို့ နိုရီအို ပျော်တာ မဟုတ်ဘူး။ ယုကီ သိပ်ပျော်မြူးနေတာကို တွေ့ရလို့။ ပူပင်ကြောင့်ကြမဲ့တဲ့ ယုကီ့မျက်နှာမှာ ဒီလိုအပြုံးမျိုးကို နိုရီအို ဘယ်တုန်းကများ နောက်ဆုံး တွေ့ခဲ့ရပါလိမ့်။

နောက်တစ်နေ့မနက် ယုကီက ကြောင်ကလေးနဲ့ တာတာမိအခန်းထဲမှာ ကစားနေရင်း ယုကီ့မျက်နှာပေါ် မှာ အဲဒီအပြုံးပဲ။

ခုချိန်မှာတော့ ယုကီက 'ကြောင်ကလေး' လို့ မခေါ်တော့ဘဲ နာမည် ပေးလိုက်ပြီးပြီ။

"ကျွန်မ သူ့ကို နာမည်ပေးလိုက်လို့ ရှင် စိတ်မဆိုးဘူး မဟုတ်လား"လို့ ယုကီက သံသယဝင်သလိုနဲ့ ဦးဆုံး မေးသေးတယ်။

ပြီးတော့ ယုကီ ကြောင်ကလေးကို လျှောင်အိမ်ထဲကနေ ထုတ်လိုက်တဲ့ အခိုက်မှာ ချိတုံချတုံဖြစ်တာမျိုးမရှိဘဲ အံ့အားတသင့်နဲ့ ခေါ်လိုက်တယ်။ "ဟယ်လို... အန်နီ"

❑

Green Gables ဝတ္ထုထဲက အန်နီလို့ နိုရီအို ယူဆလိုက်တယ်။ ဒါပေမဲ့ ယုကီ့တွေးခေါ် မြော်မြင်မှုဟာ အနည်းငယ် ကွာခြားပုံရတယ်။

"ဒီနာမည်ကလေ ကျွန်မကို လွမ်းမိုးပုံပဲ။ ဒါပေမဲ့ အမှန်တော့ အန်ဂျူး အတိုကောက်ပါ" လို့ ယုကီ ပြောရင်း ကြောင်ကလေးကို ချီမပြီး သူ့ပေါင်ပေါ်တင် ပွတ်သပ်နေရဲ့။

"အန်ဂျူးဆိုတော့ Anju and Zushio ထဲကလား"

"မဟုတ်ပါဘူး" လို့ ယုကီ ရယ်လေရဲ့။ "အလွမ်းဇာတ်ထဲက အမျိုးသမီး လူစွမ်းကောင်းနာမည် ဘာလို့ ပေးရမှာလဲရှင်"

ကောင်းလိုက်တဲ့ အချက်ပဲ။

အန်ဂျူးဆိုတာ 'တရုတ်ဆီးသီး'နဲ့ 'သစ်ပင်' တို့အတွက် ပေါင်းစပ်တဲ့ အက္ခရာတွေနဲ့ ရေးထားတာလို့ ယုကီ ရှင်းပြတယ်။

"မိသားစုနာမည်ပါ ထည့်ရေးလိုက်ရင် စုတ်ချက်စုစုပေါင်း ၃၃ ချက်လေ။ မိန်းကလေးနာမည်အတွက် အတိတ်နိမိတ်အကောင်းဆုံး နံပါတ်ပေါ့။ ကျွန်မတို့ မိသားစုမျိုးရိုးနာမည်မှာ စုတ်ချက် သိပ်နည်းတော့ ၃၃ ချက် ပြည့်ဖို့ ထပ်ပေါင်း ထည့်လိုက်ရတာ ခက်ခဲတယ်"

အန်ဂျူးအီရှိဒါ။

mgyoe.com

mgyoe.com SAMPLE BOOK

နိုရီအိုက အက္ခရာတွေကို လေထဲမှာ သူ့လက်ချောင်းနဲ့ ရေးဆွဲကြည့်ရင်း စုတ်ချက်တစ်ချက်ချင်းစီကို ရေတွက်တယ်။ ၃၃ ချက်ဆိုတာ သေချာတာပေါ့။

"ကျွန်မနာမည်လို အက္ခရာသုံးလုံးပဲ ပေးလိုက်ရင် ပိုလွယ်ကူမယ်နော်"။ ယုကိုလို နာမည်က အက္ခရာသုံးလုံး သီးသန့်ပေါင်းရပြီး စုတ်ချက်တွေ ပိုများလောက်မဲ့သဘော သက်ရောက်တယ်။ "ဒါပေမဲ့ အဲဒီလိုဆိုရင် ရှင့်နာမည် နှစ်လုံးတည်းမို့ သိပ်နည်းတော့ ချိန်ရစ်ခံထားရသလို ခံစားရမယ် မဟုတ်လား"။ ယုကီ ကြောင်ဘက် လှည့်သွားပြီး တခစ်ခစ် ရယ်လေရဲ့။ "ဟုတ်တယ် မဟုတ်လား"

တာတာမီအခန်းရဲ့ လျှောတံခါး ဖွင့်ထားတာမို့ နေ့လယ်ခင်း နေရောင် ဖျော့ဖျော့လေး ထိုးနေရဲ့။ ပယင်းရောင်သန်းနေတဲ့ အခန်းထဲမှာ ယုကီ ထိုင်နေရင်း ကြောင်ကလေးကို ပွေ့ဖက်ထားတာလေ။ အန်နီ့ကို ပွေ့ဖက်ထားတာပေါ့လေ။

"သူ တကယ် လိမ္မာတယ် မဟုတ်လား" လို့ ယုကီ ပြောတယ်။

"အင်း..."

"သူ ဒီမှာ အမြဲတမ်း နေခဲ့သလိုပဲလို့ ရှင် မထင်ဘူးလားဟင်"

"ထင်တာပဲ"

"နိုရီ... ဘာဖြစ်လို့လဲ"

ယုကီက နိုရီအိုကို လှည့်ကြည့်သလို သူ့ပေါင်ပေါ်က အန်နီလည်း လှည့်ကြည့်လေရဲ့။ သူတို့ရဲ့ အံ့သြတကြီး မျက်နှာအမူအရာတွေကတောင် တစ်ထပ်တည်း။

"ရှင် စိတ်ဆိုးနေတာလား"

နိုရီအို အဝေးကို ငေးနေပြီး "မဆိုးပါဘူးကွာ" လို့ ပြောတယ်။

"ဒါပေမဲ့ ရှင် မှိုင်တွေနေတယ်"

"ကိုယ် ပြောပြီးပြီလေ။ အဆင်ပြေပါတယ်ကွာ"

"အာ... ကျွန်မ သိပြီ" လို့ ယုကီ ကျီစယ်တယ်။ "အန်နီ့ကို ဖက်ဖို့ ဘယ်တော့များ ရှင့်အလှည့်ရောက်မလဲလို့ သိချင်နေတာ မဟုတ်လား"။ ယုကီက အန်နီ့ကို နောက်ထပ်တစ်ခါ ဖျစ်ညှစ်ပြီး ဆက်ပြောတယ်။ "ဆောရီး... သူက ကျွန်မကြောင်နော်"

"ရှူး" ကြောင်ကလေး နှာချေပြန်ရော။

"ရှူး ရှား ရှူး"

"ဟတ်ချိုး..."။ နောက်ဆုံးတစ်ခါက ယုကိုဆီက။ "အာ... ကျွန်မ နှာ

mgyoe.com

mgyoe.com SAMPLE BOOK

ချေနေပြီ"

နေရောင်ကြောင့် ယုကီ့မျက်နှာ ကြည်လင်နေတာမို့ ဖောက်ထွင်းမြင်ရလု နီးပါး ဖြစ်နေရဲ့။

ယုကီ့မျက်နှာမှာ ခဏတဖြုတ် ပေါ်လာတဲ့အပြုံးကို နိုရီအို တမင်တကာ ရှောင်ကွင်းရင်း နာရီ မော့ကြည့်တယ်။

"ကိုယ် ခဏ အပြင်သွားရလောက်မယ်" လို့ နိုရီအို ပြောတယ်။

"ဘယ်ကိုလဲဟင်"

"အန်နီ့အတွက် အရုပ်တွေ၊ ပစ္စည်းတွေ ဝယ်ပေးမလို့ စဉ်းစားထားတာ။ အိမ်မွေးတိရစ္ဆာန်ဆိုင်မှာ ဘားတန်းစင်အပြင် တခြား ကစားလို့ရတာတွေ ရှိတယ်။ သူ့အတွက် အဲဒါမျိုးဝယ်ပေးရင် ကောင်းမယ် မထင်ဘူးလား"

"သုံးရက်တာကာလအတွက် နည်းနည်း လွန်ကဲတယ် မဟုတ်ဘူးလား" လို့ ယုကီ ပြောမလားဆိုပြီး နိုရီအို တစ်ပိုင်းတစ်စ ခန့်မှန်းမိပေမဲ့ ယုကီ ဘာမှမပြော။

"ကိုယ်တို့နှစ်ယောက်စလုံး ကြောင်ကို ခေါ်ပြီး သွားကြမလား"လို့ နိုရီအို မေးလိုက်တယ်။

"အင်း..." ယုကီ မျက်မှောင်ကြုတ်ပြီး စကားဆက်မပြော။ "မသွားတော့ ဘူး။ ကျွန်မ အန်နီနဲ့ အိမ်မှာပဲ နေလိုက်မယ်။ သူ့ကို အပြင်ခေါ်သွားရင် ကျွန်မ သောကရောက်နေသလို ခံစားရတယ်"

"ဘာကို သောကရောက်နေတာလဲ" လို့ နိုရီအို မေးမလားဆိုပြီး ယုကီ မျှော်လင့်မိပေမဲ့ နိုရီအို မမေးဖြစ်။

"အမေအသစ်ကလေးဟာ သူ့ကလေးကို ပထမဆုံးအကြိမ် ပန်းခြံခေါ် သွား တဲ့အခါ ခံစားရသလိုမျိုးဖြစ်မယ် ထင်ပါရဲ့" လို့ ယုကီ ပြောတယ်။

နိုရီအို ခေါင်းဆတ်ခနဲထောင်ပြီး စိတ်မချမ်းမြေ့သလို ပြုံးလိုက်ပေမဲ့ ဘာ မှတော့ မပြော။ တာတာမီအခန်းထဲကနေ ထွက်သွားပြီး သူ့ပစ္စည်းတွေကို သွက် သွက်လက်လက် စုဆောင်းလိုက်တော့တယ်။

"ကိုယ် မကြာဘူးနော်" လို့ သူ လျှောက်လမ်းကနေ လှမ်းအော်ပြော လိုက်တယ်။

"ခဏနေ တွေ့မယ်နော်" လို့ ယုကီ ပေါ့ပေါ့တန်တန် ပြန်ဖြေလိုက်တယ်။ အန်နီ့ အနေနဲ့ကတော့ အသနားခံတဲ့ နွမ်းလျလျ ညောင်အသံလေး ပေးတယ်။

"ဝိုး - လိမ်မာတဲ့ ကြောင်ကလေးပဲ" ဆိုတဲ့ ယုကီရဲ့ အံ့သြတကြီးအသံကို

mgyoe.com

နိုရီအို ကြားလိုက်တယ်။ သူ့မျက်နှာ ဘယ်လိုမဲ့ရွဲ့နေမလဲ နိုရီအို သိချင်မိပါရဲ့။ ဒါပေမဲ့ ပြေးနေတဲ့ လူတစ်ယောက်လို နောက်လှည့်မကြည့်ဘဲ ထွက်သွားတယ်။ ရပ်ကွက်နားက ကုန်မာဆိုင်ကို ကားမောင်းလာရင်း နိုရီအို စီးကရက် တစ်လိပ်ပြီး တစ်လိပ် သောက်တယ်။ စီးကရက်အရသာကို အာသီသပြင်းပြနေလို့ မဟုတ်ဘဲ သူ့နှုတ်ခမ်းကြားမှာ ညှပ်ထားတဲ့ ဆေးလိပ်အစီခံရဲ့ အရသာကို ခံစားချင်လို့။

အဆင်ပြေသွားမှာပါလို့ သူ တွေးမိတယ်။ အစိုးရိမ်လွန်နေတာပဲဆိုပြီး သူ့ကိုယ်သူ အပြစ်ဖို့မိတယ်။

စိုးရိမ်ပူပန်စရာ ဘာမှ မရှိပါဘူး။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က သူတို့ မျှော်လင့်ခဲ့တဲ့ ကြောင်ကလေးဟာ နောက်ဆုံးတော့ အိမ်ကို ရောက်လာပြီပဲ။ ယုကီ ပျော်မြူးနေတယ်လေ။ သူ ပျော်နေတာကို နိုရီအို ဘယ်တုန်းကများ နောက်ဆုံး တွေ့ခဲ့မိလဲလို့ အလေးအနက် စဉ်းစားလိုက်တယ်။

"ငါ့အတွက်ကတော့ ... အင်း ... ငါ ဒီနေ့ ပျော်ပါတယ်လေ။ တကယ် ပျော်တယ်"

သူတို့ ပိတ်ရက်တွေဟာ ပုံမှန်ဆို ဆိတ်ငြိမ်နေရောပဲ။ ဘယ်သူကမှ စကားနည်းလို့ရယ် မဟုတ်ဘူး။ ဒါပေမဲ့ မနက်ကနေ ညထိ ပြေးလွှားဆော့ကစား နေတတ်တဲ့ ကလေးတွေရှိနေကျ အိမ်တွေနဲ့ နှိုင်းယှဉ်ရင်တော့ သူတို့တိုက်ခန်း အခြေအနေဟာ ငြိမ်သက်နေရဲ့။ လူနေအိမ်လို့တောင် မထင်ရဘူးပေါ့လေ။ ပစ္စည်း ပို့သူဟာ 'အထမမြောက်သော ပို့ဆောင်မှု' လို့ မှတ်စုရေးပြီး သူတို့စာတိုက်ပုံးထဲ ထည့်ဖြစ်တာ အကြိမ်ကြိမ်အခါခါ။ တံခါးဘဲလ်တီးရင် သူတို့ထဖွင့်ဖို့ ပုံမှန်ထက် အနည်းငယ် ကြာတတ်လို့လေ။

❑

နိုရီအိုတို့အိမ်မှာ အိပ်ခန်းသုံးခန်းအပြင် ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖို ချောင်ပါ ရှိတယ်။ သူတို့နှစ်ယောက်တည်းမို့ အိမ်ကကြီးနေတာ အသေအချာပဲ။ သိပ်ကြီးလွန်း ကျယ်လွန်းနေတာပေါ့လေ။ နှစ်ယောက်စလုံးဟာ သီးသန့် ကိုယ်စီ အိပ်ခန်းတွေမှာ အထိုင်ကျသွားတဲ့အခါ တိုက်ခန်းအကျယ်အဝန်း စတုရန်းမီတာ ၇၀ ရဲ့ တစ်ဝက်ကျော်ကျော်လောက်ဟာ အချည်းနှီး။ ခြောက်ကပ်တိတ်ဆိတ်နေ ရောပဲ။ ကလေးတွေလဲ မရှိ။ တိတိကျကျ ပြောရရင် ကလေးမရနိုင်တာ။

ကလေးမရတာဟာ နိုရီအို့ပြဿနာ။ လိင်ကိစ္စက အဆင်ပြေချောမွေ့ခဲ့ ပေမဲ့ သူ့သုက်ပိုးက သိပ်ကိုအားနည်းပြီး အရေအတွက်က အလွန်အမင်း နည်းပါး

mgyoe.com SAMPLE BOOK


နေတယ်။

ကိုယ်ဝန်မရနိုင်တဲ့ ပြဿနာကို သူတို့အသက် ၃၀ စွန်းစွန်းမှာ သိခဲ့ရတယ်။ မြို့နေတဲ့ ပြဿနာကို ကုသမှုခံယူဖို့ ဆေးရုံသွားခဲ့တဲ့ ပထမဆုံးနေ့မှာပေါ့လေ။ သန္ဓေတည်နိုင်တဲ့ အလားအလာဟာ လုံးဝမရှိတာ မဟုတ်ပေမဲ့လဲ မရှိသလောက်ကို ဖြစ်နေပြီလို့ သိခဲ့ရတယ်။

အဲဒါဟာ သူတို့ကို အလွန်အမင်း စိတ်မထိခိုက်စေဘူးလို့တော့ ပြော မရဘူး။

တစ်ချိန်တည်းမှာပဲ ဒီသတင်းကြောင့် ဘယ်လောက် စိတ်ဓာတ်ကျနေ ကျနေ သူတို့ လုပ်နိုင်တာ ဘာမှမရှိ။ ပြောင်းလဲနိုင်တာဆိုလို့ ဒီအကြောင်းနဲ့ ပတ် သက်ပြီး ဘယ်လို ခံစားရလဲ ဆိုတာကိုပဲ။

"ငါတို့ရဲ့ ဖြစ်တည်မှုအတိုင်း ငါတို့ အဆင်ပြေလောက်ပါတယ်လေ" လို့ အသက် ၃၀ ကျော် ကာလတစ်လျှောက်မှာတော့ သူတို့ကိုယ်သူတို့ ပြောဖြစ်ကြ တယ်။ သူများအထင်ကြီးအောင် ဖြီးဖြန်းတာမျိုး မလုပ်ဘူး။

ဒါပေမဲ့ ခုချိန်မှာ အသက်လေးဆယ်ကျော်ထဲ ဝင်လာတော့ သူတို့ ဘဝ တွေရဲ့ ဆိတ်ငြိမ်အေးချမ်းမှုဟာ ဝမ်းနည်းမှုအဖြစ် တဖြည်းဖြည်း ပြောင်းလဲလာ သလို ခံစားရတယ်။ သူတို့ဧည့်ခန်းနဲ့ သဟဇာတဖြစ်တဲ့ အရောင်အသွေးဟာ ထူးထူးဆန်းဆန်း တိတ်ဆိတ်ခြောက်ကပ်နေသလို ခံစားရစပြုလာတယ်။

လွန်ခဲ့တဲ့ လအနည်းငယ်တုန်းက ယုကီဟာ သူငယ်ချင်းတစ်ယောက်ဆီ က နှစ်သစ်ဆုမွန်တောင်းကတ်ပြားကို ဖတ်ရင်း ရုတ်တရက် မျက်ရည် ပိုးပိုးပေါက် ပေါက် ကျလာတယ်။

အဆိုပါ သူငယ်ချင်းက ကတ်ပြားတွေနဲ့အတူ သူတို့မိသားစုဓာတ်ပုံပါ အမြဲလိုလို ထည့်ပေးနေကျ။ ပုံမှန်ပြောနေကျ ပုံနှိပ် နှုတ်ဆက်စကားအောက်မှာ စာတွေ လက်ရေးနဲ့ ရေးထားသေးတယ်။

"ငါတို့သားအကြီးဆုံးက ဒီဧပြီမှာ အလယ်တန်း စတက်တော့မယ်။ ငရှုပ် သေးသေးကလေးက ဒီလောက် မြန်မြန်ကြီးပြင်းလာတာ ယုံတောင်မယုံနိုင်ဘူး"

သူငယ်ချင်းဆီက လက်ရှိအခြေအနေကို သိလိုက်ရတာဆိုပေမဲ့ တစ်စုံ တစ်ရာဟာ ယုကီကို လုံးဝ သတိလက်လွတ် ဖြစ်သွားစေရဲ့။ သူ့နှလုံးသားရဲ့ အနူး ညံ့ဆုံးအပိုင်းကို ဓားနဲ့ မွှမ်းလိုက်သလို။

"အဲဒီလို ခံစားချက်က ဘယ်လိုမျိုးလဲ ကျွန်မ သိချင်ပါရဲ့" လို့ ယုကီ

မျက်လုံးတွေ နီရဲရင်း ပြောခဲ့တယ်။ "ကိုယ့်သားသမီးကို ကြည့်ပြီး သူတို့ တကယ် ကြီးပြင်းလာပြီပဲလို့ တွေးရတဲ့ ခံစားချက်လေ"။ အဲဒီနောက် ယုကီ မျက်ရည်တွေ ကျလာတော့တာပဲ။ "သူတို့အတွက် ကမ္ဘာကြီးလို့ အဓိပ္ပာယ်သက်ရောက်မှာ သေချာပါရဲ့"

ဝမ်းနည်းမှု ရောက်လာပြီးရင် ဘယ်တော့မှ ထွက်ခွာမသွားတော့ဘူး။ ဒါပေမဲ့ သူတို့လင်မယားကို ရစ်ပတ်လွှမ်းခြုံသွားတဲ့ လက်ရှိအခြေအနေကြောင့် ဝမ်းနည်းတာမျိုး မဟုတ်ဘူး။ ရှေ့ဆက်ပြီး အနာဂတ်ထိ အကန့်အသတ်မရှိ ဖြတ်ကျော်သွားရမဲ့ သူတို့ရဲ့ ဆိတ်ငြိမ်တဲ့ ဘဝကို နားလည်သွားတာကြောင့်ပဲ။

"အာ... ကလေးတွေက စိတ်အနှောင့်အယှက် ဖြစ်စရာတွေပါ"လို့ နိုရီအို့ သူငယ်ချင်းတစ်ယောက် ပြောဖူးတယ်။ "ရှုပ်ပွနေအောင် လုပ်တဲ့အပြင် ဆူညံပွက် လောရိုက်နေရောပဲ"

နောက်သူငယ်ချင်းတစ်ယောက်က "ကျွေးမွေးဖို့ ပါးစပ်ပေါက် နည်းလေ ကောင်းလေပဲ"လို့ ပြောတယ်။

ပြီးတော့ တခြားတစ်ယောက်က "ကလေးတွေဟာ လူကြီးတစ်ပိုင်းလို့ ဆိုနိုင်တယ်။ သူတို့တွေဟာ စိတ်ပျက်စရာလေးတွေ။ သူတို့အတွက် ဘာမဆိုလုပ်ဖို့ မင်းတော့ မျှော်လင့်ထားရမယ်"

တစ်ဖက်မှာလဲ ယုကီ့သူငယ်ချင်းတစ်ယောက်က "စုံတွဲအနေနဲ့ လက်တွဲ ဖော်ကို ရွေးချယ်လို့ရပေမဲ့ ကလေးတွေကိုတော့ ရွေးမရဘူးလေ" လို့ ပြောတယ်။ နောက်တစ်ယောက်ကတော့ "ကလေးတွေ ပျိုးထောင်ဖို့ အလုပ်ထွက်ရတာ မတန်ပါ ဘူးကွာ"တဲ့လေ။

ဒီလိုမှတ်ချက်တွေကို နိုရီအိုတို့မောင်နှံ ကြားကြားချင်းတုန်းက မျက်မြင် အတိုင်း အဟုတ်အမှန် ပြောတယ်လို့ပဲ သူတို့ယုံကြည်လိုက်ကြတာ။ ဒါပေမဲ့ ခုတော့ မတူတဲ့ အခြေအနေ။ ဖဲကစားသလို ကတ်လှန်လိုက်မှ အစစ်အမှန်အနေအထားက ဘွင်းဘွင်းရှင်းရှင်း ပေါ်လာတာမျိုး။ ကလေးတွေအကြောင်း သူတို့သူငယ်ချင်းတွေရဲ့ ညည်းညူပြောဆိုမှုတွေဟာ နိုရီအိုနဲ့ ယုကီတို့မှာ ကလေးမရှိလို့ နှစ်သိမ့်အားပေးဖို့ ကြိုးစားတဲ့ပုံစံ။

သူတို့ ဇနီးမောင်နှံ အတွေးလွန်တာလဲ ဖြစ်နိုင်ပါတယ်လေ။ "ထားလိုက် စမ်းပါ။ အဲဒီလို မမှတ်ယူနဲ့" လို့ အချင်းချင်း ပြောဖြစ်ကြတယ်။

ပြီးခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်အတွင်း သူတို့နှစ်ယောက်စလုံး သူငယ်ချင်းမိတ်

myoe.com

mgyoe.com  SAMPLE BOOK 

ဆွေတွေကို အိမ်လည် ဖိတ်ခေါ်တာ ရပ်လိုက်ကြတယ်။ သူငယ်ချင်းတွေဆီလည်း သွားမလည်ဖြစ်ကြတော့ဘူး။

သူတို့တတွေ လူမှုရေးမသိတတ်တဲ့ လူတွေ ဖြစ်လာကြပြီး တိတ်ဆိတ်ဝမ်းနည်းစရာကောင်းတဲ့ ပိတ်ရက်တွေဟာ အရင်ကထက် ပိုမို ဆိတ်ငြိမ် စိတ်မကောင်းစရာ ဖြစ်လာတော့တယ်။

❑

လွန်ခဲ့တဲ့တစ်လက "ကိုယ့်တို့ အိမ်မွေးတိရစ္ဆာန် မွေးကြမလား"လို့ နိုရီအိုကပဲ အကြံပြုလိုက်တာ။

"အင်း... မွေးမယ်လေ"လို့ ယုကီလဲ ချက်ချင်း ပြန်ဖြေတယ်။ "ကျွန်မကြောင်မွေးချင်တာ"

သူတို့တိုက်ခန်းမှာ အိမ်မွေးတိရစ္ဆာန် မွေးခွင့်မရှိဘူး။ ကြောင် တကယ်မွေးချင်ရင်တော့ အိမ်ပြောင်းမှ ဖြစ်မယ်။ လက်ရှိနေရာကို ၁၉၈၀ ကျော်တုန်းက ဝယ်ထားတာ။ နိုရီအို ကလေးမရနိုင်တာ မသိခင်အချိန် ငွေကြေးဖောင်းပွတဲ့ ကာလတုန်းကပေါ့။ သတ္တိရှိရှိ ဝယ်လိုက်တာမျိုး။ တစ်နေ့တော့ မိသားစု သုံးလေးယောက် အတူနေဖြစ်မယ်ဆိုတဲ့ ထင်မြင်ယူဆချက်နဲ့ပေါ့လေ။

ခုတလော အသစ်စက်စက်မဟုတ်တဲ့ တိုက်ခန်းဈေးကွက်ဟာ လှုပ်ယမ်းနေတယ်လို့ ဆိုရမယ်။ သူတို့ ဝယ်သူ ထပ်ရှာနိုင်ပါ့မလားဆိုတာ မသေချာဘူး။ အရောင်းအဝယ် ဖြစ်သွားရင်တောင် အိမ်ရောင်းချငွေဟာ သူတို့ရဲ့ ချေးငွေပမာဏကို မကာမိနိုင်လောက်ဘူး။

ဒါပေမဲ့ ယုကီ စိတ်ကူးရသွားတယ်။ "စလုပ်လိုက်ကြတာပေါ့။ ကျွန်မတို့ ငွေကြေးကို တစ်နည်းမဟုတ် တစ်နည်းနဲ့ စီမံနိုင်မှာပါ" လို့ ပြောခဲ့တယ်။ အဲဒီအချိန်မှာ သူ အလောတဆယ် ဆုံးဖြတ်လိုက်ပုံပဲ။ အိမ်ခြံမြေအကျိုးဆောင်နဲ့ အိမ်မွေးတိရစ္ဆာန်ဆိုင်တို့ကို ကူးချည်သန်းချည် လုပ်စပြုလေရဲ့။

သူ့ကို ချော့မော့ဖို့ ကြိုးစားတဲ့အနေနဲ့ နိုရီအိုဟာ ကြောင်တစ်ကောင်နဲ့ ရက်အနည်းငယ်လောက် အချိန်ကုန်လွန်ကြည့်ကြဖို့ အကြံပြုတယ်။ ပြီးမှ ဘာဆက်လုပ်မလဲ ဆုံးဖြတ်မယ်ပေါ့လေ။

ခုတော့ အန်နီ သူတို့အိမ်ရောက်လာပြီး အချိန်အတော်ကြီးကြာမှ ပထမဆုံးအနေနဲ့ ယုကီဟာ ပူပင်ကြောင့်ကြမဲ့ စိတ်လွတ်လက်လွတ် ရယ်မောနေရဲ့။

ဒါဟာ ကောင်းတဲ့ကိစ္စ မဟုတ်ဘူးလား။

mgyoe.com

"ကြောင်ကလေးအတွက် လိုတာတွေ ဝယ်မယ်။ ပြီးမှ အိမ်ခြံမြေအကျိုးဆောင်ဆီဝင်ပြီး တိုက်ခန်းအတွက် ခန့်မှန်းခြေ ဘယ်လောက်ပေးနိုင်မလဲ ကြည့်မယ်" လို့ နိုရီအို တွေးလိုက်တယ်။

❑

ကုန်မာဆိုင် ရောက်တော့ နိုရီအို ချီတုံချတုံ ဖြစ်နေရဲ့။ အမှန်ပြောရရင် နည်းနည်း အံ့အားတသင့်ဖြစ်ရင်း ထိတ်လန့်နေတာ။

သူ့ရှေ့မှာ ကြောင်ကလေးတွေ တက်လို့ရတဲ့ တာဝါမျိုးစုံ စီထားတယ်။ တိုင်တစ်တိုင်ဆိုရင် နှစ်မီတာလောက်ရှည်ပြီး ကြောင်လက်သည်းတွေနဲ့ ကုတ်လို့ရအောင် လျှော်ကြိုးကို တိုင်ရဲ့ပတ်ပတ်လည်မှာ ပတ်ထားတယ်။ ငှက်သိုက်လိုမျိုး အခန်းငယ်လေးကိုလဲ တိုင်မှာ တွဲချည်ထားသေးရဲ့။ ခြေနင်းခုံနဲ့ လှေကားထစ်မျိုးစုံလဲ ပါသေးတယ်။ အန်နီ့နေထိုင်ချိန် ပြီးသွားရင် ဒါတွေဟာ အသုံးမဝင်လောက်တော့ဘူးလို့ နိုရီအို တွေးမိတယ်။ ဒါပေမဲ့လဲ သူတို့ တခြားတိုက်ခန်း ပြောင်းပြီး ကြောင် မွေးဖြစ်ရင် ဒီလို ပန်းရောင်၊ အပြာရောင်တွေ အားလုံးဟာ အရောင်တောက်နေလောက်မယ်။

သူတို့အိမ်မှာတော့ ဒီလိုမျိုး အရောင်တောက်တောက်ပစ္စည်းဟာ ရောင်ရမ်းနေတဲ့ လက်မလိုမျိုး ထင်ရှားပေါ်လွင်နေတော့မှာပဲ။

သူ့မျက်နှာမှာ အံ့သြတကြီးပုံစံ အထင်းသား ပေါ်နေရင်း အရောင်ပိုပြီး ဖျော့တော့တဲ့ တာဝါရှိလားလို့ အနားက အရောင်းစာရေးကို မေးလိုက်တယ်။

"မရှိပါဘူး"လို့ အရောင်းစာရေးက အားတုံ့အားနာ နည်းနည်းလေးတောင် မဖြစ်ဘဲ ပြန်ဖြေတယ်။

"တကယ်လား။ ဒီလို ကလေးဆန်တာမျိုးတွေပဲ ရှိတာလား"

"ကြောင်တွေက အရောင်လှလှလေးတွေ သိပ်ကြိုက်တာ" လို့ သူက မှင်သေသေ ဆက်ပြောတယ်။

နိုရီအို မှိုင်တွေ ငေးငိုင်လျက် သူ့ဆီကနေ လှည့်ထွက်လာပြီးနောက် ကြောင်တာဝါတွေကို တစ်ခေါက် ထပ်ကြည့်ပြန်တယ်။

ဆေးသုတ်ထားတဲ့ကြားကနေ မြင်ရတဲ့ သစ်သားတစ်စိတစ်၊ လုံးဝန်းတဲ့ အနားစွန်းတွေ၊ အရောင်တောက်တောက်တွေ...။ သူ တဖြည်းဖြည်း သဘောပေါက်သွားတယ်။ တခြားအရာတွေထက် စိတ်ထဲဝင်လာတာက လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက သူ သွားလည်နေကျ သူငယ်ချင်းတစ်ယောက်အိမ်မှာ တွေ့ခဲ့ရတဲ့ ကလေး

mgyoe.com

ကစားစရာတွေ။

သူ့သူငယ်ချင်းက ရှေးဟောင်းဓာတ်ပြားတွေ၊ ရော့ခ်သီချင်းတွေ စုစည်းရတာ ကြိုက်တော့ အမြဲ ဂုဏ်ယူဝင့်ကြွားခဲ့ပေမဲ့ အဲဒါတွေ သိမ်းဆည်းနေကျစင်တွေကို သူ့သားကို ပေးလိုက်တယ်။ သူ့သားရဲ့ စက်ရုပ်တွေ ထားဖို့ပေါ့လေ။ Super Metal လိုလို ဘာလိုလို ခေါ်တယ်ဆိုလားပဲ။ "ကလေးတွေနဲ့ ပတ်သက်လာရင် ဒီလိုပဲ" လို့ သူငယ်ချင်းက ညည်းညူခဲ့တယ်။ "မင်းဘဝတစ်ခုလုံးကို လုံးဝ အုပ်စိုးသွားတော့တာလေ"။ ဒါပေမဲ့ သူ့မျက်နှာပေါ်က အကြည့်ကတော့ မပျော်ရွှင်မှုနဲ့ သိပ်ဝေးလွန်းနေပါတယ်လေ။

ကောင်းပြီလို့ နိုရီအို သူ့ဘာသာ သူ ပြောရင်း စာရေးကို ပြန်ခေါ်တယ်။

"အဲဒီပန်းရောင်လေး...ခြေနင်းခုံတွေနဲ့ သစ်သားအိမ်သေးသေးကလေးပါတဲ့ဟာလေ"လို့ သူ ပြောရင်း လက်ညှိုးထိုးလိုက် ပြုံးလိုက်နဲ့။ "ထုပ်ပိုးပေးစရာ မလိုဘူးနော်။ အိမ်ကို ဒီအတိုင်းပဲ သယ်သွားတော့မယ်"

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

သူတို့ရဲ့ ဒီဂျစ်တယ်ကင်မရာက အချိန်မတိုင်ခင်လေးမှာ မမ်မိုရီ ကုန်သွားတယ်။

ယုကီက အန်နီ့ကို ချီထားရင်း နောက်ထပ်ပို့စ်တစ်မျိုး လုပ်ပြနေတာကို နိုရီအို ကြည့်ရင်း စိတ်မပါတပါ ရယ်မိတယ်။ "ခဏနော်...ဒါတွေကို ကွန်ပျူတာထဲ အရင်ထည့်မှ ဖြစ်မယ် ထင်တယ်"

"မမ်မိုရီ မပြည့်သွားနိုင်ပါဘူး" လို့ ယုကီ ပြောရင်း လန့်နေရဲ့။ "ရိုက်လို့မရတော့တာ သေချာရဲ့လား"

နိုရီအို ခေါင်းခါရင်း အကျယ်ကြီး ရယ်ပြီးနောက် နံရံပေါ်ရှိ နာရီကို ညွှန်ပြတယ်။ "ဗိုး... အချိန်ကို ကြည့်ပါအုံး"

"ဘယ်လိုလုပ် ၈ နာရီ ထိုးသွားတာလဲ"

"အင်း... ကိုယ်တော့ ဗိုက်ဆာနေပြီ။ အန်နီ ကောပဲလေ"လို့ နိုရီအို ပြောရင်း ကြောင်ကလေးရဲ့ ဗိုက်ကို ကျီစယ်ဟန် ပွတ်သပ်နေရဲ့။ "မင်းလည်း ဗိုက်ဆာသလိုလို ဖြစ်နေပြီ မဟုတ်လား"

နိုရီအို့လက်ကို တွန်းပစ်ရင်း ယုကီက အန်နီကို နောက်တစ်ခါ ဖျစ်ညှစ်ပြီး ဖက်တယ်။ "ဆောရီးပါ အန်နီရယ်။ ဗိုက်ဆာနေလားဟင်"

အန်နီက လည်ပင်းကို ဆန့်ထုတ်ပြီး အနည်းငယ် မကျေမချမ်း ဖြစ်နေပုံ။

mgyoe.com

mgyoe.com

ဒါပေမဲ့ ထွက်ပြေးဖို့ မကြိုးစားဘူး။ လွန်ခဲ့တဲ့ တစ်နာရီလုံးလုံး ယုကီ့ပေါင်ပေါ်မှာ နေရင်း ပွေ့ဖက်ခံခဲ့ရပြီး မလှုပ်နိုင်ပေမဲ့ ကြည့်ရတာ လုံးဝ စိတ်အေးလက်အေး ဖြစ်နေပုံ။

နိုရီအို ညနေပိုင်းခပ်စောစောက ပြင်ဆင်ပေးထားတဲ့ ညစာကို နှစ်ယောက်သား စားပြီးနောက် အန်နီ့ကို အစာကျွေးကြတယ်။ "သူ့ကို အိမ်လုပ်အစားအစာ ကျွေးချင်လိုက်တာ"လို့ ယုကီ အထွန့်တက်ပေမဲ့ အိမ်မွေးတိရစ္ဆာန်ဆိုင်ပိုင်ရှင်က ရှင်းရှင်းလင်းလင်း ပြောခဲ့တာပဲလေ။ သူ ပေးတဲ့ အစာကလွဲလို့ ဘာမှ မကျွေးဖို့ တင်းတင်းကျပ်ကျပ် တားမြစ်ထားတာ။ အန်နီ့အစာအတွက် ပမာဏအရကော အရည်အသွေးအရပါ ဘယ်လိုဖြစ်နေနေ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ဒုက္ခပေးနိုင်တာမို့။

နိုရီအိုက သူ့ဘေးနားမှာ ညစာစားနေတဲ့ ဇနီးသည်ရဲ့ မျက်နှာကို ဖျတ်ခနဲ ခိုးကြည့်လိုက်တယ်။ အဲဒီနူးညံ့လှတဲ့ အပြုံးရယ်၊ ကြင်နာသနားတတ်တဲ့ မျက်ဝန်းရယ်။ သူ့နှုတ်ခမ်းဖျားက ထွက်ကျလာတဲ့ စကားလုံးတိုင်းရဲ့ ချိုသာငြိမ့်ညောင်းတဲ့ အသံဩဇာ။ သူတို့ နှစ်ယောက်တည်း အချိန်ကုန်လွန်ခဲ့တဲ့ ပိတ်ရက်တိုင်းမှာ ယုကီ ဒီလို ပျော်ရွှင်ဖူးရဲ့လား နိုရီအို မမှတ်မိတော့ဘူး။

"ညစာစားပြီးရင် လမ်းလျှောက်ထွက်ကြမလားဟင်"လို့ ယုကီ မေးတယ်။

"ဟင်... အန်နီနဲ့လား"

"အင်း... သူ့ကို လေကောင်းလေသန့် ရစေချင်လို့"

"လမ်းလျှောက်ထွက်ပေးရမှာက ခွေးတွေအတွက်ပဲ ထင်တယ်။ ပြီးတော့ တိုက်ခန်းက တစ်ယောက်ယောက် မြင်သွားရင် ဘယ်နှယ့် လုပ်မလဲ။ ကိုယ်တို့ ဒုက္ခရောက်လိမ့်မယ်နော်။ ပြီးတော့ အပြင်မှာ ဝတ်မှုန်တွေ လွင့်နေတာ"

"အို့... ကျွန်မ အဆင်ပြေပါတယ်ရှင်"

"အင်း... ကိုယ်က အန်နီ့အတွက် ပြောတာပါ"

ဝတ်မှုဖြစ်ဖြစ်၊ တခြား ဓာတ်မတည့်တာမျိုးဖြစ်ဖြစ် ကြောင်က နှာချေတုန်းပဲလေ။ သူ အချိန်အတော်ကြာ တိတ်ဆိတ်နေပေမဲ့ နှာတစ်ချက် ချေလိုက်တာနဲ့ လုံးဝ မရပ်တော့တာမျိုး။

"အိမ်က ဖုန်တွေကြောင့်လဲ ဖြစ်မှာပေါ့။ အဲဒီလိုမျိုးဆို အပြင်ခေါ်သွားပေးတာက ပိုမကောင်းဘူးလား" တစ်တိတစ်တိ အစာစားနေတဲ့ အန်နီ့ကို ယုကီ သေသေချာချာ ငုံ့ကြည့်လိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အပျော်ခရီး ခဏလောက်ထွက်ရင်.အန်နီ ပျော်မယ် မဟုတ်လား"

အန်နီ မော့ကြည့်တဲ့အခါ ယုကီက မူဟန်ပိုပိုနဲ့ ညောင်လို့ တိုးတိုးလေး အတုခိုးပြောတော့ အန်နီက သူ့ကိုယ်ပိုင် ညောင်အသံလေး ထွက်လာလေရဲ့။

"တွေ့လား" လို့ ယုကီ ရွှင်မြူးမြူး ရယ်မောရင်း ပြောတယ်။

ဒါ လိမ်နေတာပဲလို့ နိုရီအို တွေးမိတယ်။ "ကောင်းပါပြီ။ မင်း နိုင်ပါတယ်ဗျာ"လို့ ပြောရင်း သူကိုယ်တိုင် တခစ်ခစ် ရယ်မိတယ်။

သူကော ဒီလိုမျိုးရယ်မောဖြစ်တာ ဘယ်တုန်းက နောက်ဆုံးအကြိမ် ဖြစ်ခဲ့ပါလိမ့်လို့ စဉ်းစားမိပြန်တယ်။

❑

သူတို့လင်မယား ကလေးမရနိုင်တာကို သိလိုက်ရတဲ့အချိန်မှာ အချင်းချင်း ကတိစကားတွေ တပုံတပင် ထားခဲ့ကြတယ်။

"ကျွန်မတို့ ဘယ်တော့မှ မိဘမဖြစ်နိုင်တော့ဘူးဆိုတော့ သွေးသားရင်းခြာ ဆက်နွယ်တာမျိုး မရှိတော့ဘူး မဟုတ်လား။ အိမ်ထောင်ရေးက လူ့အသိုင်းအဝိုင်း ထဲက စာချုပ်တစ်စောင်အနေနဲ့ပဲလေ" လို့ ယုကီ ရှင်းပြခဲ့တယ်။

နိုရီအိုကတော့ ဒါကို နည်းနည်း အမူပိုလွန်းတယ်လို့ မြင်မိပေမဲ့ ယုကီ ဘယ်လိုအရာကို ဦးတည်နေလဲ သူ သိနိုင်ပါတယ်လေ။

"ဒါကြောင့် သွေးသားသံယောဇဉ် မရှိတာမို့ ကျန်တစ်ဘဝလုံး အိမ်တစ်အိမ်တည်း မျှဝေနေထိုင်ကြမဲ့ လူနှစ်ယောက်အနေနဲ့ အခြေခံစည်းကမ်း နည်းနည်း ပါးပါး သဘောတူဖို့ လိုအပ်တယ်လို့တော့ ကျွန်မ ထင်တယ်"

ပထမဦးဆုံးအချက်အနေနဲ့ သူတို့ တစ်ယောက်ကိုတစ်ယောက် လိုအပ်သလောက် နေရာပေးကြမယ်။ ဒါကြောင့် သီးသန့်အိပ်ခန်းတွေရယ်၊ သော့ကိုယ်စီ ရယ်။

နောက်တစ်ချက်ကတော့ ငွေကြေးလွတ်လပ်မှု။ သူတို့ ဘဏ်အကောင့် အသစ်တစ်ခု ဖွင့်လိုက်ပြီး နေထိုင်ကုန်ကျစရိတ်အတွက် သီးသန့်သာ အသုံးပြုတယ်။ လစဉ်တူညီတဲ့ ပမာဏကို နှစ်ယောက်လုံး ထည့်ဝင်ကြတယ်။

အဲဒီနောက် တစ်ယောက်ကို တစ်ယောက် လေးစားသမှုရှိကြဖို့။ 'ခင်ပွန်း'၊ 'ဇနီး' စတဲ့ သတ်မှတ်ချက်တွေနဲ့ ကန့်သတ်တာမျိုး မဟုတ်ပဲနဲ့လေ။ ဒါကြောင့် ခုချိန်ထိ သူတို့ တစ်ယောက်ကို တစ်ယောက် အရှေ့နာမည်တွေပဲ ခေါ်ကြရင်း ချစ်ခင်မြတ်နိုးတဲ့ အခေါ် အဝေါ် တွေ မသုံးကြဘူး။ ယုကီက သူ့မိသားစုမျိုးရိုးနာမည်

mgyoe.com

mgyoe.com SAMPLE BOOK

ကို အလုပ်အတွက် ဆက်လက်အသုံးပြုတာမို့ နှစ်ယောက်စလုံးရဲ့ မျိုးရိုးနာမည်တွေက တိုက်ခန်းစာတိုက်ပုံးမှာ ညီတူညီမျှ ထင်ထင်ရှားရှား ပေါ်လွင်လျက်ပဲ။

"နောက်တစ်မျိုး ပြောရရင် ကျွန်မတို့ ဖြစ်နိုင်သမျှ တစ်ယောက် လွတ်လပ်ခွင့်ကို တစ်ယောက် လေးစားဖို့ လိုအပ်တယ်နော်။ မဟုတ်လို့ကတော့ ဒီလိုပုံစံနဲ့ နေသွားရင် တစ်ယောက်ဘဝကို တစ်ယောက် ပါဝင်ပတ်သက်ရင်း၊ လွှမ်းမိုးရင်း အဆုံးသတ်သွားလိမ့်မယ်" လို့ ယုကီ ရှင်းပြခဲ့တယ်။

ဒါဟာ နိုရီအို့အဖို့လဲ ယုတ္တိရှိတယ်။ ယုကီ ပြောတာ မမှားပါဘူးလေ။ တစ်ခါတလေတော့လည်း "ဒီစည်းကမ်းတွေ အားလုံးဟာလည်း ငါတို့နှစ်ယောက်ရဲ့ ဘဝကို ဝါးမျိုသွားလောက်မယ်" လို့ နိုရီအို ပြောချင်ပါရဲ့။ ဒါပေမဲ့ သူ အပျော်သဘောသက်သက် ပြောဖြစ်ဖို့ မစွမ်းသာတာ သေချာတာမို့ နှုတ်ဆိတ်နေမြဲ။

ကိုယ်ဝန်ရဖို့ မဖြစ်နိုင်ဘူးလို့ ဆရာဝန် ပြောခဲ့တာ ၇ နှစ်နီးပါး ကြာခဲ့ပြီ။ အဲဒီကတည်းက သူတို့တွေ တစ်ကြိမ်လောက်တောင် စကားမများဖူးဘူး။ အချင်းများတာမျိုး ဖြစ်အံ့ဆဲဆဲ ဖြစ်တဲ့အခါတိုင်း တစ်ယောက်က နောက်တစ်ယောက်ကို အမြဲတစေ အလျှော့ပေးတယ်။ စကားများ ရန်ဖြစ်တာမျိုး မလိုလားဘူးကိုး။ သူတို့ ရန်ဖြစ်ကြရင် ကြားဝင်ဖျန်ဖြေမဲ့သူ၊ ရိုင်းပင်းမဲ့သူ၊ ဘယ်သူက မှားကြောင်း ဆုံးဖြတ်ပေးမဲ့သူ၊ ညည်းညူမဲ့သူတောင် တစ်ယောက်တစ်လေ မရှိဘူး။ နက်နက်နဲနဲ တွေးမိတဲ့အခါ နိုရီအို့အဖို့ ထိတ်လန့်ဖွယ်ရာ ဖြစ်နေရဲ့။ ယုကီလည်း ထပ်တူ ယူဆမှာပဲလို့ နိုရီအို အောက်မေ့တယ်။

နှစ်ယောက် တစ်ဘဝကနေ တစ်ယောက်ချင်း သီးသန့်ဘဝ ဖြစ်လာတာ လွယ်ကူပါရဲ့။ နှစ်ယောက်သား ကိုယ်စီကိုယ်ငှ ဘဝတွေနဲ့ပေါ့လေ။ တစ်ယောက် လွတ်လပ်ခွင့်ကို တစ်ယောက် အလေးထားတဲ့ လက်တွဲဖော်တွေ အနေနဲ့ပေါ့။

ဒါပေမဲ့ ရံဖန်ရံခါ နိုရီအို သူ့ဘာသာ တွေးမိတာက ဇနီးမောင်နှံရဲ့ အဓိပ္ပာယ်ဟာ တကယ်ပဲ ဒီလိုပုံစံလားလို့။

❑

အဲဒီနေ့ ညနေမှာ သူတို့တတွေ အန်နီ့ကို ပန်းခြံထဲ ကစားခွင့်ပြုလိုက်တယ်။ ကြောင်တွေဟာ ခွေးတွေလိုမျိုး မဟုတ်လို့ သူတို့သခင်နောက် ပြေးလိုက်တာမျိုး၊ လေဝဲပန်းကန်ပြား ပစ်လိုက်လို့ အနောက်ကနေ လိုက်တာမျိုး မရှိဘူးပေါ့လေ။ သူတို့ လှောင်အိမ်တံခါး ဖွင့်လိုက်လိုက်ချင်း အန်နီက အထဲကနေ ခုန်ထွက်ပြီး ပန်းခြံတစ်ဖက်ခြမ်း ချုံပုတ်ထဲ တစ်ဟုန်ထိုး ပြေးသွားလေရဲ့။ ပြန်ထွက်လာမဲ့ အရိပ်

mgyoe.com

mgyoe.com SAMPLE BOOK

အယောင် မပေါ်။

"အာ... အန်နီ ပြန်လာမှာ ရှင် သေချာရဲ့လား" လို့ ယုကီ မေးတယ်။

"ဒါပေါ့။ ကိုယ်တို့မှာ သူ့စောင်လေး ရှိနေသရွေ့ သူ အမြဲ ပြန်လာမှာပဲ။ ဆိုင်ပိုင်ရှင် အဲဒီလိုပဲ ပြောထားတာ"

"အန်နီကလေ အနည်းဆုံးတော့ ကျွန်မတို့ မြင်သာလောက်တဲ့ နေရာမှာ နေလို့ရတာပဲကို"လို့ ယုကီ ခုံတန်းရှည်ပေါ် ထိုင်ရင်း နှုတ်ခမ်းနည်းနည်းစူနေရဲ့။

"ကျွန်မ ဆိုလိုတာကလေ ခုလိုမျိုး ပြေးထွက်တာမျိုးက ကျွန်မတို့ကို သူ ပ,ထုတ်ဖို့ မစောင့်နိုင်တဲ့အတိုင်းပဲ"

"ကြောင်တွေက ဒီလိုပဲ ထင်ပါရဲ့ကွာ"

"ကျွန်မ သိပါတယ်။ ဒါပေမဲ့ သူ နည်းနည်းပါးပါး ကျေးဇူးတင်တာမျိုး၊ ချစ်တာမျိုး တစ်ခုခုပြမလားလို့ မျှော်လင့်နေမိတာ"

တိုက်ခန်းမှာ ဓာတ်ပုံရိုက်တုန်းကလည်း ခုလိုမျိုးပဲလို့ ယုကီ ရှင်းပြသေးရဲ့။ အန်နီက သူ့ပေါင်ပေါ် စိတ်ရှည်ရှည် ထိုင်နေခဲ့ပေမဲ့ နေရတာ မပျော်တဲ့ပုံစံနဲ့။

"သူက ကိုယ်နဲ့တော့ အေးဆေးပါပဲ" လို့ နိုရီအို ပြောတယ်။

"စောင့်ကြည့်ရုံလောက်နဲ့တော့ မပြောနိုင်ဘူးလေ။ ကျွန်မ သူ့ကို ချီထားတဲ့ အခါ ခံစားမိတာ။ သူ လုပ်သင့်လို့ အလိုက်အထိုက် နေသလိုမျိုးလေ"

"မင်းကတော့ စိတ်ကူးယဉ်နေတော့တာပဲကွာ"

"ရှင်က စိတ်ထိခိုက်မလွယ်လို့ နေမှာပေ့ါ"

ရှုး - ချုံပုတ်ထဲက နှာချေသံ ထွက်လာတယ်။ သူတို့ ထင်ထားတာထက် အန်နီက ပိုနီးတဲ့ နေရာမှာ ရှိတယ်။

ရှုး - ရှုး - ရှုး -

နှာချေသံတွေက ဝေးဝေးရောက်သွားရင်း သစ်ရွက်၊ သစ်ကိုင်းတွေရဲ့ တရှဲရှဲမြည်သံတွေနဲ့ ရောနှောနေရဲ့။

"ကိုယ်တို့ ပြောတာကို သူ ကြားတယ် ထင်တယ်" လို့ နိုရီအို အရွှန်း ဖောက်တယ်။

ယုကီ ပခုံးတွန့်ပြီး အပြစ်ရှိသလို မျက်နှာမဲ့ပြတယ်။

"ဒါနဲ့ မင်း ဘယ်လို စဉ်းစားထားလဲ" လို့ နိုရီအို မေးတယ်။

"ဘာကိုလဲ"

"ကြောင် မွေးဖို့လေ။ လက်လျှော့လိုက်ကြမလား"

mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်တာ။ ကျွန်မ တစ်ကောင်လောက် မွေးချင်ပါသေးတယ်"

"ခွေးက ပိုပြီး ကြင်နာယုယတတ်တယ်နော်။ ပြီးတော့ ကိုယ်တို့ ပြောသလိုလည်း လိုက်လုပ်လောက်မယ်"

"မဖြစ်နိုင်ဘူး။ ကျွန်မတို့မှာ အလုပ်တွေ ရှိတယ်လေ နိုရီ။ ဘယ်သူက လမ်းလျှောက်ထွက်ပေးမှာလဲ"

ယုကို ပြောတာ ထိမိတယ်။

သူတို့ ကြောင်မွေးဖို့ ဦးဆုံးရွေးချယ်ဖြစ်တာက ကြောင်တွေဟာ သူ့ဟာနဲ့သူ အမှီအခိုကင်းကင်းနေကြပြီး ခွေးတွေလောက် ကရိကထ မများဘူးကိုး။ မဟုတ်လည်း ယုကိရဲ့ အနှစ်သက်ဆုံးစကား ယူသုံးရရင် ကြောင်တွေဟာ 'လွတ်လပ်ခွင့်' ရှိတယ်ပေါ့လေ။

"နိုရီ"

"ဟင်"

"ကျွန်မ ခုတလော နည်းနည်း အာရုံစိုက်ခံချင်လာတယ်လို့ ရှင် ထင်လားဟင်"

ရုတ်တရက် မေးလိုက်တဲ့ မေးခွန်းမို့ နိုရီအို ပြန်ဖြေဖို့ နည်းနည်း အချိန်ယူလိုက်တယ်။ နောက်ဆုံးတော့ သူ ပြန်ဖြေတဲ့အခါ "အဲဒီလို မထင်ပါဘူး" တဲ့လေ။ သူ့စကားလုံးတွေက အတင်းအကြပ် ပြောထွက်လာတဲ့ပုံစံ။

ယုကို နှုတ်ဆိတ်သွားပြီး ညကာလ တိမ်ထူထူ ကောင်းကင်ယံကို မော့ကြည့်နေရဲ့။

ရှူး - ရှား - ရှူး - နှချေသံ ထပ်ထွက်လာပြန်တယ်။ အန်နီက ခုဆိုရင် နည်းနည်း ခပ်လှမ်းလှမ်း ရောက်နေပြီ။ ကစားစရာ နေရာတွေ အများကြီး ရှိလျက်နဲ့ ချုံပုတ်ကို ရွေးလိုက်တာပါလားလို့ နိုရီအို ထင်ပေမဲ့ ဒါဟာလည်း သူ့ကိုယ်ပိုင် လွတ်လပ်ခွင့် ဖြစ်မှာပေါ့လေ။

"ကျွန်မကတော့ အာရုံစိုက်ခံချင်လာတယ် ထင်တာပဲ"လို့ ယုကို ကောင်းကင် မော့ကြည့်ရင်းနဲ့ပဲ တီးတိုးပြောတယ်။ "အလုပ်မှာရော၊ အိမ်မှာရောလေ။ အသေးအဖွဲကလေးတွေကအစ စမ်းနည်းစိတ်မကောင်း ဖြစ်နေတော့တာ" ယုကို သက်ပြင်းချတယ်။

ယုကိုထက် ငယ်ရွယ်တဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဂျပန်စကားကို ယဉ်ယဉ်ကျေးကျေး ပြောရာမှာ အမြဲတစေ အလွဲလွဲ အချော်ချော်လုပ်တော့ ယုကို စိတ်

mgyoe.com

mgyoe.com SAMPLE BOOK

အနှောင့်အယှက် ဖြစ်မိတယ်။ သူတို့ဆီမှာ အသစ်ခန့်ထားတဲ့ စာရင်းအင်းမန်နေဂျာက သူ့ခြေထောက်ကို မနားမနေ လှုပ်ယမ်းတာကိုလဲ ယုကီ စိတ်ရှုပ်ရတယ်။ သူထည့်သွင်းထားတဲ့ ဆော့ဖ်ဝဲအသစ်တွေကြောင့် ကွန်ပျူတာ ရပ် ရပ်သွားတာကိုလည်း စိတ်တိုတယ်။ အိမ်နီးချင်း မစ္စက်မီဒိုရီကာဝါက ပစ်နေကျ အမှိုက်တွေကို ပြန်အသုံးပြုလို့ရတဲ့ ပစ္စည်းတွေနဲ့ တိတ်တခိုး ရောနှောတာမျိုးကို ယုကီ ခွင့်မလွှတ်နိုင်။ သူအလုပ်ကပြန်လာလို့ အဲဒီအိမ်နီးချင်း အမျိုးသမီးက တံခါးဝမှာ ရပ်ရင်း အခြားအိမ်နီးချင်းတွေနဲ့ အာကျယ်အာကျယ် အတင်းပြောနေတာမျိုးကိုလဲ ယုကီတော်တော်ကို စိတ်ပျက်လက်ပျက် ဖြစ်နေပြီ။

"ဒါဟာ အာရုံစိုက်ခံချင်တာနဲ့တော့ မတူဘူး မဟုတ်လား" လို့ နိုရီအိုမေးတယ်။

"အင်း...တခြား ဘယ်လိုခေါ် ရမလဲ မသိတော့ဘူး" ယုကီ ဆက်မပြောခင် ခဏ ရပ်နေရဲ့။ "ကျွန်မ ပြောဖို့ ကြိုးစားနေတာကလေ ကိစ္စရပ်တွေဟာ ကျွန်မလိုလားတဲ့အတိုင်း ဖြစ်ပုံမရတော့ဘူးလို့ ဆိုလိုချင်တာ ထင်ပါရဲ့"။ နောက်တစ်ကြိမ် ခဏ တန့်သွားတယ်။ "မဟုတ်လည်း ကျွန်မ ဆတ်ဆတ်ထိမခံတာမျိုး ဖြစ်လာတာနေမယ်။ အားငယ်လာတာမျိုးလေ။ အင်း... ဟုတ်လောက်တယ်။ ကျွန်မရဲ့ကိုယ်ခံအားက တော်တော် အားနည်းလာတာ"

အရင်က စိတ်မရှုပ်စေတဲ့ အရာတွေကလည်း ခုဆို သူ့ကို စိတ်မကောင်းဝမ်းနည်းစေလာတာ တွေ့ရတယ်။ ပျော့ပျော့ကြီး အရေးမစိုက်ဘဲ ထားခဲ့တဲ့အရာမှန်သမျှ ခုတော့ ခွင့်မလွှတ်နိုင်စရာ ဖောက်ဖျက်မှုတွေ ဖြစ်ပုံရတယ်။

ယုကီ ဘာဆိုလိုတာလဲ နိုရီအို နားလည်ပါတယ်။ အမှန်တော့ သူ ကိုယ်တိုင်လည်း ထပ်တူခံစားနေရတယ် ထင်ပါရဲ့လေ။

အရွယ်ရောက် လူကြီးနှစ်ယောက် အတူတကွ နေထိုင်ရင်း သူတို့ စီစဉ်ထားတဲ့အတိုင်း အားလုံးနီးပါး အတိအကျ ဖြစ်နေတာပဲ။ ချမှတ်ထားတဲ့ စည်းကမ်းတွေကို စွဲစွဲမြဲမြဲ လိုက်နာကြတယ်။ ဟန့်တားပိတ်ပင်မဲ့သူလဲ မရှိဘူး။ တိတ်ဆိတ်မှုကို လိုချင်ရင် သူတို့ လိုအပ်သလောက် ဘယ်လောက်ကြာကြာ ရနိုင်တာပဲ။ နှစ်ယောက်သား စကားလက်ဆုံကြတာမျိုး လိုလားရင်လဲ ကြားဖြတ်ပြောမဲ့သူ ဘယ်သူမှ မရှိ။ ငါတို့ဘဝဟာ အပြစ်ဆိုစရာ မရှိပါလားလို့ နိုရီအို တွေးမိပါရဲ့။

ဆူညံပွက်လောရိုက်နေတဲ့ ကလေးတွေရယ်၊ အတူနေ သက်ကြီးရွယ်အိုမိဘတွေရယ်ရှိကြတဲ့ မိတ်ဆွေသူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေအဖို့ အရာ

mgyoe.com

mgyoe.com SAMPLE BOOK
အားလုံးကို အာရုံစိုက်ဖို့ လိုအပ်တယ်။ သူတို့တွေနဲ့ ယှဉ်လိုက်ရင်တော့ နိုရီအိုတို့ ဇနီးမောင်နှံအနေနဲ့ အိမ်နီးချင်းကောင်းအဖြစ် အမြဲတမ်း ဟန်ဆောင်ရတာကပဲ စိတ်ရှုပ်စရာ ရှိတာမျိုး။ တိုက်ခန်းဖြစ်ဖြစ်၊ ပိုပြီး သန့်ရှင်းသပ်ရပ်တောက်ပြောင်တဲ့ အဝတ်အစားဖြစ်ဖြစ် စိတ်အနှောင့်အယှက် ဖြစ်တာမျိုး မရှိဘူးလေ။ ဒါဟာလည်း ဘဝပဲကိုး။

ဒါပေမဲ့ ပိုပိုသာသာ သန့်စင်ထားတဲ့ ခန္ဓာကိုယ်ကတောင် အသေးငယ်ဆုံး ဘက်တီးရီးယားကို ခုခံနိုင်စွမ်းမရှိတာမို့ အပြစ်ဆိုစရာ မရှိတဲ့ သူတို့ဘဝဟာလည်း အလွန်ထိလွယ်ရှလွယ်ရော မဖြစ်နိုင်ဘူးလား။

"ဒါဆို ကြောင်မွေးချင်တာက"

ယုကီ အသာအယာ ခေါင်းညိတ်ပြတယ်။ "အင်း... ကြောင်တွေက ချစ်စရာကောင်းပါတယ်။ ဒါပေမဲ့ ကြည့်ရှုစောင့်ရှောက်ရမဲ့ တစ်စုံတစ်ရာကို ကျွန်မရဲ့ တစ်စိတ်တစ်ပိုင်းက လိုချင်နေတာ။ ကျွန်မ ပျိုးထောင်ရမဲ့ တစ်ခုခုပေါ့လေ။ ကသီလင်တ ဖြစ်တာကို ထည့်မစဉ်းစားပဲနဲ့ပေါ့"

"အချိန်နဲ့အမျှ ကြီးပြင်းလာမဲ့ တစ်စုံတစ်ရာဖြစ်ရင် ပိုတောင် မကောင်းဘူးလား"

သူ ခေါင်းညိတ်ပြန်တယ်။ "ထင်တာပဲရှင်"

ခုတော့ ကောင်းကင်ကို မေးမော့ကြည့်နေတာ နိုရီအို့ အလှည့်ပေါ့။ လခြမ်းကို တိမ်တွေဖုံးနေတာမို့ မြင်ရတာ ဝိုးတဝါး။ လေတွေ သန့်စင်နေတဲ့ ဆောင်းရာသီနဲ့ မတူဘဲ နွေဦးရဲ့ ညကောင်းကင်ယံဟာ အမြဲလိုလို မှုန်ဝါးဝါး ဖြစ်ပုံရတယ်။ မျက်နှာလွှားဇာကနေ မြင်နေရတဲ့အတိုင်းပဲ။

နိုရီအို့ရင်ကို တနုံ့နုံ့ ထိုးဆွနေတဲ့ စကားလုံးတွေကို ခံစားလို့ ရပါတယ်။

"မင်း ဆိုလိုတာ ကလေး အစားထိုး မဟုတ်လား"

နိုရီအို အဖြေ သိနေတယ်။ သိလို့လဲ ဘာမှ ပြန်မပြောတာ။ ဒါကြောင့် ခုံတန်းပေါ် သူတို့ ဘေးချင်းကပ် တိတ်တဆိတ် ထိုင်ရင်း ပြောစရာမရှိတော့တဲ့ အခိုက်အတန့်ကို ဝေမျှနေလေရဲ့။

❑

နာရီဝက်ကြာတဲ့အထိ အန်နီ ပြန်မလာသေး။ သူနှာခေါင်းသံကို တစ်ခါတစ်ရံ ကြားရတာမို့ ချုံပုတ်ထဲ တစ်နေရာရာတော့ သူ ရှိနေမှာပဲလို့ အနည်းဆုံးတော့ သိရတာပေါ့လေ။ ဒါပေမဲ့ အန်နီ ပြန်လာမဲ့ အရိပ်အယောင်မရှိ။
mgyoe.com

 SAMPLE BOOK 

"သူ့ကို လေချွန်ခေါ်ကြမလားဟင်" လို့ ယုကီ ပြောတယ်။ "အို့ နေပါဦး။ အဲဒါ ခွေးတွေအတွက် မဟုတ်လား"

ယုကီ ဂျက်ကက်လည်ထောင်ကို အပေါ် ဆွဲတင်ရင်း တခစ်ခစ် ရယ်နေရဲ့။ နွေးထွေးစိုစွတ်တဲ့နေ့ ဖြစ်ခဲ့ပေမဲ့ ညပိုင်းလေကတော့ အေးစိမ့်စိမ့်။

"မင်း ပြန်ချင်ရင် ပြန်လိုက်နော်" လို့ နိုရီအို ပြောတယ်။

"မဟုတ်တာ။ ကျွန်မ အဆင်ပြေပါတယ်။ ကျွန်မ ဆိုလိုတာကလေ ကျွန်မတို့ အိမ်ပြန်ချင်တာနဲ့ အန်နီကရော ဘာကြောင့် ပြန်သင့်ရမှာလဲပေါ့"

"မင်း သိလား ယုကီ"

"ဟင်..."

"ကိုယ်တို့တွေ ကြောင်မွေးဖို့ လက်လျှော့သင့်တယ်နော်။ ဘယ်လောက်ခက်ခဲလောက်မလဲ စဉ်းစားကြည့်ပါဦး။ ကိုယ်တို့ စိတ်ကူးထားသလို ဖြစ်မယ် မထင်ဘူးကွာ"

ယုကီ တိတ်တဆိတ် လည်ချောင်း ရှင်းလိုက်ပြီး ခေါင်းလှုပ်လိုက်ပုံက ခေါင်းညိတ်တာလား၊ ခေါင်းခါတာလား မသဲကွဲ။

"တခြားဟာ ရှိသေးတယ်" လို့ နိုရီအို ဆက်ပြောတယ်။

ဒါပေမဲ့ သူ ဒီစကားတွေ ပြောနေတုန်း သူတို့တွေ ချုံပုတ်ထဲက တရှဲရှဲ မြည်သံကြီး ကြားလိုက်ရတယ်။ တစ်ဆက်တည်း ကျွီခနဲ အသံပါ ကြားရတာ။ ကြည့်ရတာ တခြားတိရစ္ဆာန်တစ်ကောင်ကောင် ဖြစ်မယ်ထင်တယ်။ ကြောက်ထက်သေးတဲ့ အကောင်တစ်ကောင်ကောင်ပေါ့။

"ဒါ... အန်နီ့အသံလား"

"မသိဘူး"

သူတို့ ခုံတန်းကနေ ထပြီး ချုံပုတ်ဆီ လှည့်အကြည့် အန်နီ ဖြည်းဖြည်းချင်း ထွက်လာတာကို အမီ မြင်လိုက်ရတယ်။ သူ့ပါးစပ်မှာ ကြွက်တစ်ကောင်။

ပင့်သက်ရှိုက်ရင်း ယုကီ ခုံတန်းပေါ် ထိုင်လျက်သား။

◆◆◆

mgyoe.com

m·gyoe.com SAMPLE BOOK

# အခန်း (၄)

ယုကီ အန်နီ့ကို ပွေ့ချီဖို့ သူ့ကိုယ်သူ ဘယ်လိုမှ တွန်းအားမပေးနိုင်တော့ဘူး။

"သူ စားလိုက်တာတော့ မဟုတ်ဘူးလေ" လို့ နိုရီအို မချိတင်ကဲ ပြုံးရင်း ပြောတယ်။ "ကြွက်ဖမ်းတာက သူ့သဘာဝကိုး"။ ခုတော့ လှောင်အိမ်ထဲ ပြန်ရောက်နေပြီဖြစ်တဲ့ အန်နီ့ကို နိုရီအို လှည့်ကြည့်ပြီး ခေါင်းကလေးကို ပွတ်ပေးတယ်။

"မဟုတ်ဘူးလား"

"ကျွန်မ သိပါတယ်။ ဒါပေမဲ့ ကျွန်မ မယုံနိုင်သေးဘူး"လို့ ယုကီ ပြောပြီး စိတ်သောကရောက်ရင်း တစ်ဖက်ကို လှည့်နေရဲ့။ "ကျွန်မ ပျို့အန်မိတော့မလိုပဲ"

နိုရီအိုက အန်နီ့ကို ထပ်ပွတ်သပ်ပြန်တယ်။ "ကြောင်တွေဟာ လူရုပ်တွေ၊ အကောင်ရုပ်တွေ မဟုတ်ဘူးလေ ယုကီ။ သူတို့ အပေါ့အလေး စွန့်ကြတယ်။ ဖျားနာတတ်ကြတယ်"

"ကျွန်မ သိပါတယ်"

"ပြီးတော့..." ဆိုပြီး နိုရီအို ဆိုင်းငံ့နေရဲ့။ "နောက်ဆုံးတော့ သေဆုံးသွားကြတယ်လေ"

"အဲဒါလဲ သိပါတယ်"လို့ ယုကီ စိတ်ကောက်နေတဲ့ ကလေးငယ်လေးလို နှုတ်ခမ်းစူရင်း တီးတိုးပြောတယ်။ သူ ခုထိ ကြောင်ကလေးကို ထပ်မကြည့်နိုင်သေးဘူး။ နိုရီအိုက လှောင်အိမ်တံခါးကို တိတ်တဆိတ် ပိတ်လိုက်တယ်။

mgyoe.com

သူ ပြောချင်တဲ့ နောက်ထပ်တစ်ချက် ရှိသေးတယ်။ "သူတို့ ကလေးတွေ တောင် မွေးကြတယ်"။ ဒါပေမဲ့ ဒီစကားလုံးတွေကို မပြောဘဲ ထိမ်ချန်လိုက်တာဟာ အကောင်းဆုံးပဲဆိုတာ သူ သိတယ်။

"အိမ်ပြန်ကြစို့"

နိုရီအို လှောင်အိမ်ကိုင်ထားတယ်။ ယုကီဆီက ဘာတုံ့ပြန်မှုမှမရ။ အန်နီ လေးကတော့ လှောင်အိမ်ထဲရှိ သူ့စောင်ကလေးထဲ ကွေးနေရင်း တိုးဖွဖွလေး အော်နေရဲ့။

"လာပါ ယုကီရဲ့"။ နိုရီအို သွက်သွက်လက်လက်နဲ့ လမ်းလျှောက်စပြုတယ်။ ယုကီကတော့ နှုတ်ဆိတ်ရင်း သူ့နောက်ကနေ လိုက်သွားတယ်။

ပန်းခြံကနေ ငါးမိနစ်လောက် လမ်းလျှောက်လိုက်တာနဲ့ သူတို့တိုက်ခန်းဆီ ရောက်လာတယ်။ ပိတ်ရက်ညနေခင်း ဖြစ်နေတာမို့ လမ်းတွေမှာ လူသူကင်းမဲ့နေရဲ့။ တစ်ဖက်မှာတော့ သူတို့ရှေ့မှောက် ဘွားခနဲ ပေါ်လာတဲ့ အိမ်ရာဝန်းရဲ့ အိမ်ခန်း ပြတင်းပေါက်တိုင်းလိုလို မီးထိန်ထိန်လင်းနေတယ်။

ယောက်ျားကလေး ဘော့စ်ဘောအသင်းအတွက် ကစားသမားတွေ ခေါ်ယူ တဲ့ ပိုစတာကပ်ထားတဲ့ ကြော်ငြာသင်ပုန်းကို သူတို့ ဖြတ်ကျော်လာတယ်။ သဘာဝ ပတ်ဝန်းကျင်အဖွဲ့က ကြေငြာထားတဲ့ နောက်ထပ်ပိုစတာတစ်ခုလည်း တွေ့ရတယ်။ "နောင်လာမည့် မျိုးဆက်အတွက် ကမ္ဘာကြီး၏ အလှတရားကို ထိန်းသိမ်းကြပါ"

"ဒါဆို အန်နီ့ကို ပြန်ပေးပြီးရင် ကိုယ်တို့ ဘာလုပ်သင့်လဲ" လို့ လမ်းလျှောက် နေရင်းနဲ့ နိုရီအို မေးလိုက်တယ်။

"ရှင် ဘာကို ဆိုလိုတာလဲ"

"ကိုယ် ပြောချင်တာက ကိုယ်တို့ ကြောင်မွေးကြမှာလား"

ကြောင် မွေးဖြစ်ဖြစ် မမွေးဖြစ်ဖြစ် နိုရီအို့အဖို့ ကိစ္စမရှိ။ ယုကီ ဘာပဲ ဆုံးဖြတ်ဆုံးဖြတ် နိုရီအို အလိုက်သင့် လက်သင့်ခံရုံပဲ။

ခဏဆိုင်းငံ့ပြီး ယုကီ ဖြေတယ်။ "ကျွန်မ မသိဘူး"

"ကြောင်တွေလဲ နည်းနည်းတော့ အလုပ်ရှုပ်ပြီး အာရုံစိုက်ရတာပဲ ထင် ပါရဲ့" လို့ နိုရီအို ခပ်ပြုံးပြုံး ပြောလိုက်တယ်။ ဒီမှတ်ချက်ကို ယုကီ ဘယ်လို ယူဆ မလဲတော့ မသေချာ။ ဒီကိစ္စကို ယုကီ့ဆီပဲ ပုံအပ်ထားတော့မယ်။

ယုကီ နှုတ်ဆိတ်နေပြီးမှ နှာရှုပ်လိုက်တယ်။

မနက်ဖြန်အတွက် ဝတ်မှုန် ကြိုတင်ခန့်မှန်းချက်ဟာ ဒီနေ့ထက်တောင်

mmyoe.com

ဆိုးဝါးမဲ့ပုံ။ အန်နီကရော ဘယ်နှယ့်လုပ်မလဲ။ ကြောင်တွေမှာ ဝတ်မှုန်စာတ်မတည့်တာ တကယ်ရှိနိုင်လား နိုရီအို သိချင်မိချိန်မှာ လှောင်အိမ်ထဲကနေ နောက်ထပ် နှာချေသံ ထွက်လာတယ်။

ဂျိ... ဂျိ... ဂျိ...

"မင်း ဒီညကော အန်နီနဲ့ တစ်ခန်းတည်း အိပ်ချင်သေးလား"

"ကျွန်မ မသိဘူး။ ကျွန်မတို့ သူ့ပါးစပ်ဖြစ်ဖြစ်၊ တစ်ခုခုဖြစ်ဖြစ် သုတ်ပေးလို့ ရမလား"

"အလုပ်ဖြစ်မယ် မထင်ဘူး"

"ဒါမှမဟုတ် ရေချိုးကန်ထဲ ဆေးကြောပေးလိုက်မလား။ သူတော့ မကြိုက်လောက်ဘူး ထင်တယ်နော်"

"အင်း... သူ ကြိုက်မှာ မဟုတ်ဘူး"

"တစ်ခန်းတည်း နေရုံနဲ့တော့ ကျွန်မ ဖျားတာနာတာ မဖြစ်လောက်ဘူး ထင်တယ်။ ဒါပေမဲ့ သန်းတွေရှိရင်ကော ဘယ်လိုလုပ်မလဲ။ အင်း... သေချာ မသိတော့ဘူး"

"ဂျိ - ဂျိ - ဂျိ -"

"နိုရီ သူ့အမွေးနဲ့ ပတ်သက်ပြီး ဆိုင်ပိုင်ရှင် တစ်ခုခု ပြောသေးလား။ တစ်အိမ်လုံး ကြောင်မွေးတွေချည်း ဖြစ်နေတော့မှာလား"

နိုရီအို တိတ်နေပေမဲ့ ကြားရလောက်တဲ့ သက်ပြင်းချသံ ထွက်လာတယ်။ ယုကီ သတိထားမိပုံမပေါ်။ "အခန်းကို နံစေမယ် ထင်လားဟင်" လို့ ဆက်မေးတယ်။

"အင်း..." နိုရီအို ခေါင်း အသာအယာ စောင်းပြီး ပြောတယ်။ သက်ပြင်း ချလိုက်ပြန်တယ်။

နောက်ဆုံးတော့ အန်နီ နှာချေတာ ရပ်သွားခဲ့ပြီ။

သူတို့တွေ အိမ်ရာဝန်းထဲ မြန်မြန်ဝင်နေကြတယ်။ အခြားတိုက်ခန်းတွေက အလင်းရောင်ဟာ စူးရှတောက်ပနေရဲ့။ သူတို့အိမ်မှာ ရှိတဲ့ မီးရောင်မှိန်မှိန်လေးကို နိုရီအို တွေးမိပြီး ကလေးတွေ ရှိရင်တော့ အဲဒီလို အလင်းရောင်က အလုပ်ဖြစ်လောက်မှာ မဟုတ်ဘူး။ သူတို့တိုက်ခန်းလို အိပ်ခန်းသုံးခန်းပါတာမျိုးက နှစ်ယောက်တည်းအတွက် သိပ်ကြီးလွန်းနေပြီး ကလေးတွေ ရှိခဲ့ရင်တော့ ကျဉ်းကျဉ်းကျပ်ကျပ် ဖြစ်နေလောက်မှာပဲ။ အဲဒီတိုက်ခန်းကို လက်တွေ့ဘဝနဲ့ ကင်းကွာတဲ့ နေရာဖြစ်သွားမယ်လို့ တစ်ခါမှ မရည်ရွယ်ခဲ့ဘူး။ စည်စည်ကားကားနဲ့ ဆူညံ ပွတ်သိပ်နေမယ်လို့

mgyoe.com

ထင်ထားခဲ့တာ။

နိုရီအို စောစောပိုင်းက တီးတိုးရေရွတ်ခဲ့တဲ့ မေးခွန်းကို ဒီတစ်ခါတော့ ခပ်ကျယ်ကျယ် မေးလိုက်တယ်။

"ဒါဆို ကြောင်မွေးတာကို လက်လျှော့လိုက်ကြမလား"

ယုကို့အဖြေကို မစောင့်ဘဲ သူ ခြေလှမ်းကျဲကျဲ လျှောက်သွားပြီး အရှေ့မှာ လွန်းထိုးနေတဲ့ သူ့အရိပ်ကို စူးစိုက်ကြည့်နေမိတော့တယ်။

❑

အဲဒီညမှာ အန်နီက နိုရီအို့အခန်းထဲ အိပ်တယ်။

အန်နီက လှောင်အိမ်ထဲရှိ သူ့စောင်လေးပေါ် ကွေးအိပ်နေပြီး လုံးဝကို တိတ်ဆိတ် အိပ်မောကျနေတာ။ လှောင်အိမ်တံခါးကိုတော့ လှပ်ပေးထားတယ်။ ညလယ်ခေါင်မှာ နိုရီအို ရုတ်ချည်း နိုးလာတဲ့အခါ အခန်းထဲက လေထု အနည်းငယ် စိုစွတ်နေသလို ခံစားရတယ်။ သူ့နှာခေါင်းပေါက် သိသိသာသာ အနံ့တစ်ခုကြောင့် ယားကျိကျိ ဖြစ်လာပြီး အခန်းထဲ မပီပိုးတဝါး နွေးထွေးမှုမျိုးကို အာရုံခံစားလို့ရတယ်။ စစချင်းတော့ အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေဆဲမို့ သူတို့တွေ အပြင်မှာ အစားအစာတွေ ချန်ဖြစ်ခဲ့လားလို့ နိုရီအို သိချင်သွားတယ်။

အဲဒီနောက် သူ သတိရသွားပြီး ပခုံးက တင်းအားတွေလဲ ကွယ်ပျောက်သွားတယ်။ မီးမဖွင့်ထားဘဲ အိပ်ရာပေါ် ထထိုင်မိတယ်။ အမှောင်ထဲမှာ လှောင်အိမ်အဖြူက ဖျော့တော့တော့လေး လင်းနေရဲ့။

"အန်နီ... အိပ်ပျော်နေလား"

ဘာတုံ့ပြန်မှုမှ မရှိ။ သူ တခစ်ခစ် ရယ်မိတယ်။ အဖြေတစ်ခုခုများ မျှော်လင့်ခဲ့မိတာလား။

"လူဝါးဝတဲ့ ကလေးပဲ။ မင်းအနားမှာ ရှိနေရင် သိပ်ထူးခြားတယ် သိလား"

သူ ဆက်ပြောနေလိုက်တယ်။ မပြောရင်သာ တစ်မူထူးဆန်းသလိုဖြစ်နေလို့။ ကြောင်ကို စကားပြောရတာဟာ ထူးထူးခြားခြား စိတ်ကျေနပ်စရာ ကောင်းလိုက်တာ။ စကားလုံးတွေ ဆက်ပြီး ထွက်ကျလာလေရဲ့။

"ယုကီတော့ ဒေါသထွက်ရင်း အိပ်ရာဝင်သွားပြီ မဟုတ်လား"လို့ သူ ပြောပြီးမှ ပြန်ပြင်လိုက်တယ်။ "အမေ့ကို ပြောတာလေ။ သူ ဒေါသ နည်းနည်းထွက်တယ် ထင်ပါရဲ့"

သူ့ရင်ဘတ်ထဲက စူးခနဲ နာကျင်သွားတယ်။ ကလေးတုန်းက ပင်လယ်မှာ

mgyoe.com

ရေကူးလို့ ခြေထောက်လွတ်သွားတဲ့ နေရာကို ရောက်သွားတဲ့အတိုင်းပဲ။

"အမေက မည်မည်ရရ ဝုန်းဒိုင်းကြဲတာမျိုး မလုပ်ဘူးမဟုတ်လား။ ကြွက်လို ငြိမ်ကုပ်ပြီး အခန်းထဲ ဝင်သွားနေကျပဲ။ အဲဒီအချိန်ဟာ သူ တကယ် ဒေါသထွက်နေတယ်ဆိုတာ သိရတာပဲ။ သူ အဲဒီလို လုပ်တဲ့အခါတိုင်း သူ့ကို ဘာမှမပြောမိအောင် နေရတယ်။ မဟုတ်ရင် ဒေါသကို ပိုဆွပေးသလို ဖြစ်လောက်မှာ။ အဖေလုပ်နိုင်တာကတော့ သူ့ဟာသူ အဆင်ပြေပြေဖြစ်ဖို့ လွှတ်ထားတာပဲ"

"ငါ ဘာတွေ ပေါက်ကရ ပြောနေတာလဲ"

"မင်းအဖေကတော့ အမေနဲ့ပတ်သက်ပြီး အကောင်းဆုံး ကြိုးစားတယ်ကွာ"

နိုရိအိုနှလုံးသား နောက်တစ်ကြိမ် ခုန်လာပုံပဲ။

"သိပ်အရေးကြီးတာမျိုးရယ် ဘာရယ် ညာရယ် မဟုတ်ပါဘူးကွာ"

အဲဒီနောက် သူ နှုတ်ဆိတ်သွားပြီး စိတ်ထဲ လေးလံလာတယ်။ စည်းမျဉ်းစည်းကမ်းတွေကို ဆိုးဆိုးဝါးဝါး ချိုးဖောက်လိုက်သလို ခံစားရတယ်။

အိမ်မှာဆို ယုကီကလွဲလို့ တခြား တစ်ယောက်ယောက်ကို စကားမပြောဖြစ်တာ သိပ်ကြာပြီကိုး။ သူ အခု ကြောင်ကို စကားပြောနေပြီး တုံ့ပြန်မှု မရတာတောင် သူ့ကိုယ်သူ စကားပြောနေတာထက်တော့ အပုံကြီး ခြားနားတယ်လေ။ ဟုတ်ပါတယ်လေ။ သူ စည်းကမ်း ချိုးဖောက်လိုက်တာပဲ။

❑

တနင်္ဂနွေမနက်မှာ ရာသီဥတုက ဘာဖြစ်ရမလဲဆိုတာ ဆုံးဖြတ်ဖို့ အပြင်းအထန် ရုန်းကန်လှုပ်ရှားနေတယ်။ ကောင်းကင်က တိမ်ထူနေပေမဲ့ မိုးရွာလောက်အောင်တော့ မဟုတ်။ လေပြင်းပြင်းတိုက်နေပြီး စိုစိုစွတ်စွတ်နဲ့ ထူးထူးခြားခြား နွေးနေရဲ့။ နွေနဲ့ မိုး ရောနေတဲ့ ရာသီမှာ တိုက်ခတ်နေတဲ့ လေလိုမျိုးပဲ။

"မိုးရွာရင်တော့ ကျွန်မ ဒီမိုးနဲ့ အဆင်ပြေသွားပါစေလို့ ဆုတောင်းတယ်" လို့ ယုကီ နှာရှုပ်ရင်း ညည်းညူလေရဲ့။ သူ့ရဲ့ ဝတ်မှုန်ဓာတ်မတည့်တာအတွက် မျက်စဉ်းခတ်ပြီးနှင့်ပြီ။ တစ်မနက်လုံးလည်း အထူးငုံဆေးပြား စုပ်နေတာ။ ဘယ်ဆေးနည်းမှ အလုပ်ဖြစ်ပုံ မရပါဘူးလေ။ မနက်ခင်းသတင်းမှာ ခန့်မှန်းမှုအရ သစ်ကတိုးဝတ်မှုန် အခြေအနေတွေဟာ ဒီရာသီမှာ အမြင့်ဆုံး ရောက်မယ်တဲ့လေ။

"မင်း ဒီနေ့ အပြင်မထွက်သင့်ဘူးနော်" လို့ နိုရီအို ပြောလိုက်တယ်။

အရင်ကတော့ ယုကီ၊ အန်နီနဲ့ တနင်္ဂနွေနေ့ အပြင်ထွက်ဖို့ မျှော်လင့်

mgyoe.com

ချက်ကို စိတ်လှုပ်ရှားခဲ့ပေမဲ့ ခုတော့ သူ ရိုးရိုးရှင်းရှင်း ခေါင်းညိတ်ပြပြီး ပြောတယ်။ “အင်း... ကျွန်မလည်း အဲဒီလို တွေးထားတယ်”။ မနေ့ညကလောက် သုန်မှုန်တာမျိုး မရှိတော့ပေမဲ့ ညှော်သည်ကြောင်ကလေးကို သူ ပွေ့ဖက်ဖို့ မကြိုးစားတော့ဘူး။

ကြောင်ကလေးကတော့ တာတာမီ အခန်းထဲမှာ ရောက်တတ်ရာရာ လျှောက်သွားရင်း တစ်ခါတလေ တစ်နေရာရာမှာ နေပြီးမှ ထပ်ရွေ့ပြန်တယ်။ နိုရီအို ဝယ်ထားတဲ့ တာဝါကို သူ လုံးဝ စိတ်မဝင်စား။ အရောင်မကြိုက်လို့များလား။ ရံဖန်ရံခါတော့ နှာချေလေရဲ့။ သူလည်း အိမ်ထဲမှာပဲ နေသင့်တယ်လို့ နိုရီအို တွေးမိတယ်။

ယုကိ မနက်စာအတွက် စွပ်ပြုတ်ပဲ သောက်တယ်။ နှာခေါင်းပိတ်နေလို့ ရင်ပြည့်သလို ခံစားရတာက တစ်ပိုင်း။ အန်နီ့ကို တွေ့ရလို့ မနေ့ညက ကွက် အကြောင်း အမှတ်ရသွားတာက တစ်ပိုင်းပေါ့လေ။ ဒေါ်ဂလီဆန်ပြီး ပျို့တက်လာ တာကို အစပျိုးပေးနေလို့။

“အန်နီ့အမှား မဟုတ်တာ သိပါတယ်။ ဒါပေမဲ့ ဆောရီးပါ”

“သူ့ကို ဆိုင်ပြန်ပို့လိုက်မယ်။ ကိုယ်တို့ ဝန်ဆောင်ခအပြည့် ပေးနေသရွေ့ ဆိုင်ပိုင်ရှင်က စိတ်ကွက်မှာ မဟုတ်တာ သေချာပါတယ်”

“မဟုတ်တာ။ အန်နီ့အတွက် ကျွန်မ စိတ်မကောင်းဖြစ်ရလိမ့်မယ်။ စိတ် မပူပါနဲ့။ အခန်းထဲမှာ နေလိုက်မယ်။ အလုပ်လုပ်စရာလဲ ရှိနေတာပဲမို့။ ရှင် ဗီနေ့ သူနဲ့ ကစားလိုက်လေ။ အဆင်ပြေလား”

“ဒါဆို ယုကိ ကြောင်မွေးတာ ကိုယ်တို့ လက်လျှော့လိုက်မလား”

ယုကိ တစ်ခဏလေးတောင် မတုံ့ဆိုင်းဘဲ နှုတ်ဆိတ်ရင်း ခေါင်းညိတ်ပြ တယ်။ မနေ့ညက သူ့စိတ် ဒုံးဒုံးချလိုက်တာပဲ ဖြစ်ရမယ်။

“ခွေးမွေးရင်ကော ဘယ့်နှယ့်လဲ”လို့ နိုရီအို မေးတယ်။ “ဒါမှမဟုတ် အပူပိုင်းဒေသ ငါးတစ်မျိုးဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ပေါ့။ အဲဒီလိုမှ မဟုတ်လဲ တွားသွား သတ္တဝါတစ်ကောင်လောက် စမ်းမွေးလို့ ဖြစ်တာပဲ။ သူတို့တွေကို ကြည့်ရှုစောင့် ရှောက်ဖို့က အုံ့ဩစရာကောင်းလောက်အောင် လွယ်တယ်နော်”

“ဘာတိရစ္ဆာန် အမျိုးအစားဖြစ်ဖြစ် ကွာခြားမယ် မထင်ပါဘူး နိုရီရယ်။ ကျွန်မတို့က အရာရာ ကိုယ့်အရှိန်လေးနဲ့ ကိုယ် ပြီးမြောက်အောင် လုပ်ဆောင်ခဲ့တာပဲ။ ကျွန်မတို့သိတာ ဒါ အကုန်ပဲလေ။ တခြား တစ်စုံတစ်ယောက်နဲ့ ခုချိန်မှ ပေါင်းစည်း လိုက်ရင် ဘယ်တော့မှ အသားကျမယ် မထင်ပါဘူး”

mgyee.com

mgyoe.com SAMPLE BOOK

"ဒါပေမဲ့..."

"ဒါပေမဲ့လည်း ဝမ်းနည်းမှုက ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ဘူး"

နိုရီအို လျှာဖျားပေါ် ရောက်လာတဲ့ စကားလုံးတွေကို မျိုချလိုက်တယ်။ ဒါဟာ နောက်ထပ် စည်းကမ်းချိုးဖောက်တာမျိုး ဖြစ်သွားလိမ့်မယ်။

"ကျေးဇူးပါ နိုရီ" ယုကီ အသံမှာ ရွှင်ရွှင်မြူးမြူး ပြန်ဖြစ်လာတယ်။ သူ မတ်မတ်ထိုင်နေရဲ့။ နိုရီအိုကို ဘာအတွက် ကျေးဇူးတင်လဲဆိုတာ မမေးနိုင်ခင်မှာပဲ ယုကီ ဆက်ပြောတယ်။ "ကျွန်မနဲ့ အန်နီကို ပြန်လည် သင့်မြတ်စေလို့ ရှင့်ကို တကယ်ကျေးဇူးတင် အသိအမှတ်ပြုပါတယ်။ ကျွန်မက တောင်းဆိုတာတွေ များနေတာ သိပါတယ်။ ပြီးတော့ ကျွန်မ ပုံစံအတိုင်း ဖြစ်မလာတဲ့အခါဆိုရင်လဲ စိတ်တို ဝမ်းနည်းမိတယ်။ ဒါပေမဲ့ အန်နီကို ဒီမှာ မွေးတာက ကျွန်မအတွက် ပြောင်းလဲဖို့ ဘယ်လောက်ခက်ခဲတော့မယ်ဆိုတာကို မြင်မိစေတယ်။ ဘဝမှာ နားလည်ပေးဖို့ မကြိုးစားခင် အမှန်တကယ် တွေ့ကြုံခံစားရဖို့ ကိစ္စရပ်တွေ အများကြီး ရှိတယ် နိုရီရဲ့"

"အင်း... ဒါမျိုးကို မင်း တကယ် လိုချင်ရဲ့လား"

"ကျွန်မ လိုချင်တာမျိုးမဟုတ်ဘူး။ ဆိုလိုတာကလေ ကြောင်တစ်ကောင်ဟာ ကျွန်မ ဖြစ်စေချင်တဲ့အတိုင်း အတိအကျ လုပ်ပေးမှာမျိုးက တောင်းဆိုလွန်းအားကြီးနေတာ မဟုတ်ဘူးလား။ အန်နီကို ကျွန်မ ကျေးဇူးကျွေးတင်သွားပြီ ထင်တယ်။ မဟုတ်လဲ တောင်းပန်တာမျိုး ဖြစ်လောက်မယ်"

ယုကီ နှာရည်ယိုစပြုသွားလို့ ခုတော့ တစ်ရှူးနဲ့ အလျင်စလို သုတ်လိုက်ရတယ်။

"ဆောရီး။ ခေါင်းတော်တော် အုံ့ခဲနေပြီ။ ကျွန်မ ခဏ လှဲနေတော့မယ်"

နှာခေါင်းမှာ တစ်ရှူးဆို့ရင်း သူ ထပြီး သူ့အခန်းဘက် ခြေလှမ်းလိုက်တယ်။ နိုရီအိုလည်း သူ့ကို သွားခွင့်ပြုတယ်။ အခန်းတံခါးပိတ်သံ ကြားတော့မှ နိုရီအို ထိုင်ခုံကနေ စိတ်မပါဘဲ ထလိုက်မိတယ်။

"လာလေ အန်နီ။ မင်းကို အိမ်ပြန်ပို့ပေးမယ်"

အန်နီက နောက်ဆုံးတော့ ကြောင်တာဝါပေါ် တက်ဖို့ ဆုံးဖြတ်လိုက်ပြီပဲ။ စင်မြင့်ပေါ် ခြေပစ်လက်ပစ် ထိုင်ရင်း နိုရီအို့ကို အောက်ငုံ့စိုက်ကြည့်နေရဲ့။

သူ့အေးစက်စက် အကြည့်တွေကို မခံနိုင်တော့တဲ့အဆုံး နိုရီအို ပြတင်း

mgyoe.com

ပေါက် အပြင်ဘက်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်တယ်။ လေထဲလွင့်နေတဲ့ ဝတ်မှုန်စတွေ မနည်းမနော ရှိနေဆဲပဲလို့ သူ တွေးမိတယ်။ လေရဲ့ ဦးတည်ရာဘက်ပေါ် မူတည်ပြီး အိုကုတာမာနဲ့ ချီချီဘူတို့မှာရှိတဲ့ သစ်တောထဲက သစ်ကတိုးဝတ်မှုန်တွေဟာ တိုကျိုပြင်လယ်အောက်ကို ဖြတ်ပြီး ချီဘဆီ ရောက်လာနိုင်တယ်လို့ သူ ကြားဖူးတယ်။ အဲဒီအကြောင်း တွေးမိတော့ နည်းနည်း ရူးကြောင်ကြောင်နိုင်တယ်။

"ကမ္ဘာပေါ် ရှိ သစ်ကတိုး အပင်တို့ရေ... မျိုးပွားဖို့ ဒီလောက် စိတ်အားထက်သန်ကြတာလား။ တောင်ပေါ် မှာ မားမားမတ်မတ်တည်ရှိရင်း လေထဲဝတ်မှုန်တွေ ပန်းထွက်လိုက်တဲ့အခါ လူတွေကို ဘယ်လောက်တောင် စိတ်ရှုပ်စေလဲ။ ဒါမှမဟုတ် ဝတ်မှုန်တွေ ဘယ်ကိုကျသွားလဲဆိုတာ ခဏလေးတောင် မတွေးမိဘူးလား။ မခံမရပ်နိုင်လောက်တဲ့ ဝမ်းနည်းမှုနဲ့ ကြွကြွခံ ဖြေရှင်းနေရလို့လား"

အဲဒီနောက်မှာ တစ်စုံတစ်ရာဟာ သူ့အမြင်အာရုံရှေ့ ဖျတ်ခနဲ ပေါ်လာတယ်။

သူ လှည့်တောင် မကြည့်နိုင်ခင် အန်နာက တာဝါပေါ်ကနေ ခုန်ချနှင့်ပြီးပြီ။ "ရှူး" ဆိုပြီး အော်ဟစ်ရင်း ရှိုဂျီတံခါးဆီ ပြေးသွားရဲ့။ တံခါးရဲ့ စက္ကူတွေကိုရော ခနော်နီခနော်နဲ့ တံခါးဘောင်ကိုရော သူ့လက်သည်းတွေနဲ့ ကုတ်ခြစ် ဖြဲပစ်လိုက်တယ်။

❑

ဘာတွေ ဖြစ်ပျက်နေလဲဆိုတာ နားလည်ဖို့ နိုရီအို့အနေနဲ့ အချိန်ခဏယူလိုက်ရတယ်။ အန်နီက တာတာမီအခန်းထဲ ဟိုဟိုဒီဒီ လျှောက်ကုတ်ရင်း မာန်ဖီလိုက် ဆွဲငင်ငင်အော်လိုက်နဲ့။ ရှိုဂျီတံခါးနဲ့ ဖူစူမာတံခါးတွေရယ်၊ ဖျာခင်းထားတဲ့ ကြမ်းပြင်ရယ် ဆွဲကုတ် ဖြဲပစ်သေးတယ်။ တာဝါပေါ် ပြန်တက်ပြီး ကုတ်ခြစ်ရင်းနဲ့မှ ထပ်ခုန်ချတယ်။ ပြီးတော့ သစ်သားစားပွဲတွေကို သဲကြီးမဲကြီး အာရုံရောက်သွားပြန်ရော။

အဲဒီနောက် နိုရီအို့ခြေထောက်နားကနေ ဧည့်ခန်းထဲ လှစ်ခနဲ ပြေးသွားတယ်။ အလှပြင်ဗီရိုပေါ် ခုန်တက်ပြီး ဓာတ်ပုံမှန်ဘောင်တွေ၊ ပန်းအိုးရယ်၊ နာရီရယ်ကို တိုက်ချလိုက်တယ်။

ပန်းအိုး အစိတ်စိတ်အမွှာမွှာ ကွဲသွားတဲ့အသံက နိုရီအို့ကို လှန့်နိုးလိုက်သလိုဖြစ်ပြီး သူ သတိဝင်လာတယ်။

"အန်နီ... ရပ်စမ်း"

mgyoe.com

myoe.com

နိုရီအို့အနေနဲ့ အန်နီ့ကို လိုက်ဖမ်းဖို့ မဖြစ်နိုင်။ ဒါတောင် သူ အန်နီ့နောက် တကောက်ကောက်လိုက်ရင်း ကုန်းလိုက်ကွလိုက်နဲ့ ဖမ်းဖို့ ကြိုးစားတယ်။ သူ့ခြေထောက်ကို သူ ခြေကလိမ်ချိတ်ပြီး ဆိုဖာဘေးနားက မီးအိမ်ကို တိုက်မိတယ်။ မီးအိမ်ပြိုလဲသွားတာမို့ မီးသီး ခွမ်းခနဲကျကွဲသံ ကြားလိုက်ရတယ်။

"ဟေး အန်နီ... ရပ်စမ်း။ ဟုတ်ပြီလား၊ ရပ်လိုက်စမ်း"

သူညို့သံကျည်းနဲ့ အခန်းအလယ်ကောင်ရှိ စားပွဲပုလေး တိုက်မိသွားတာမို့ ရှေ့ကို ဒယီးဒယိုင် ဆက်လျှောက်မိပြီး လဲကျသွားပြန်တယ်။ သူ့အပေါ် ဘက်စင်ကနေ စီဒီခွေတွေ ဝေါခနဲ ကျလာလေရဲ့။

ခုတော့ အန်နီက ထမင်းစားစားပွဲပေါ် လျှောက်သွားနေတာမို့ ကော်ဖီခွက်တွေ၊ ပန်းကန်ပြား၊ ပန်းကန်လုံးတွေ ကြမ်းပြင်ပေါ် ဝဲကျလာလေရော။ သူ့ရှေ့ခြေဖဝါးတစ်ဖက်ကို လိမ္မော်ဖျော်ရည် နှစ်လီတာဘူးဆီ ဆန့်ထုတ်ရင်း သေသေချာချာ မှန်းဆပြီး ခုန်တက်လိုက်တယ်။ အလွန် သန့်ရှင်းသပ်ရပ်ပြီး နှင်းပွင့်တွေလို ဖြူဆွတ်နေတဲ့ သူတို့ရဲ့ ကော်ဇောပေါ် လိမ္မော်ရည်တွေ ဖြည်းဖြည်းချင်း လွင့်စဉ်လာတာကို ခြေကားရားလက်ကားရားလဲနေတဲ့ နိုရီအို့ခမျာ ကြက်သေသေရင်း ငေးကြည့်နေမိတယ်။

"ရှင် အဆင်ပြေလား။ ဘာတွေဖြစ်နေ"

ယုကီ ဧည့်ခန်းတံခါးဝ ရောက်တုန်း အသံတိတ်သွားလေရဲ့။

အန်နီက ထမင်းစားစားပွဲပေါ်ကနေ အားနဲ့မာန်နဲ့ ခုန်ချပြီး ခုန်ဆွခုန်ဆွ လုပ်လိုက်၊ ပြေးလိုက် လွှားလိုက်နဲ့။ ပြီးနောက် စားပွဲပေါ်ပြန်တက်ပြီး မီးဖိုချောင်ဘောင်စင်ထဲ ထိုးဆင်းသွားလေရဲ့။

❑

"သူ ဘယ်လိုများ ဖြစ်သွားတာတုန်း"လို့ ယုကီ အသံအက်အက်ကလေးနဲ့ ပြောရင်း ကြမ်းပြင်ကို အဝတ်နဲ့ ပွတ်တိုက်သုတ်နေတယ်။

"ကိုယ့်ကို မမေးနဲ့"

"လိမ်မာပြီး အပြုအမူကောင်းတယ်လို့ ထင်ထားတာ"

"ကိုယ် ပြောပြီးပြီပဲ။ မမေးနဲ့တော့"လို့ နိုရီအို သက်ပြင်းချတယ်။ သူတို့တွေ အသုံးအဖြုန်းကြီးပြီး ဝယ်ထားတဲ့ထဲ ဂျီနိုရီကော်ဖီခွက်လည်း ပါတာမို့ ကွဲသွားတဲ့ အပိုင်းအစတွေကို သူ လိုက်ကောက်နေရဲ့။

အိမ်မွေးတိရစ္ဆာန်ဆိုင်နဲ့ သူ လက်မှတ်ထိုးခဲ့တဲ့ စာချုပ်မှာ ကြောင်ကြောင့်

myoe.com

mgyoe.com

ဘာယ်လိုထိခိုက် ဆုံးရှုံးမှုမျိုးကိုမဆို တာဝန်မယူတဲ့အကြောင်း အတိအကျ ပါဝင်တယ်။ အန်နီ ဒီလိုမျိုး လုပ်လောက်မယ်ဆိုတာ ဆိုင်ပိုင်ရှင် တိတ်တခိုး သိခဲ့မလားဆိုပြီး အန်နီ့ကို ကြည့်ရင်း နိုရီအို မကျေမချမ်းနိုင် ဖြစ်နေရဲ့။ အန်နီက ခုများတော့ ပိုမို တည်ငြိမ်သွားပြီး ခပ်တည်တည်ထိုင်ရင်း သူ့ရှေ့ခြေဖဝါးကို လျက်နေရဲ့။

အခန်း နေသားတကျ ပြန်ဖြစ်ဖို့ တစ်နာရီလောက် ကြာသွားတယ်။ ပြီးနောက် တိုင်ပင်စရာမလိုဘဲ သူတို့နှစ်ဦးသား နံရံကိုမှီရင်း ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်ပြီး အကြည့်ချင်း ဖလှယ်လိုက်တယ်။

"ဟူး... ဒုက္ခသုက္ခပါပဲ" လို့ ယုကီ ပြောတယ်။

"အဓိပ္ပာယ်မရှိဘူးကွာ" လို့ နိုရီအို တုံ့ပြန်တယ်။

အပြစ်ဆို့စရာမရှိတဲ့ သူတို့ဘဝမှာ ဒါမျိုးဖြစ်သွားတာဟာ သိပ်လွန်သွားပြီကိုး။ ငြိမ်းချမ်းတဲ့ တနင်္ဂနွေနေ့ဟာ အစုတ်စုတ် အပြတ်ပြတ်နဲ့။

အစိတ်စိတ် အမွှာမွှာ ပြဲနေတဲ့ ရှိုဂျီတံခါးကို ငေးနေရင်း ယုကီပြောတယ်။

"အမြင်တွေ ရှင်းသွားပြီ ထင်တယ်"

"အင်း..." နိုရီအို ခေါင်းညိတ်ပြတယ်။

"ကျွန်မတို့ သင်ခန်းစာရလိုက်ပြီ။ ရှင့်ကို ကျေးဇူးတင်ပါတယ်"လို့ ယုကီက ဟန်ပါပါ လေသံနဲ့ ပြောတယ်။ "ကြောင်မွေးရတာ သိပ်ခက်ခဲတဲ့အလုပ်ဆိုတာ ကျွန်မတို့ နားလည်ပြီ"

နံရံကိုမှီပြီး ခြေပစ်လက်ပစ် ထိုင်နေရင်းနဲ့မှ သူ အန်နီ့ကို လှမ်းခေါ်တယ်။ "ဟေး ... အန်နီရေ။ တို့တွေဆီ လာပါဦး"

ညောင်လို့ တိုးဖွဖွထူးရင်း အန်နီ သူ့ဆီ လျှောက်လာတယ်။ စောင့်ဆိုင်းနေတဲ့ သူ့လက်တွေဆီကိုပေါ့လေ။

"ခုနကမှ စိုးရွံ့တုန်းရှိသေး။ ခုတော့ ခြောက်သွားပြီ" လို့ ယုကီက အန်နီ့ကျောကို ပွတ်ရင်း သဘောကျတဲ့ပုံစံနဲ့ ပြောလေရဲ့။ ဒါပေမဲ့ အန်နီ့ အမွေးတွေက ညစ်ပတ်နေပါလေရော။ သူ ခုန်ဆင်းသွားတဲ့ ဘောစင်ထဲမှာ ညစ်ပေနေတဲ့ အိုးခွက်ပန်းကန်တွေ အပြည့်ရှိနေတာကိုး။

"အန်နီ့ကို ကိုယ်တို့ ရေချိုးပေးသင့်တယ်နော်" လို့ နိုရီအို ပြောတယ်။

"အလုပ်ဖြစ်မယ်လို့ ထင်လား"

"နည်းနည်းတော့ လူးလွန့်လောက်မှာပေါ့။ ဒါပေမဲ့ ကိုယ်တို့ အတူ ရေချိုး

mgyoe.com

mgyoe.com SAMPLE BOOK

ပေးရင်တော့ အဆင်ပြေမှာပါ"

'အတူ' ဆိုတဲ့ စကားလုံးကို နိုရီအို အနည်းငယ်တော့ ကြိုးစားဖိပြောလိုက်ပေမဲ့ ယုကီ သတိပြုမိရဲ့လားတော့ သူ သေချာမသိ။ ယုကီ ခက်ထန်ချင်ဟန်ဆောင်ဖို့ ဗျာများရင်း အန်နီကို စကားပြောနေတယ်။ "မင်း အပြုအမူ ကောင်းသင့်တယ်ကွာ၊ ဟုတ်ပြီလား"

အန်နီက ပျင်းကြောဆန့်ပြီး သုံးကြိမ် နှာချေလိုက်တယ်။

"တွေ့လား။ စိုရွှဲသွားလို့ အအေးမိကုန်ပြီ"

စကားလုံးတွေ သူ့နှုတ်မှ ထွက်ကျလာချင်းချင်းပဲ ယုကီ့ဆီက နှာချေသံ အကျယ်ကြီး ထွက်လာတယ်။ နိုရီအို ပြုံးရင်း ခေါင်းယမ်းပြီး ထရပ်၊ ရေချိုးခန်းဆီ ဦးတည်လိုက်တယ်။

သူ ရေပူဖွင့်ရင်း အန်နီ ကြက်သီးထွေးလောက် အနေအထားကို နှစ်သက်မလားလို့ နိုရီအို သိချင်မိရဲ့။ ကြောင်တွေဟာ ဆတ်ဆတ်ထိမခံတဲ့ သတ္တဝါတွေကိုး။ အပူချိန် ချိန်ညှိရင်း သူ့စိတ်ထဲ ရယ်ချင်လာသလို ခံစားရတယ်။

"တစ်ခါတလေတော့ ငါတို့ ဒီအနေအထားမျိုး လိုအပ်တာ ဖြစ်လောက်မယ်"

အကျီမချွတ်ဘဲ ရေပန်းအောက် သူ ဝင်လိုက်ပြီး မျက်နှာကို ရေတွေ စီးကျစေလိုက်တယ်။

"အမြဲတမ်း မဟုတ်ဘဲ တစ်ခါတလေပေါ့လေ"

"ဟေး ... လာကြတော့" လို့ သူ ယုကီကို လှမ်းခေါ်တယ်။ "ရေပန်းဖွင့်လိုက်ပြီ"

ဧည့်ခန်းထဲက နှာချေသံနှစ်သံ ထွက်လာတာများ သူ့စကားကို တုံ့ပြန်လိုက်သလိုလို။ တစ်သံက ကျယ်ပြီး နောက်အသံကတော့ တိုးဖွဖွကလေးပေါ့လေ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ခရီးသည်ထိုင်ခုံပေါ်က ကြောင်

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

တေးကို အမြဲတစေ လိုချင်မိတာက ကြောင်အနက်။

ကူရို့ကိုပဲ တောင်းဆိုခဲ့တာ ငါးနှစ်ရှိပြီ။ ကူရိုဆိုတာက မိန်းကွန်းကြောင် အမျိုးအစား (အိမ်မွေး ကြောင်အကြီးမျိုး) ဖြစ်ပြီး နာမည်က 'အနက်ရောင်' လို့ အဓိပ္ပာယ်ရတယ်။ ခုတော့ ကူရို့ဟာ 'စောင်ခြုံထားသောကြောင်' အဖြစ် ဝန်ဆောင်မှုပေးဖို့ အသက်ကြီးလွန်းနေပြီ။ တေးကိုဟာ ကူရို့အစား အခြားကြောင်ကို အမြဲ ရွေးရတယ်။ အနက်ရောင်အမွေးတောက်တောက်နဲ့ မျိုးစပ်ကြောင်တစ်ကောင်ကိုပေါ့။ နာမည်ကတော့ ကူရိုလို့ပဲ ပေးဖြစ်တယ်။

"အခြားကြောင်တွေကိုလည်း ကြိုက်ပါတယ်" လို့ တေးကိုဟာ ကူရိုအငယ်ကလေးကို ကောင်တာမှာ ရပ်စောင့်နေရင်း ဆိုင်ပိုင်ရှင်ကို ပြောတယ်။

သူဟာ စကားများတတ်တဲ့လူမျိုး မဟုတ်ပေမဲ့ ကူရို့ကို လာငှားတဲ့အခါတိုင်း စကားစမြည် ပြောလေ့ရှိတယ်။ နောက်ထပ် သုံးရက်လုံး ကူရိုနဲ့အတူ ရှိမှာမို့ တေးကို အင်မတန် စိတ်လှုပ်ရှားနေတာ။

"ဒါပေမဲ့ ကြောင်အနက်တွေက သိပ်လှတယ်လို့ မထင်ဘူးလား" လို့ သူ ဆက်ပြောတယ်။ "အဖိုးထိုက်တန်တဲ့ အဆင်တန်ဆာ အသေးကလေးတွေလိုပေါ့"

"အဆင်တန်ဆာ ဟုတ်လား" လို့ ဆိုင်ပိုင်ရှင်က တေးကိုရဲ့ အချက်အလက်တွေ ကွန်ပျူတာထဲ ရိုက်ထည့်ရင်း တီးတိုးရေရွတ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဆောရီး... သင့်တော်တဲ့ စကားစုမဟုတ်ဘူး ထင်ပါ့"

"အို့... မဟုတ်တာဗျာ။ စကားစု ဖြစ်နေသရွေ့ အဆင်ပြေပါတယ်" လို့ ဆိုင်ပိုင်ရှင်က ဖျော့တော့တော့ ပြုံးပြီး ကွန်ပျူတာရဲ့ မောက်စ်ကို နှိပ်လိုက်တယ်။ ကွန်ပျူတာမျက်နှာပြင်မှာ တေးကိုရဲ့ငှားရမ်းထားတဲ့ရာဇဝင် ပေါ်လာတယ်။ ထုံးစံအတိုင်း နောက်ဆုံး ငှားခဲ့တာက လွန်ခဲ့တဲ့သုံးလ။ တေးကိုဟာ တစ်ရာသီ တစ်ကြိမ် ပေါ်လာတတ်သူ။

"ကူရိုအကြီးကော ဘယ်နှယ့်နေလဲ" လို့ တေးကို မေးတယ်။

"သူကတော့ အေးအေးဆေးဆေးပါပဲ။ အလုပ်လုပ်တဲ့ အသက်အရွယ် ကျော်ပြီမို့ ဒီမှာတော့ သူ့ဘဝ အေးချမ်းနေပြီ"

"သူ အနားယူလိုက်တာ နှစ်နှစ်ရှိပြီလား။ ကျွန်မကိုတော့ မေ့သွားပြီ ထင်ပါရဲ့။ ကြောင်ဖြစ်ခဲ့တာရော၊ အရာရာကိုရောပေါ့လေ"

"အို့ ... လူတွေ အားလုံးထဲကမှ အစ်မကို သူ မှတ်မိတာ သေချာပါတယ်။ အစ်မက သူ့ကို ခရီးတွေ အတော်များများ ခေါ်သွားဖူးတာကိုး"

"ကြောင်တွေဟာ လူတွေနဲ့ ဒီလိုမျိုး သံယောဇဉ်မတွယ်ဘူး ထင်ပါ့"

"သူတို့ တွယ်တာတတ်ကြပါတယ်။ ခွေးတွေလို မထုတ်ဖော်ပြလို့ပါ"

"သုံးချက်လောက် လုပ်ပြီးတာနဲ့ အရာအားလုံး မေ့သွားတာ မဟုတ်လား။ အို့ ... ခဏနေဦး" လို့ ပြောပြီး တေးကို တခစ်ခစ် ရယ်လေရဲ့။ "အဲဒါ ကြက်တွေကို ပြောတာ မဟုတ်လား"

ဆိုင်ရှင်က ပြန်ပြုံးပြပြီးနောက် မေးတယ်။ "ဒီတစ်ခါ သူ့ကို ဘယ်ခေါ်သွားမှာလဲ"

"ရေပူစမ်းနှစ်ခုကိုပေါ့။ တောင်ပေါ်က တစ်ခုရယ်၊ ပင်လယ်နားက တစ်ခုရယ်"

"ကောင်းလိုက်တာဗျာ"

"ကောင်းတယ် မဟုတ်လား" လို့ တေးကို ဝင့်ဝင့်ကြွားကြွား ပြောတယ်။

"တောင်တန်းနဲ့ ပင်လယ်။ အင်း..." လို့ ဆိုင်ရှင်က တိုးတိုးပြောရင်း ကြမ်းပြင်ကို ဖျတ်ခနဲ ငုံ့ကြည့်တယ်။ နောက်မှ တေးကိုကို မော့ကြည့်ပြီး "ဒါနဲ့... ကူရိုအကြီးကိုပဲ ခေါ်သွားရင်ကော ဘယ်လိုသဘောရလဲ"

"တကယ်လား"

"ကျွန်တော် ပြောခဲ့သလိုပေါ့။ သူ အသက်ကြီးလာပြီ။ သိပ်မကြာခင်

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်ကိုမှ မသွားနိုင်တဲ့ အခြေအနေကို ရောက်တော့မယ်။ သူ ကျန်းမာရေးကောင်းတုန်း ပင်လယ်ဖြစ်ဖြစ်၊ တစ်နေရာရာဖြစ်ဖြစ် ခေါ်သွားရင်ကောင်းမယ်လို့ ကျွန်တော်တွေးနေတာ။ အလုပ်မလုပ်တာ နည်းနည်းကြာပြီ ဆိုပေမဲ့ အစ်မနဲ့တော့ ကူရှိ အဆင်ပြေမှာပါဗျာ"

"မင်း စိတ်မရှိဘူး မဟုတ်လား"

"မရှိပါဘူးဗျ။ အစ်မ အဆင်ပြေတယ်ဆိုရင် ဖြစ်ပါတယ်"

"သေချာလားဟင်" လို့ တေးကို မေးရင်း သူ့ခေါင်းကို ငဲ့စောင်းပြီး ဆိုင်ရှင်ကို မျှော်လင့်တကြီးနဲ့ ကြည့်နေရဲ့။ လက်ဆောင်ရလို့ မဝံ့မရဲဖြစ်နေတဲ့ မိန်းမပျိုကလေးအတိုင်းပဲ။ "တကယ်လား" လို့ သူ ထပ်မေးရင်း စိတ်လှုပ်ရှားလို့ တင်ပါးခါယမ်းသွားတယ်။

တေးကိုဟာ အသက် ငါးဆယ်ကျော်။ သူ ဘာတွေ လုပ်စားခဲ့တာလဲ။ သူဦးနှောက် တစ်စိတ်တစ်ပိုင်းက အလုပ်လုပ်နေဆဲမို့ တည်တည်ငြိမ်ငြိမ် နေပါလို့ သူ့ကို ပြောနေတာ။ ဒါပေမဲ့လည်း ရင်ဖိုစိတ်လှုပ်ရှားတဲ့ ခံစားချက်ကို ခါတိုင်းထက် ထိန်းသိမ်းရ ခက်နေတယ်။

ကူရှိအငယ်ကလေးက ကောင်းမွန်တဲ့အဖော်မွန်ဆိုပေမဲ့ တေးကို နှစ်ပေါင်းများစွာ ကောင်းကောင်း သိကျွမ်းလာတဲ့ မူလကြောင်နဲ့တော့ ယှဉ်လို့ မရဘူးပေါ့လေ။ မိန်းကွန်းကြောင်ကြီးကတော့ ကားပေါ်မှာ ဟန်မူရာကြော့ကြော့၊ ကိုယ်နေဟန်ထား လှလှပပနဲ့ အမြဲတမ်း မော်မော်ကြွားကြွား ထိုင်တတ်တယ်။ သူ့ကို တေးကို တစ်နေရာရာကို ခေါ်သွားခဲ့ပါလားလို့ ပြောဖို့တောင် မလုံလောက်ပုံပဲ။ ကူရှိဟာ တေးကိုရဲ့ အဖော်မွန်ဖြစ်လို့ တခြား ဘယ်လိုဖော်ပြချက်မဆို ကူရှိအဖို့ တရားမျှတမှု မရှိဘူး။ ခွေးချစ်သူတွေ သူတို့ရဲ့ ရွှေရောင်ရီထရီဗာခွေးကို ကားပေါ် တင်ပြီး ပျော်ပျော်ကြီး ကားမောင်းထွက်ကြသလိုမျိုးပါပဲ။

"ဒီခရီးဟာ သူ့အတွက် နောက်ဆုံး ဖြစ်လောက်မယ်"လို့ ဆိုင်ရှင် ပြောပြီး ကူရှိအငယ်ကလေးအတွက် ကြိုတင်ငှားထားတာကို ပယ်ဖျက်လိုက်တယ်။ "သူ့အတွက် အမှတ်ရနေမဲ့ ခရီးလေး ဖန်တီးပေးလိုက်ပါဗျာ"

တေးကို ပြုံးရင်း ခေါင်းညိတ်ပြပြီးနောက် ဆိုင်ရှင် အနောက်ဘက်ခန်းထဲ ကြောင်သွားယူတာကို စောင့်ကြည့်နေတယ်။ ဒီအပြုံး သူ့မျက်နှာကနေ ဖျောက်တော့ ပျောက်ကွယ်သွားရင် သူ အထီးကျန်တော့မှာ သေချာပါတယ်လေ။

❑

mgyoe.com

m.gyoe.com SAMPLE BOOK

သူတို့ ဝေးကွာနေတဲ့ နှစ်နှစ်အတွင်း ကူရို အသက်ကြီးလာတာ သိသာလိုက်တာ။ သူ့အမွေးနက်နက်တွေ တောက်ပလင်းဝင်းနေတာမျိုး သိပ်မရှိတော့ဘဲ တော်တော်လည်း ပိန်ကျသွားတယ်။

"ကူရိုချန် ... ငါ တေးကိုလေ။ မှတ်မိလား" လို့ တေးကို ပြောရင်း ကြောင်ကို ပွေ့ဖက်လိုက်တယ်။

ကြောင်က မရုန်းသလို အော်တာမျိုးမရှိ။ ပျော်ရွှင်တဲ့ အရိပ်အယောင်လဲ မပြ။ သူ့လှုပ်ရှားမှုတွေဟာ နှေးကွေးလေးလံပြီး အင်တင်တင် ပုံစံမျိုး ဖြစ်နေရဲ့။ "သူ နည်းနည်းတော့ အသက်ကြီးလာတာ သေချာတယ်" လို့ ဆိုင်ရှင် ပြောတယ်။ "ဒါပေမဲ့ ကျန်းမာရေး ကောင်းပါသေးတယ်။ အပေါ့အလေး သွားပြီးရင်လည်း သူ့ဘာသာ သန့်ရှင်းရေးလုပ်တုန်းပဲ"။ ဆိုင်ရှင် ခဏတန့်သွားတယ်။ "နောက်ခြောက်လအတွင်း ကျွန်တော်တို့ ဒီလိုမျိုး ထပ်တူပြောနိုင်မယ်တော့ မသေချာဘူးဗျာ"

သူ ကူရိုကို လှောင်အိမ်ထဲထည့်ပေးပြီးနောက် ခန္ဓာကိုယ် ပတ်ပတ်လည်ကို စောင်လွှမ်းပေးတယ်။

ကြောင်တစ်ကောင် အိမ်မွေးတိရစ္ဆာန်ဆိုင်ကနေ ထွက်ခွာတဲ့အခါတိုင်း စောင်ခြုံပေးတာဟာ လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းပဲ။ ကားပါကင်မှာ ရပ်ထားတဲ့ တေးကိုရဲ့ ကားဆီသွားရာ ခရီးတိုလေးမှာတောင် မဖြစ်မနေလုပ်ရတာမျိုး။ "စောင်ခြုံထားသော ကြောင်" အဖြစ် လုပ်ငန်းစဉ်စတင်ဖို့ အချက်ပြနည်းတစ်မျိုးပေါ့လေ။ ကူရိုကို လှောင်အိမ်ထဲ ထည့်နေတုန်းမှာ သူ ဘာတွေ စဉ်းစားတတ်လဲ။ ဒီမေးခွန်းရဲ့ အဖြေကို တေးကို အင်မတန် သိချင်နေတာ။ ကူရိုဟာ စောင်ပတ်ထားရင်း နေရာတစ်နေရာတည်းကိုပဲ ငေးကြည့်နေလေ့ရှိတယ်။ မိန်းကွန်းကြောင်တွေဟာ ရက်ကွန်းဝံတွေရဲ့ မျိုးစပ်ဖြစ်တာမို့ တောရိုင်းတိရစ္ဆာန်ဆန်ဆန် စူးရှတဲ့ အမြင်မျိုး ရှိတယ်။ ဒါကြောင့် လူ့မျက်စိနဲ့ သတိမထားမိတဲ့ အရာတွေကို မြင်နိုင်စွမ်းရှိလေရဲ့။ တေးကိုအတွက် အဲဒီလိုမျိုး ထင်ထင်ရှားရှား ဖြစ်နိုင်ခြေရှိခဲ့တဲ့ အချိန်တွေ ရှိခဲ့တာကိုး။

"သူ့ကို အချိန်ကောင်းလေး ပေးလိုက်ပါ။ ဟုတ်ပြီလား" လို့ ဆိုင်ရှင်က သူတို့ကို လိုက်ပို့ရင်း ပြောတယ်။ သက်သောင့်သက်သာရှိလှပြီး နူးညံ့တဲ့ သူ့အပြုံးကြောင့် တေးကို လေထဲလွင့်မျောနေတဲ့ ဆပ်ပြာအမြှုပ်ကို တွေးမိလေရဲ့။

"ကားအသစ်လေ" လို့ တေးကိုက ကြောင်ကို ခရီးသည်ထိုင်ခုံဘက်ခြမ်းမှာ ချပြီးနောက် ပြောတယ်။ ကားစက်နှိုးလိုက်တယ်။ "အင်း ... အမှန်ပြောရရင်တော့ တစ်ပတ်ရစ်ကားပေါ့လေ"။ သူ လက်ကိုင်ဘာဘရိတ်ကို လွှတ်ရင်း သက်ပြင်းချတယ်။

m.gyoe.com

သူတို့တွေ ခရီးအရှည်ကြီး မောင်းသွားကြမယ်။ ပထမဆုံး ရပ်နားဖြစ်မှာက နာဂါနို တောင်တန်းတွေပေါ်က ချောင်ကျတဲ့ ဂျပန်ရိုးရာတည်းခိုခန်းဖြစ်ပြီး မှောင်သွားတော့မှ ရောက်လိမ့်မယ်။ ဧပြီလလယ် ရောက်နေပေမဲ့ ရာသီဥတုက ဆိုးလာတယ်။ နှင်းကျလောက်တဲ့ အလားအလာတောင် ရှိလေရဲ့။

တေးကို မိန်းလမ်းမပေါ် ကွေ့ပြီး အရှိန်တင်လိုက်တယ်။ ကားအင်ဂျင် တဝူးဝူးညည်းသံ ထွက်လာပြီး ကားမှန်ကို လေတွေ တဟူးဟူး တိုးထိ တိုက်ခတ်နေရဲ့။ သူ့ကားက ဒီနေ့ခေတ်မှာ လူကြိုက်များတဲ့ ကိုယ်ထည်အမြင့်ကားပုံစံ ဖြစ်တယ်။ အမြန်လမ်းမှာ ကားမောင်းရင်း ဘေးဘယ်ညာ ဒါမှမဟုတ် တောင်တက်လမ်းရဲ့ အကွေ့အဝိုက်တွေမှာ ယိမ်းထိုးနေတဲ့ ကားပုံစံကို တေးကို မြင်ယောင်နေတယ်။

"ဟေး ကူရိုရေ။ ငါတို့ ပိုကောင်းတဲ့ကား ငှားရင် ဘယ့်နှယ့်လဲ။ သိတယ် မဟုတ်လား။ နည်းနည်း ပိုကျယ်တာမျိုးပေါ့"

ကူရရဲ့ နားရွက်ချွန်ချွန်တွေက ဆတ်ခနဲ တွန့်သွားတယ်။ ဒါဟာ သူ့ရဲ့ သဘောတူကြောင်းပြတဲ့ လက္ခဏာပဲလို့ တေးကို ကောက်ချက်ချလိုက်တယ်။

"မင်း အသက်ကြီးနေပြီနော်။ ငါတို့ အကွေ့တစ်ခုဖြတ်တိုင်း မင်း ကျွမ်းထိုး မှောက်ခုံမကျဖို့ပဲ မျှော်လင့်ပါတယ်"

အိမ်မွေးတိရစ္ဆာန်ဆိုင်ပိုင်ရှင် အပြောအရ ကူရိုရဲ့သွားတွေ အားလုံးနီးပါး ကျိုးထားတယ်တဲ့လေ။ ကူရိုဆိုတဲ့ ကြောင်မကြီးဟာ ခုဆိုရင် အသက် ဆယ့်နှစ်နှစ် ရှိပြီ။ တေးကို တွက်ချက်ကြည့်လိုက်တော့ သူတို့နှစ်ဦးသားရဲ့ ပထမဆုံးခရီးစဉ်တုန်းက ကူရို အသက်ငါးနှစ်ပဲ ရှိသေးတာ။ ကြောင်တွေမှာ အသက်ကြီးလာတဲ့ ကနဦး လက္ခဏာတွေဟာ အသက် ၈ နှစ် ဝန်းကျင်မှာ စတင်လေ့ရှိတယ်။ တခြားနည်းနဲ့ ပြောရရင် သူတို့ ပထမဆုံးတွေ့ဆုံတုန်းက ကူရိုဟာ နုနယ်ပျိုမျစ်ဆဲပေါ့လေ။

"အဲဒီတုန်းက ငါ အသက် လေးဆယ်ကျော်ပေါ့။ ငါ့ရဲ့ အကောင်းဆုံး လူငယ်ဘဝလို့တော့ ဆိုနိုင်မလား မသေချာဘူး။ ဒါပေမဲ့ ငယ်ရွယ်ပျိုမျစ်တယ်လို့တော့ ခံစားရတယ်"

ကားရဲ့ ဦးတည်ရာစနစ်မှာ အနီးဆုံး ကားငှားစခန်းကို တေးကို ရှာဖွေလိုက်တယ်။

"ဒါနဲ့ မင်းရဲ့ သခင်က နည်းနည်း အူကြောင်ကြောင်နော်။ ဖော်ရွေတယ် ဆိုပေမဲ့ သူ့အပြုံးက တကယ့်စိတ်ရင်းအတိုင်း ဟုတ်မဟုတ် ငါတော့ သေချာ မသိဘူးကွယ်။ မင်း ဘာတွေ တွေးနေလဲဆိုတာ သူ အမြဲတစေ သိနေသလိုလို။ မင်းကော

သူ့ကို ဘယ်လိုနားလည်ထားလဲ။ ငါ ဆိုလိုတာကလေ မင်းက အဲဒီဆိုင်ရဲ့ ပိုင်ဆိုင်မှုလေနော်။ သူ မင်းကို တိတ်တခိုး အနိုင်ကျင့်တာမျိုးတို့၊ တစ်ခုခုတို့ မလုပ်ဘူး မဟုတ်လား"

မီးပွိုင့်နီသွားတော့ တေးကို လမ်းဆုံကို ဖြတ်ရင်း တခစ်ခစ် ရယ်လေရဲ့။

"သူ မင်းကို ပေးထားတဲ့ နာမည်ကလည်း ငြီးငွေ့စရာကြီး။ နည်းနည်း ခံ့ညားတဲ့ နာမည်ဆိုရင် မင်း ပိုပြီး နှစ်သက်မယ်ဆိုတာ သေချာတယ်ကွာ"

"ငါ့ကိုလည်း မင်း ဒီလိုပဲ ထပ်တူပြောမယ် ထင်ပါရဲ့" လို့ တေးကို တွေးမိတယ်။

တေးကိုရဲ့ နာမည်ကို ရှေးဟောင်းဂျပန် ဟီရာဂါနအက္ခရာတွေနဲ့ ရိုးရိုးရေးထားတာ။ ကွယ်လွန်သွားပြီဖြစ်တဲ့ သူ့မိဘနှစ်ပါးစလုံးဟာ ပိုပြီး အသေးစိတ်ရေးလို့ရတဲ့ ခန်ဂျီးနဲ့ ဉာဏ်ရှိရှိ ရွေးချယ်ခဲ့တာ။ ဒါပေမဲ့ နာမည်ရဲ့ စုတ်ချက်အရေအတွက်ဟာ နိမိတ်မကောင်းစေဘူးလို့ ရှေ့ဖြစ်ဟောဆရာက သတိပေးခဲ့တာမို့ သူတို့တွေ ဟီရာဂါနကိုပဲ ရွေးချယ်လိုက်ရတယ်။ တေးကို လက်ထပ်တဲ့အခါ မျိုးရိုးနာမည် ပြောင်းသွားတာမို့ နာမည် ရေးသားချက်ဆိုတာကလဲ ဘာမှ အဓိပ္ပာယ်မရှိဘူးလို့ ဆိုရမယ်။ ဒါနဲ့ပဲ တေးကိုရဲ့ မိဘတွေစိတ်ထဲမှာလဲ ဟိုဟိုဒီဒီ မမှတ်ယူတော့တဲ့ပုံပဲ။

မျိုးရိုးနာမည် ပြောင်းဖြစ်တာက လွန်ခဲ့တဲ့ အနှစ်သုံးဆယ်မှာ။ စုတ်ချက်အရေအတွက်ကို ထည့်စဉ်းစားရင်တော့ ဂဗ္ဗီရသဘောအရ နာမည်အသစ်ရဲ့ စုစုပေါင်း အရေအတွက်ဟာ ကံဆိုးခြင်းလို့ သက်ရောက်တယ်။ နိမိတ်မကောင်းတဲ့ နံပါတ်တစ်ခုပေါ့လေ။

အဲဒီလို ပြောင်းပြီးလို့ သုံးနှစ်အကြာမှာ တေးကို နာမည်အဟောင်း ပြန်ရသွားတယ်။

နောက်ထပ်တစ်နှစ်အကြာ မျိုးရိုးနာမည်အသစ် ထပ်ပြောင်းပြန်တယ်။ ဒါလဲပဲ ကံမကောင်းစေတဲ့ စုတ်ချက်အရေအတွက် ဖြစ်ပြန်ရော။

အဲဒီအချိန်ကနေ ဆယ်စုနှစ် ကုန်လွန်ပြီးနောက် တေးကို သိလိုက်ရတာဟာ ရှေ့ဖြစ်ဟောဆရာက ဗရုတ်ကျပြီး မဟုတ်ကဟုတ်က ပြောခဲ့တာ မဟုတ်ဘူးဆိုတာပဲ။ စုတ်ချက်အရေအတွက် သင့်တော်တာမျိုး မဖြစ်ရင် တကယ့်ကို ကံဆိုးမိုးမှောင်ကျစေတာ တေးကို လက်ခံသွားတယ်။ နောက်ဆုံးတော့ သူ့မျိုးရိုးနာမည် အဟောင်းကို ပြန်ပြောင်းပြီး နောက်ထပ် ဘယ်တော့မှ လက်မထပ်ဖို့ ဆုံးဖြတ်လိုက်

mogyoe.com SAMPLE BOOK


တယ်။ မျိုးရိုးနာမည်ရဲ့ စုတ်ချက်အရေအတွက်ဟာ နံပါတ်လေး။ အဲဒီအချိန်မှာ သူ အသက်လေးဆယ် ရှိနေပြီ။ အဲဒီမတိုင်ခင်ကတော့ သူ့ဘဝမှာ နာမည်စုတ်ချက် အရေအတွက် အဆိုးဆုံးနဲ့ ပြီးဆုံးခဲ့ရတယ်။ ညစ်ညမ်း ရယ်စရာဟာသလိုမျိုးဖြစ်ဖို့ စတင်လာပုံပဲ။

အသက်လေးဆယ် ရောက်နေမှတော့ ဘဝရဲ့အဆင်မပြေမှုတွေ၊ ပျော်ရွှင်မှုတွေ ကြုံသင့်သလောက်တော့ ကြုံခဲ့မှာပဲ။ ဘဝက သင်ခန်းစာတွေ တပုံတပင်ပေးတယ်ဆိုရင် တေးကိုအဖို့တော့ သင်ခန်းစာအများစုကို ခက်ခက်ခဲခဲ သင်ယူခဲ့ရတာပဲ။

နောက်ဆုံး သူ့မိဘတွေ နာမည်ရေးပုံအရ တေးကို နာမည်မှာ စုတ်ချက် ဆယ်ချက် ပါဝင်တယ်။

ဒါပေမဲ့ ကြွကြွခံနိုင်အောင်လို့ ခန်းဂျီးနဲ့ ရေးမယ်ဆိုရင်တော့ ၁၅ ချက် ပေါ့လေ။ အဲဒီလို ခန်းဂျီး အသုံးပြုရမယ်လို့လဲ ဘယ်သူမှ မစဉ်းစားမိဘူး။ ၁၅ ဆိုတာ ကံကောင်းတဲ့ နံပါတ် ၃ ခုထဲက တစ်မျိုးပေါ့။ စုတ်ချက် ၁၅ ချက် ဆိုရင်တော့ ဘဝရဲ့ အရာရာဟာ သူ့ဟာနဲ့သူ အဆင်ပြေနေတော့မှာပဲ။

သူ့မိဘတွေ သူ့နာမည်ကို ခန်းဂျီးနဲ့သာ ပေါင်းပြီး ရေးဖြစ်မယ်ဆိုရင် တေးကိုအနေနဲ့ သူ့ခင်ပွန်း တစ်ယောက်ယောက်နဲ့တော့ အနည်းဆုံး ကံကောင်းခဲ့မှာပဲလေ။

ဦးတည်ရာနေရာ ရှာဖွေတာ အပြီးသတ်သွားတော့ တေးကို လက်ရှိရောက်နေတဲ့ နေရာနဲ့ ၁၀ ကီလိုမီတာ အတွင်းမှာ ကားငှားစခန်း သုံးနေရာ ရှိတယ်။ နှစ်ခုကတော့ အဓိက ကားထုတ်လုပ်ရေးတွေနဲ့ ပေါင်းစည်းထားပြီး တတိယတစ်ခုကတော့ နည်းနည်းတော့ အယုံအကြည်မရှိတဲ့နေရာ ဖြစ်ပုံရပြီး ဇိမ်ခံကားတွေ တင်သွင်းတယ်လို့ ဆိုထားလေရဲ့။

"ကျေးဇူးပြု၍ နေရာ ရွေးချယ်ပါ" လို့ ရှာဖွေရေးစနစ်ဆီက အမျိုးသမီးငယ်ရဲ့ အသံထွက်လာတယ်။

"ကျေးဇူးပြု၍ နေရာရွေးချယ်ပါ။ ကျေးဇူးပြု၍ နေရာရွေးချယ်ပါ"

"ဟာ... ပိတ်ထားစမ်းကွာ" လို့ တေးကို ဝေါက်လိုက်ပြီး ကူရှိဘက် လှည့်ကြည့်တယ်။ "ဟေး... ငါတို့တွေ ကိုယ့်ကိုယ့်ကိုယ် အလိုလိုက်ကြမလား။ Volvo ဖြစ်ဖြစ်၊ BMW ဖြစ်ဖြစ် ငှားလို့ရတာပဲ။ Mercedes Benz တောင် ငှားလို့ရတာပဲကွာ"

သူ့မှာ ပိုက်ဆံရှိတာ အသေအချာပဲ။ ပိုက်ဆံအများကြီးကို ဒီလို သုံးပစ်

mogyoe.com

လိုက်ဖို့က သူ့ဘဝမှာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် ဖြစ်လောက်တယ်။

"ဟေး ... ကူရို။ မင်း ဘယ်လို ထင်လဲဟင်"

ကြောင်ရဲ့ ရှည်လျားထူထဲနေတဲ့ အမြီးက အေးအေးလူလူ ဝှေ့ယမ်းနေရဲ့။ "နားထောင်နေပါတယ်" လို့ ပြောနေပုံပဲဆိုပြီး တေးကို ယူဆလိုက်တယ်။

❏

နောက်ဆုံးတော့ တေးကို Mercedes S-Class ပေါ်မှာ နေသားတကျ ဖြစ်သွားတယ်။ ကြိုတင်ငှားဖို့ လိုအပ်လောက်ပေမဲ့ သူ့အနေနဲ့ စရန်ငွေများများ ပေးလိုက်ရတယ်။ ကောင်တာပေါ် ပိုက်ဆံအထပ်လိုက် တင်ပေးတဲ့အခါ အထိတ်တလန့် ဖြစ်သွားတဲ့ ဝန်ထမ်းရဲ့ တုံ့ပြန်မှုကို တွေ့ရတော့ ဒီလိုနေရာမျိုးမှာ ငွေသားအများကြီး တွေ့နေကျ ဖြစ်စဉ်ဟာ မထူးမခြားနားဘူးလို့ သူ ထင်မိရဲ့။

အိမ်မွေးတိရစ္ဆာန်တွေကို ကားပေါ်တင်ခွင့် မပြုဘူး။ ကူရို့ကို လှောင်အိမ်ထဲက မထုတ်ပါဘူးလို့ တေးကို ကတိပေးလိုက်ပေမဲ့ သန့်ရှင်းစရိတ် ကာမိအောင် ယာယီစရံငွေ ပေးလိုက်ရပြန်တယ်။ ဝန်ထမ်းက တေးကို ထပ်မံပေးတဲ့ ငွေတွေကြောင့် မျက်နှာရှုံ့မဲ့သွားပုံရတယ်။

ပထမဆုံး မီးနီရပ်တဲ့အချိန်မှာတင် တေးကို ကတိချိုးဖောက်ပြီး ကူရို့ကို လှောင်အိမ်အပြင် ထွက်စေတယ်။

"စီးလို့ကောင်းတယ် မဟုတ်လား။ ဒါ Mercedes Benz လေ။ အနည်းလေးတော့ ယန်း ၁၀ သန်းလောက် ကုန်ကျနိုင်တယ်။ ဒါ စီးလို့ကောင်းတယ်ဆိုရင်တော့ အိမ်အပြန်လမ်းကျ တစ်စီးဝယ်လို့ ရတာပေါ့"

တေးကို ဆန္ဒရှိရင် သူ တကယ်ပဲ ဝယ်နိုင်မှာပါ။

ကားငှားစခန်းရှိ ဝန်ထမ်းက တေးကိုရဲ့ ယာဉ်မောင်းလိုင်စင်ပေါ်က နာမည်ကို သိရတော့ မျက်တောင်တစ်ချက်မခတ်ပေ။ ဆိုလိုတာက တေးကို ဘာတွေလုပ်ခဲ့လဲဆိုတာ နာမည်စာလုံးလောက်နဲ့ သိရတာ မဟုတ်ဘူးပဲ။

အမြန်လမ်းမ လမ်းဆုံကိုရောက်ဖို့ လမ်းလွှဲခြောက်ခုလောက် တန်းတန်းမတ်မတ် မောင်းလာရတယ်။ ကားအသေးနဲ့ အသားကျနေတတ်ရင် S-Class စီးရတာဟာ ဘတ်စကားလိုလို၊ ကုန်တင်ကားလိုလိုပေါ့လေ။ အတွင်းပိုင်းကတော့ ဧည့်ခန်းအတိုင်းပဲ။ ဘယ်ဘက်မှာ စတီယာတိုင်။ လုံးဝ ကားအသစ်တစ်မျိုးကို မောင်းနှင်နေရသလို ခံစားရတယ်။

"အသံငြိမ်တယ် မဟုတ်လား။ ဒီလိုကားက လျှောခနဲ ရွေ့လျားသွားတယ်

.com

myoe.com

လို့ ပြောသံကြားရင် ဘာကို ဆိုလိုတာလဲဆိုတာ ခုတော့ သိရပြီပေါ့"

အင်ဂျင်သံ၊ လေတိုးသံ၊ လမ်းမထက်က အသံတွေ အားလုံး တိုးညှင်းနေတာမို့ မနည်းအားစိုက် နားထောင်ရမယ်။ သူ ကားငှားစခန်းအနီးက ကားပါကင်မှာ ပစ်ထားခဲ့တဲ့ ကားအသေးကတော့ ခုဆိုရင် တဖောက်ဖောက်မြည်နေဆဲ ဖြစ်လောက်မယ်။

"ခန့်မှန်းကြည့်ပါဦး။ ကားအဟောင်းက အင်ဂျင်ဆိုရင် အမြဲတမ်း နုံချာတယ်၊ စုတ်ပြတ်တယ်၊ ဆင်းရဲတယ်" လို့ ပြောနေသယောင်ပဲ။ ငါ နောက်ပြောင်နေတာ မဟုတ်ဘူး။ ပြီးတော့ ဘရိတ် ဆောင့်နင်းလိုက်ရင် "လစာ၊ လစာ၊ လစာ" လို့ အသံထွက်နေသလိုပဲ။ ဘာရယ် ... မင်း ငါ့ကို မယုံဘူးလား ကူရို။ ကူရို့ဆီက ဘာတုံ့ပြန်မှုမှ မရ။ ငယ်ငယ်တုန်းကတောင် ညောင်လို့ ဘယ်တော့မှ မအော်တဲ့ ကူရိုဟာ အသက်ကြီးလာတော့ ပိုပြီး ရေငုံနှုတ်ပိတ်နေပုံပဲ။

ကူရိုဟာ လူတိုင်းနဲ့ ဒီလိုပုံစံပဲ ပြုမူတာလား။ ဒါမှမဟုတ် သူ့ရဲ့ ယာယီသခင် တစ်ယောက်ချင်းစီနဲ့ လိုက်ဖက်အောင် သူ့ပင်ကိုစရိုက်ကို အလိုက်သင့် ပြောင်းလဲလိုက်တာလား။

တေးကို နှစ်ပေါင်းများစွာ လာလေ့ရှိတာတောင် အိမ်မွေးတိရစ္ဆာန် ဆိုင်ပိုင်ရှင်က သူ့ကို ဘယ်တော့မှ ဘာမှမပြောခဲ့ဘူး။ ကူရို့ရဲ့ အခြားသခင်တွေအကြောင်း တေးကို မေးရင်လဲ ဖြေကြားပေးတာမျိုးမရှိ။ ဥပမာအားဖြင့် ကူရို့ရဲ့ အခြားသခင်တွေဟာ အမျိုးသားလား၊ အမျိုးသမီးလားဆိုတဲ့ မေးခွန်းမျိုး။ ဆိုင်ပိုင်ရှင် ပြောတာဆိုလို့ "အပါးနပ်ဆုံးကြောင်တွေကပဲ စောင့်ကြည့်ထားတဲ့ကြောင်တွေ ဖြစ်လာတယ်" တဲ့လေ။

ကူရိုအကြီးကတော့ 'ပါးနပ်တယ်' ဆိုတဲ့ အရည်အချင်း ပြည့်မီရဲ့လား တေးကို သေသေချာချာ မသိ။ သူ့နေရာမှာ အစားထိုးပေးတဲ့ ကူရိုအငယ်ကလေးက ပိုပြီး ပါးနပ် ထက်မြက်ပုံပေါက်တယ်။

ဒါတောင် ကူရိုအကြီးကိုပဲ တေးကို နှစ်သက်နေဆဲ။ သူတို့အချင်းချင်း ပန်းသင့် လိုက်ဖက်တာကိုး။

ကူရို့ကို ခရီးသည်ထိုင်ခုံပေါ် တင်ပြီး ကားမောင်းထွက်တာကို တေးကို အနှစ်ခြိုက်ဆုံးပဲ။ သုံးရက်တာခရီးစဉ် တစ်ခုချင်းစီမှာ တေးကို စိတ်ထဲက လေးလံဖိစီးနေတာတွေ ပျောက်ကွယ်သွားတယ်လို့ ခံစားရတယ်။ ခရီးစဉ် တစ်ခုနဲ့တစ်ခု ကြားမှာ သုံးလကွာတာမို့ အဲဒီအချိန်ကာလအတွင်း တေးကိုရဲ့ စိတ်ထဲ နှုတ်ဆိတ်မှုနဲ့

myoe.com

SAMPLE BOOK

ဝမ်းနည်းမှုတွေဟာ စုပုံ အနည်ထိုင်နေတတ်လို့။ ကူရိုအငယ်ကလေးနဲ့ဆိုရင် ဒီလို အနည်ထိုင်တာတွေ အမြဲလိုလို တရစ်ဝဲဝဲ စွဲကျန်နေလိမ့်မယ် ဆိုပေမဲ့ ခုတော့ သူ့ရဲ့ ဦးဆုံးတာဝန်ထမ်းဆောင်ပေးသူ ကူရိုအကြီးနဲ့မို့ လွတ်မြောက်မှုကို လုံးဝ ပြီးပြည့်စုံစေမှာပဲ။

"အို့ ... ရေသုတ်သံတွေက 'အကြွေး၊ အကြွေး၊ အကြွေး' လို့ အော်နေပြီး အမြန်နှုန်းပြတဲ့ ဒိုင်ခွက်တွေကတော့ 'ခြေကုန်လက်ပန်းကျနေပြီ' လို့ အသံထွက်နေတဲ့အတိုင်းပဲ"

ကူရို့ကို အဓိပ္ပာယ်မရှိ ရောက်တတ်ရာရာတွေ တေးကို ပြောလို့ရတယ်။ ပျော်စရာကောင်းပါလားလို့ တွေးမိရင်း အံ့အားသင့်စရာကောင်းတဲ့ တစ်စုံတစ်ရာ ကပ်ငြိလာတယ်။

ခုချိန်မှာတော့ သူတို့ နှစ်ယောက်သား အတူရှိလာတာ နှစ်နှစ်ပြည့်ပြီ။ အနည်ထိုင်မှုဟာ ခါတိုင်းထက် ပိုပြီး သိပ်သည်းလာရဲ့။

တေးကို အမြန်လမ်းမ လမ်းဆုံကို နီးကပ်လာတယ်။ 'နာဂါနာသို့ လမ်းရှင်းသည်'ဟု လမ်းကြောင်းစနစ်က ပြောတယ်။

လီဗာကို ကမောက်ကမ ရှာမိရင်း တေးကို ဘယ်ဘက်အစွန်ဆုံး လမ်းကြောင်းကို ပြောင်းလိုက်တယ်။ လီဗာက ပုံမှန်ကားနဲ့မတူ တစ်ဖက်ခြမ်းမှာ ရှိနေတာမို့ တေးကို ဘယ်မောင်းနဲ့ အံဝင်ခွင်ကျ မဖြစ်သေးဘူး။ သူတို့တွေ လမ်းလယ်ခေါင်မှာ ရုတ်တရက် တုံ့ခနဲရပ်သွားပေမဲ့ သူ့တို့အနောက်က ဒရိုင်ဘာဟာ သတိထားမိသွားလို့ အရှိန်လျှော့ချလိုက်တယ်။

"ဒါဟာ Benz ကားရဲ့ အင်အားပဲ။ ငါ့အရင်ကားသာ ဒီလိုဖြစ်ရင် နောက်ကနေ ဟွန်းတွေ တီးကြမှာ သေချာတယ်"

တေးကို ဘယ်တုန်းကများ ဒီလို ပျော်ခဲ့ရလဲ မမှတ်မိတော့ဘူး။

သူ အားလုံး ဖွင့်ဟပစ်လိုက်ချင်တယ်။ ကူရို့ကို ဖြစ်ခဲ့သမျှအရာရာ ပြောပြလိုက်ချင်မိရဲ့။ သူ့နံရိုးတွေ တုန်ခါလာတဲ့အထိ ရယ်မောချင်တယ်။

ဒါကြောင့် အခုချိန်ဟာ အလေးလံဆုံး အနည်တွေကို ရှင်းထုတ်ပစ်ဖို့ အခိုက်အတန့်ပဲလို့ တေးကို ဆုံးဖြတ်လိုက်တယ်။

"ဟေး... ကူရို၊ ခန့်မှန်းကြည့်ပါအုံး"လို့ သူ ပြောရင်း လမ်းခွဲပေါ် မောင်းနေတယ်။ "ငါ ပိုက်ဆံတွေ အလစ်သုတ်လာတာလေ"

◆◆◆

mgyoe.com

mgyoe.com SAMPLE.BOOK

# အခန်း (၂)

သူ ပိုက်ဆံအလစ်သုတ်ခဲ့တာလို့ ပြောရတာ သိပ်တော့ မတိကျဘူး။ ဥပဒေဘောင်အတွင်းအရဆိုရင် သူ လုပ်ခဲ့တာဟာ ငွေအလွဲသုံးစား လုပ်တာပဲ။ တေးကို နှစ်ပေါင်း ၃၀ လောက် အလုပ်လုပ်ခဲ့တဲ့ စာရေးကိရိယာလက်ကားကုမ္ပဏီ လက်အောက်က လုပ်ငန်းဘဏ္ဍာငွေတွေကို သူ ခိုးထုတ်လာတာ။ စုစုပေါင်း ယန်းသန်း ၃၀ ပေါ့လေ။

ကုမ္ပဏီဆိုတာကလဲ လုပ်ငန်းအသေးလေးဖြစ်ပြီး တိတိကျကျ ပြောရရင် မိသားစုကုမ္ပဏီပေါ့။ ဒီနေ့ခေတ်မှာ လူတိုင်း ကြုံတွေ့နေရတဲ့ ပြဿနာတွေကိုပဲ ရင်ဆိုင်ရတော့ ကုမ္ပဏီဟာ တစ်ဖက်စီးနင်းဖြစ်တာတွေကို တွန်းကန်ရင်း ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့တယ်။ အလွန်အကျွံ လုပ်ဆောင်တာထက် ကုမ္ပဏီကြီးတွေ လစ်ဟာခဲ့တဲ့ ကွက်လပ်တွေကို ဒီလုပ်ငန်းအသေးစားလေးက ရှိုးရှိုးရှင်းရှင်း ဖာထေးပေးခဲ့တယ်။

ကုမ္ပဏီဥက္ကဋ္ဌက တေးကိုကို ယုံကြည် အားကိုးတယ်။ တေးကိုအနေနဲ့ ခုလက်ရှိဥက္ကဋ္ဌရဲ့ အဖေနဲ့ကော မန်နေဂျင်းဒါရိုက်တာဖြစ်တဲ့ သူ့သားနဲ့ပါ ရင်းနှီးကျွမ်းဝင်ပြီး ယုံကြည်မှု ရခဲ့တာ။ တေးကို တာဝန်ယူထားတဲ့ စာရင်းစာအုပ်ကို သူတို့တွေ ဘယ်သူကမှ စစ်ဆေးတာမျိုးတောင် မလုပ်ဘူး။

"သူတို့က လူကောင်းတွေပါ"လို့ တေးကိုက ကူရိုကို ပြောလိုက်တယ်။

mgyoe.com

"တကယ့်ကို ရိုးသားပြီး စိတ်သဘောထားပြည့်ဝသူတွေပါ"။ ကားက တစ်နာရီ မိုင် ၁၂၀ နီးပါးလောက် မောင်းဖြစ်နေပြီ။ သူ လီဗာကို ပိုပြီး ဖိနင်းလိုက်တယ်။

ကုမ္ပဏီက အခြားဝန်ထမ်းတွေလဲ ဥက္ကဋ္ဌနဲ့ သူ့မိသားစုတွေလိုပဲ ဖော်ရွေ တတ်ကြတယ်။ တစ်နေရာတည်းမှာ ဆယ်စုနှစ်သုံးခုလောက် အလုပ်လုပ်ရင် ရံဖန် ရံခါ သဘောထားကွဲလွဲမှုတွေရှိမှာ အသေအချာပဲ။ ရုံးမှာ သုန်မှုန် စိတ်ကောက် ကြသူတွေ၊ ခေါင်းရှောင်တတ်သူတွေ၊ ကမူးရှူးထိုးလုပ်တတ်သူတွေလဲ ရှိကြတယ်။ ခုတော့ အရာအားလုံး ပြီးဆုံးသွားပေမဲ့လဲ အတိတ်ကို ပြန်စဉ်းစားရင် သူတို့အားလုံး ဟာ လူကောင်းတွေ ဖြစ်ခဲ့တယ်လို့ တေးကို တွေးမိပြီး ကြည်နူးဖွယ်၊ ဝမ်းနည်းဖွယ်တွေ ရောပြွမ်းလျက်ရှိနေရဲ့။

တေးကို အကြောင်းအရင်းမရှိဘဲ အလုပ်နားရဖို့ နှစ်အနည်းငယ်လောက် ပဲ လိုတော့တယ်။ သူ ထွက်ခွာသွားဖို့ နီးကပ်လာချိန်မှာ ဥက္ကဋ္ဌရဲ့ သားကလည်း မန်နေဂျင်း ဒါရိုက်တာအဖြစ် ကုမ္ပဏီမှာ တာဝန်ယူထားလိုက်ပြီ (သူက အန်တီ တေးကိုလို့ အမြဲ ခေါ်တတ်သူ)။ တေးကို ကုမ္ပဏီကနေ အငြိမ်းစားယူပြီးရင် အချိန် ပိုင်းအဖြစ် အလုပ်ဆက်ဝင်ဖို့ ဥက္ကဋ္ဌကိုယ်တိုင်က တောင်းဆိုခဲ့တယ်။

တေးကို ဘာမှ စောဒကမတက်ခဲ့ပါ။ ခုလဲပဲ စောဒကတက်တာမျိုးမရှိ။

ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ကုမ္ပဏီမှာ သူ အလုပ်ဝင်ခဲ့တဲ့အချိန်တွေကို နောင်တ ရဖို့ စိတ်ကူးတောင် မဝင်ဖူးဘူး။

"ငါ့အတွက် နည်းနည်း ဆိုးရွားတယ် မဟုတ်လား"လို့ သူ တီးတိုးရေရွတ်ပြီး ရှေ့မှာပိတ်နေတဲ့ ကားကို မီးထိုးလိုက်တယ်။ အဲဒီကားရဲ့ နောက်မှန်မှာ "ကား ပေါ်မှာ ကလေးရှိသည်" ဆိုတဲ့ သင်္ကေတပါလေရဲ့။ အဲဒီကားက ထိတ်ထိတ်ပျာပျာ ဖြစ်ရင်း တစ်ဖက်ကို အလျင်စလို ရှောင်ပေးလိုက်တယ်။

တေးကိုအနေနဲ့ S-Class ကားရဲ့ အင်အား၊ အာဏာ၊ ဂုဏ်သိက္ခာ၊ အကျိုးသက်ရောက်မှုကြီးကို အံ့အားသင့်ရပြန်တယ်။

ကုမ္ပဏီဥက္ကဋ္ဌရဲ့ အဖေအကြောင်း သူ စဉ်းစားမိတယ်။ သူဟာ ကုမ္ပဏီရဲ့ အကြီးအကဲဖြစ်ခဲ့တဲ့ အချိန်ကာလတွေမှာ နိုင်ငံခြားဖြစ်ကားတစ်စီး လိုချင်ကြောင်း အမြဲတစေ ပြောဖြစ်ခဲ့တယ်။ ဒါပေမဲ့ Toyota Crown ကလွဲလို့ ပိုပြီး ကောင်းတဲ့ အမိုက်စားကားတစ်စီး သူ လုံးဝ ဝယ်မစီးဖြစ်ခဲ့ဘူး။ ခုလက်ရှိ ဥက္ကဋ္ဌကတော့ ကုမ္ပဏီပိုင်ကားရော၊ Lexus ကားကိုပါ ငွေပက်ခနဲပေးပြီး ဝယ်ပစ်ခဲ့တော့ သူ့ပုံစံဟာ ရွှင်ပျပျပဲပေါ့။

mgyme.com

mgyoe.com SAMPLE BOOK

ယန်း သန်း ၃၀ တဲ့လေ။

ညာဏ်နီညာဏ်နက်များတဲ့ ရင်းနှီးမြှပ်နှံမှုတွေကနေဖြစ်ဖြစ်၊ စည်းစိမ်ဥစ္စာတွေကို မလိမ့်တစ်ပတ်လုပ်တာကနေဖြစ်ဖြစ် ရလာတဲ့ ပိုက်ဆံတွေ မဟုတ်ဘူး။ ကုမ္ပဏီဥက္ကဋ္ဌကနေ အောက်ခြေဝန်ထမ်းအထိ အားလုံးရဲ့ ကြိုးကြိုးစားစား လုပ်အားတွေကနေ ယန်းတစ်ယန်းစီ ရှာဖွေလာနိုင်ခဲ့တာ။ ဝယ်သူတွေ စိတ်ကျေနပ်စေဖို့ အတောမသတ် ခါးကိုင်း ငုံ့လျှိုးလိုက် ရှည်လျားတဲ့နေ့ရက်တွေမှာ အိပ်ပဲ့အိပ်ပဲ့သွားရင်း အချိန်ကုန်ဆုံးလိုက်နဲ့။ လုပ်ငန်းမှာ ရန်ပုံငွေ လျော့နည်းသွားလိုက် ပြန်နာလန်ထူပြီး အဆင်ပြေလိုက်နဲ့ လည်ပတ်နေတာ။ သူတို့ဝန်ထမ်းတွေဟာ ကုမ္ပဏီရဲ့ ကျန်းမာရေးကို ပြသတဲ့လက္ခဏာ ဖြစ်ခဲ့တာ။

အဲဒီနောက် တေးကိုဟာ ကံကြမ္မာကို ခိုးယူခဲ့တာပဲ။

"အင်း ... ဆိုးရွားတယ်ဆိုတဲ့ စကားလုံးပဲကွယ်"

တစ်ချိန်လုံး တိတ်ဆိတ်နေတဲ့ ကူရိုဟာ သူ့ခန္ဓာကိုယ်ကြီးကို ပျင်းရိပျင်းတွဲ အကြောဆန့်လိုက်ပြီးနောက် အနောက်ခုံတွေပေါ် ခုန်သွားတယ်။ တေးကိုရဲ့ ကားသာဆိုရင် ဒီလို ခုန်ပေါက်လှုပ်ရှားလိုက်တာနဲ့ ရှေ့ခုံတွေကြားမှာ အချိုးမကျတဲ့ တကျွိကျွိအသံ ပေါ်လာလိမ့်မယ်။ ဒါပေမဲ့ Mercedes S-Class ရဲ့ ကျယ်ဝန်းတဲ့ အတွင်းပိုင်းဟာ အရွယ်ရောက် မိန်းကွန်းကြောင်ကြီး ခုန်ပေါက်တာတောင် ငြိမ့်ငြောင်းနေရဲ့။

"နောက်ထပ် ဆီဆိုင်မှာ ရပ်ချင်လား"

ကူရိုဟာ သဘောတူလက်ခံတဲ့ သဘောနဲ့ တေးကိုကို ညောင်လို့ ထူးပြလေရဲ့။

တေးကိုက ကိုဖူးအကျော် ဆီဆိုင်ထဲမှာ ရပ်လိုက်တယ်။ ကိုဖူးဆိုတာ ဆီဆိုင်အဆောက်အအုံနဲ့ ဆက်ထားတဲ့ သစ်သားအကန့် နားနေဆောင်ငယ်လေး။ အဲဒီမှာ ကူရိုကို ခြေဆန့်လက်ဆန့် လုပ်ခွင့်ပေးမယ်လို့ တေးကို ဆုံးဖြတ်ထားတာ။ ဒါပေမဲ့ ကူရိုဟာ ငယ်ရွယ် နုနယ်တော့တာမျိုးမဟုတ်။ ဖြည်းဖြည်းလေးလေး အားယူလျှောက်ပြီးနောက် မြေကြီးပေါ် ခြေပစ်လက်ပစ် ထိုင်လိုက်တယ်။

တေးကိုလည်း အနားက ခုံတန်းရှည်ပေါ် ထိုင်ပြီး ကော်ဖီစက်ကနေ ဝယ်ခဲ့တဲ့ ကော်ဖီသောက်ရင်း ကြောင်ကို ငေးငေးငိုင်ငိုင် စိုက်ကြည့်နေရဲ့။

ငယ်ရွယ်ချိန်က တောက်ပပြောင်လက်နေတဲ့ အနက်ရောင်အမွေးတွေဟာ ခုမှားတော့ မွဲခြောက်ပြီး မှိုင်းနေတယ်။ ကူရိုရဲ့ ကျန်နေတဲ့ သွားတွေဟာလည်း

mgyoe.com

mgyoe.com SAMPLE BOOK

မကောင်းတော့တာမို့ သူ့ကို ဆိုင်ပိုင်ရှင် ထည့်ပေးလိုက်တဲ့ အစာဟာ သက်ကြီးကြောင်တွေအတွက် အထူးထုတ်လုပ်ထားတဲ့ ကြောင်စာအနှစ် ဖြစ်တယ်။ ခဲခဲယဉ်းယဉ်း အသက်ရှူတာတောင် သူ့ရင်ဘတ်က နိမ့်ချည်မြင့်ချည် ဖြစ်နေပုံဟာ ဝင်သက်ထွက်သက် တစ်ချက်ချင်းစီကို သူ့ခမျာ ကြိုးကြိုးစားစား ရုန်းကန်နေရသလို။ လွန်ခဲ့တဲ့ ခုနစ်နှစ်မှာ တေးကိုဟာ ကူရိုနဲ့ ပထမဆုံးအကြိမ် ဆုံဆည်းခဲ့တာ။ သူ့သုံးယောက်မြောက် ခင်ပွန်းနဲ့ ကွဲပြီးခါစပေါ့လေ။

တေးကိုခမျာ အထီးကျန်မှုကနေ ရုန်းမထွက်နိုင်ဘူး။ အဲဒီလိုနဲ့ ကြောင်တွေကို သုံးရက်တာ ငှားရမ်းမဲ့ကုမ္ပဏီအကြောင်း သူ မဂ္ဂဇင်းမှာ ဖတ်မိလိုက်ချိန်က အခြားအရာတွေထက် ပိုပြီး အံ့ဩထိတ်လန့်သွားတာ။ ဒီလိုအရာမျိုးကနေ ငွေဝင်အောင် လုပ်တာရယ်၊ ဒီလိုကမ်းလှမ်းမှုမျိုးကို လက်ခံကြတဲ့လူတွေ ရှိတာရယ်ကို သိလိုက်ရလို့ တုန်လှုပ်မိသွားတာ။

အဆုံးမှာတော့ သူ စူးစမ်းစပ်စုချင်စိတ်နဲ့ စမ်းသပ်ကြည့်မိလိုက်တယ်။ ကြောက်နက်တွေဟာ ကံဆိုးမိုးမှောင်ကျတတ်တယ်လို့ သူ ကလေးဘဝကတည်းက ကြားဖူးနားဝ ရှိခဲ့တယ်။

ဒါကြောင့်မို့ သူ ကူရိုကို ရွေးချယ်ခဲ့တာပေါ့။ ကံအဆိုးဆုံး တိရစ္ဆာန်ကလွဲလို့ တခြား ဘယ်အရာကမျှား သူနဲ့ ပိုပြီး သင့်တော်နိုင်ပါ့မလဲ တွေးဆမိတယ်။

အဲဒီနောက် ရှုဂိုတေးရာယာမရဲ့ ကဗျာအပိုင်းအစလေးက သူ့ခေါင်းထဲ စွဲနေတယ်။

"ဝမ်းနည်းမှု( ဆောရိုး) လို့ အမည်ရတဲ့ ကြောင်လေးတစ်ကောင် ရှိတယ်။ ကိုယ့်ဘေးနားကနေ ဘယ်တော့မှ ထွက်မသွားပါ"

ကဗျာက အရည်အသွေးတစ်ခုခု မဖော်ပြထားပေမဲ့ တေးကိုအဖို့ "မပျော်ရွှင်စရာတွေ ပါဝင်ပေါင်းစပ်နေတဲ့ ကြောင်ဟာ အနက်ရောင်ပဲ ဖြစ်နိုင်တယ်" လို့ သိသာပေါ်လွင်စေတယ်။

"ဝမ်းနည်းမှု (ဆောရိုး)" ဆိုတာကလည်း ကူရိုအတွက် တေးကို ပေးထားတဲ့ လျှို့ဝှက်နာမည် ဖြစ်လာတယ်။

ဆောင်းရာသီ၊ နွေဦး၊ နွေရာသီ၊ ဆောင်းဦး စတဲ့ တစ်ရာသီ တစ်ခါ တေးကိုဟာ 'ဝမ်းနည်းမှု'ကို ကားပေါ်တင်ရင်း ခရီးရှည်တွေ ဆန့်ဖြစ်ခဲ့တာ ငါးနှစ်ကြာသွားပြီ။

ခြောက်နှစ်နဲ့ ခုနစ်နှစ်မြောက်မှာတော့ ကူရိုအငယ်ကလေးကို တေးကိုဟာ

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အဖော်အဖြစ် ခေါ်သွားတယ်။ ကြောင်အသစ်ကလေးမှာ လှပပြီး တောက်ပြောင်နေတဲ့ အမွေးတွေ ရှိပေမဲ့ တေးကိုရဲ့ ဦးဆုံးတာဝန်ထမ်းပေးခဲ့တဲ့ ကူရိုအကြီးနဲ့ ယှဉ်ရင် နက်ရှိုင်းတဲ့ ခံစားမှု လစ်ဟာနေစမြဲပဲ။ ခုတော့ မူလကူရိုနဲ့ ပြန်ဆုံဆည်းပြီမို့ ဆောရိုးဆိုတဲ့ ကြောင်ဟာ အမြဲတမ်း တစ်ကောင်ပဲရှိခဲ့တာ တေးကို သဘောပေါက်သွားပြီ။ အဲဒါဟာလဲ ကူရိုအကြီးပဲပေါ့။

ဆောရိုး လဲလျောင်းနေတဲ့ နေရာမှာ လိပ်ပြာလေးတစ်ကောင် သူ့ကို ပတ်ပတ်လည် ပျံဝဲနေရဲ့။

ဆောရိုး မျက်လုံးတွေ မှိတ်ထားတယ်။

ဆောရိုး အပျင်းဆန့်တယ်။ သမ်းဝေပြီး နားရွက်တွေ ဆတ်ခနဲ တွန့်သွားတယ်။

"အယ်... ချစ်စရာကောင်းတဲ့ ကြောင်ကြီးပဲ" လို့ ကလေးငယ်လေး တစ်ယောက်က သူ့မိဘတွေရဲ လက်ကို ကိုင်ထားရင်း ဖြတ်လျှောက်သွားတော့ ပြောလေရဲ့။

ဒါပေမဲ့ သူ့မိဘတွေကတော့ မျက်မှောင်ကြုတ်ပြီး သူတို့ ဂရုတစိုက် ကားမောင်းရမဲ့ အကြောင်းကို တီးတိုး ပြောနေတယ်။

ဆောရိုးက မထလာဘဲ တေးကိုကို လှည့်ကြည့်တယ်။

"အဆင်သင့်ပဲလား" လို့ တေးကို မေးရင်း သူ့ခြေထောက်နားက လှောင်အိမ်ကို ဖွင့်လိုက်တယ်။

ဆောရိုး အေးအေးဆေးဆေး လှမ်းလာပြီး လှောင်အိမ်ထဲဝင်တယ်။

တေးကို လှောင်အိမ်တံခါးပိတ်ပြီး လက်ကိုင်ကနေ မ လိုက်တယ်။

အဲဒီနောက် ဆောရိုးကို နံဘေးမှာထားပြီး ကားမောင်းထွက်လာပြန်တယ်။

❑

ဆူဝါရေကန်ကို ဖြတ်ကျော်ပြီး အမြန်လမ်းရဲ့ ပထမဆုံးလမ်းဆုံမှာ တေးကို ရပ်တယ်။ အဲဒီကနေမှ မြောက်ဘက်သစ်တောကို ဦးတည်နေတဲ့ မြွေလိမ်မြွေကောက် လမ်းအတိုင်း သွားမယ်။ နောက်ထပ် နှစ်နာရီလောက် ကြာမှာမို့ နေဝင်သွားပြီးမှ ချောင်ကျတဲ့ ဂျပန်ရိုးရာတည်းခိုခန်းကို ရောက်လိမ့်မယ်။ အဲဒီမှာ သူတို့တွေ ညအိပ်ကြမှာ။

တေးကို ရေဒီယိုဖွင့်လိုက်တယ်။ သတင်းမှာတော့ ဘာမှ အကြောင်းမထူးသေး။ ဖြစ်လိုဖြစ်စေ သဘောထားတတ်တဲ့ သူဌေးနဲ့ သူ့မိသားစုတွေက သတိမပြု

mgyoe.com

mgyoe.com SAMPLE BOOK

မိသေးတာများလား။ ဒါမှမဟုတ် တေးကိုရဲ့ အမှုဟာ သတင်းဖြစ်ရလောက်အောင် သိပ်ရှိုးလွန်းနေတာ ဖြစ်မယ်။

"ကိစ္စမရှိပါဘူးလေ" လို့ သူ တခစ်ခစ်ရယ်ရင်း ကားဆက်မောင်းနေရဲ့။ သူ ဆီဆိုင်မှာ ဆီဖြည့်ဖို့ ရပ်နားရင်း တည်းခိုခန်းကို ဖုန်းဆက်သေးတယ်။ ဘိုကင် လုပ်ရင်း ကြောင်အကြောင်းပါ ထည့်ပြောပြီးသားဆိုပေမဲ့ ဘာအရေးကိစ္စမှ မရှိစေဖို့ သေချာချင်တာနဲ့ ဖုန်းထပ်ဆက်ဖြစ်တာ။

လွန်ခဲ့တဲ့ နှစ်တွေတုန်းက ဆောင်းရာသီကာလ ကားမောင်းပြီး ဟိုတယ်ကို ရောက်သွားတော့မှ ခရီးသွားအေဂျင်စီနဲ့ သူတို့တွေ နားလည်မှုလွဲသွားကြောင်း သိလိုက်ရတယ်။ အဲဒါနဲ့ ဟိုတယ်က ကြောင်ကို နေခွင့်မပြုဘူး။ ဒါပေမဲ့ သူ စိတ်မဆိုး ဒေါသမထွက်ခဲ့ပါဘူးလေ။ နံဘေးမှာ ဆောရိုးရှိပြီး ခရီးအတူသွားရတာပဲ ကောင်း လှပြီလို့ သူ့ဘာသာ ပြောတယ်။

အဆုံးမှာတော့ သူတို့တွေ အနုပ်စုတ်ကုပ်စုတ်မိုတယ်မှာ တည်းလိုက်ရ တယ်။ ကူရိုက ခုတင်ပေါ်ကနေ ခဏခဏ ခုန်ချပြီး မှန်ထဲက သူ့ပုံရိပ်ကို ဖမ်းဖို့ ကြိုးစားသေးတယ်။ "ငါတို့ နှစ်ယောက်စလုံး အဲဒီတုန်းက ငယ်သေးတယ်နော်" လို့ တေးကို တွေးမိတယ်။

သူ ဆီဖြည့်ပြီးတော့ ကူရို့ဘက် လှည့်ပြီး "နောက်ဆုံးခရီးစဉ်အတွက် အဆင်သင့်ပဲလား"လို့ မေးလိုက်တယ်။

ကူရိုက ခရီးသည်ထိုင်ခုံပေါ် ခွေအိပ်နေပြီမို့ သဘောတူလက်ခံတဲ့အတိုင်း ပါပဲ။

"လက်ခံတယ်လို့ ငါ မှတ်ယူလိုက်မယ်နော်"

❑

တေးကိုအနေနဲ့ ကုမ္ပဏီအပေါ် ဘာအာဃာတမှ မရှိခဲ့ပါဘူး။ ဥက္ကဋ္ဌကို ရော သူ့မိသားစုတွေကိုပါ မုန်းတီးတာမျိုးမရှိ။ ယန်း သန်း ၃၀ ကို အသည်းအသန် လိုအပ်လို့ အလွဲသုံးစားလုပ်ခဲ့တာလဲ မဟုတ်ဘူး။ ဒီပိုက်ဆံတွေဟာ ကုမ္ပဏီအတွက် ဘယ်လောက်အရေးပါလဲဆိုတာ သူ ကောင်းကောင်း သိပါရဲ့။

"သူတို့ ငါ့ကို ဖမ်းလိုက်ရင် ငါ ဘာလို့ ဒီလိုအလွဲသုံးစားလုပ်ရလဲဆိုတဲ့ အကြောင်းပြချက်ကို မေးမှာပဲ။ ဘာပြောသင့်တယ်လို့ မင်း ထင်လဲဟင်"

သူ ရုတ်တရက် စိတ်ကူးပေါက်ပြီး လုပ်ခဲ့တာမျိုးလဲမဟုတ်။ စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ခုခုကြောင့် လက်ဆော့တတ်တဲ့ လူတွေကို သူ ကိုယ်ချင်းစာ မျှဝေ

mgyoe.com

mgyoe.com SAMPLE BOOK

ခံစားကြည့်လို့ရတယ်။ သူ့အနေနဲ့တော့ အဲဒီလို စိတ်ဝေဒနာကြောင့် ဖြစ်ပုံမရ။

"မင်း သူတို့ကို ဘာပြောမလဲ ကူရှိချန်"

ဘာတုံ့ပြန်မှုမှ မရ။

"ခက်ခဲတယ် မဟုတ်လား။ ငါ ပြောချင်တာကလေ ငါကိုယ်တိုင်တောင် အဖြေမသိဘူး"

ပန်းခင်းထဲက ပန်းတွေ အားလုံးကို ရုတ်တရက် ခူးယူဖျက်ဆီးလိုက်တဲ့ ကလေးနဲ့ နှိုင်းယှဉ်ရမလိုပဲ။ ဒါမှမဟုတ် အပိုင်းအစတွေနဲ့ စီထားတဲ့ တာဝါကို တကူးတက ဒုက္ခသုက္ခခံပြီး ဖြိုဖျက်လိုက်တဲ့အတိုင်းပဲ။ အဲဒီလိုမှမဟုတ်ရင် အဝတ်လှလှလေး ဝတ်ပေးပြီး ဆံပင်ကိုလဲ ချစ်စရာကောင်းအောင် ဖြီးပေးထားတဲ့ အရုပ်မကလေးကို ပွေ့ဖက်ပြီးလို့ ခဏအကြာမှာ ခေါင်းကနေ ဆွဲဖြုတ်လိုက်တာမျိုးလိုလို။

တေးကို စိတ်ကူးထားတဲ့ တရားခံတွေဟာ ကလေးတွေပဲ ဖြစ်နေပါလားလို့ သူ အသိတရားရသွားတော့ ပြုံးမိရဲ့။ အသက်ခြောက်ဆယ်ပြည့်ခါနီး လူတစ်ယောက်ဆိုရင်ကော ဘယ့်နှယ့်လဲ။ ဒါဆို သူ့ရဲ့ဆင်ခြေက ဘာများ ဖြစ်သွားနိုင်မလဲ။

ကားက တောလမ်းထဲ တိုးဝင်လာတဲ့အခါ လမ်းတွေ ကျဉ်းမြောင်းလာပြီး လမ်းမီးတိုင်တွေလဲ ပျောက်ကွယ်သွားပြီ။ တစ်ဖက်တစ်ချက်စီမှာ မတ်စောက်နေတဲ့ တောင်စောင်းတွေကြောင့် ညနေစောင်းနေကို ပိတ်ဆို့သွားလေရဲ့။ ရုတ်တရက် မှောင်မည်းသွားတယ်။ တေးကို ကားရှေ့မီးကြီးတွေ ဖွင့်လိုက်တယ်။ သူတို့ရှေ့က လမ်းမှာ မှိန်ဖျဖျပဲလင်းနေတာမို့ ကားထဲရှိ အမှောင်ထုဟာ ပိုသိပ်သည်းလာပုံရတယ်။

"ဘယ်လိုထင်လဲ ကူရှိချန်။ ငါ့အတွက် ဘယ်အရာမှ အဆင်မပြေ၊ အလုပ်မဖြစ်တာ ဘာလို့များလဲ"

တေးကိုဟာ ကြောင်ကို သူ့ခင်ပွန်း သုံးယောက်အကြောင်းရယ်၊ သူတို့ကို ကွာရှင်းလိုက်တဲ့ အကြောင်းပြချက်တွေရယ် ပြောပြထားနှင့်ပြီးသား။

ပထမဆုံးခင်ပွန်းဟာ နောက်မီးလင်းတဲ့ ချစ်သူနဲ့ လစ်ပြေးသွားတယ်။ ဒုတိယခင်ပွန်းကတော့ အရက်ကျိုးနဲ့ လောင်းကစားသမား။ အလုပ်ဆိုလဲ လက်ကြောမတင်း။

သုံးယောက်မြောက် ခင်ပွန်းကတော့ သမီးတစ်ယောက်ရှိတဲ့ မုဆိုးဖို။ ဖြောင့်မတ်ရိုးသားပြီး သာမညောင်ည ရုံးဝန်ထမ်းဖြစ်တဲ့အပြင် သူ့အရင် ဇနီးက ကင်ဆာနဲ့ ဆုံးပါးသွားတာ။ သူ့သမီးဟာ တေးကိုနဲ့ အလွမ်းမသင့်ဘူးဆိုတာ သိသာထင်ရှားလာတာနဲ့ သူလဲ တေးကိုကို ထားပစ်ခဲ့တော့တာပဲ။ "ငါ့သမီးအတွက် အိမ်

mgyoe.com

mgyoe.com SAMPLE BOOK

ထောင်ပြုတာ” လို့ သူ ထွက်မသွားခင် တေးကိုကို ပြောဖူးတယ်။

“မယုံနိုင်စရာကောင်းတယ် မဟုတ်လား။ ကူရို” မင်း သိလား။ ငါကလေး ယောက်ျားတွေနဲ့ ပတ်သက်ရင် တော်တော့်ကို ကံဆိုးတယ်လို့ ငါ့သူငယ်ချင်း ပြောဖူးတယ်။ အတိတ်ဘဝမှာ မကောင်းတာတစ်ခုခု လုပ်ခဲ့တာပဲ ဖြစ်ရမယ်တဲ့လေ။ နတ်ဝင်သည်ဆီသွားဖို့ ပြောဖူးတယ်။ သူ ညွှန်းပေးဖို့တောင် ကြိုးစားတယ်။ တကယ် တော့လေ ခုချိန်မှာ လမ်းပေါ် အခြားကားတွေ မရှိသလောက်ပဲ။

အပူချိန်ကျလာတာမို့ ကားမှန်ပေါ် မြူတွေ စတင်ဖြစ်ပေါ်လာတယ်။

တေးကို အဲကွန်းခလုတ် ချက်ချင်း ရှာတွေ့လိုက်ပေမဲ့ ဘယ်နှကြိမ် တွန်း နှိပ်နှိပ် လေထွက်ပေါက်ကနေ ဘာမှမထွက်လာ။

“ဘာလို့ မရ”

ဟိုရွှေ့ဒီရွှေ့ လုပ်ရင်း အနောက်မှန်နဲ့ ဘေးမှန်တွေမှာပါ မြူတွေ ကပ်လာ စပြုတယ်။

“ကိစ္စမရှိပါဘူး။ ငါတို့ ဖြေရှင်းလိုက်မယ်”

သူ ကားဆက်မောင်းနေတယ်။

“မင်းကော ဘယ်လိုလဲ ကူရို” လို့ သူ ခပ်တည်တည် မေးလိုက်တယ်။

“စောင်ခြုံထားတဲ့ကြောင် ဖြစ်ရတာ ပျော်စရာကောင်းလား။ ဒါမှမဟုတ် တိတ်တိတ်ကလေး မုန်းနေမိလား”

အဲဒီအချိန်မှာပဲ သူ သိလိုက်ရတယ်။

ကူရိုက ခရီးသည်ထိုင်ခုံပေါ် မထိုင်နေဘူး။ သူညာဘက်လက်နဲ့ လိုက်စမ်း ရှာပေမဲ့ လေကိုသာ ဖမ်းမိရဲ့။

“နေအုံး...ကူရို။ မင်း အနောက်ကို ခုန်သွားတာလား။ သိပ်မှောင်နေတော့ ငါတောင် သတိမထားမိ”

သူ နောက်လှည့်ပြီး စစ်ဆေးကြည့်ချင်ပေမဲ့ မြစ်တစ်လျှောက် ထောင့်ချိုး တွေ အတွဲလိုက် နီးကပ်လာပြီး ရှေ့မှန်မှာလဲ မြူတွေ ရှိနေဆဲ။ ဒီလို ရင်းနှီးကျွမ်းဝင်မှု မရှိတဲ့ ကားရယ်၊ ဘယ်မောင်းရယ်ဖြစ်နေတာမို့ နောက်ကြည့်မှန်ကို ဖျတ်ခနဲ ကြည့် လိုက်ရင်တောင် အန္တရာယ် ရှိတယ်။

“ကူရို ... မင်း အိပ်ပျော်နေလား”

ဘာတုံ့ပြန်မှုမှ မရှိ။ နောက်ခုံမှာ ရွေ့လျားမှု အရိပ်အယောင်လဲမရှိ။

“မင်း အိပ်ပျော်နေတာ ထင်ပါရဲ့”

mgyoe.com

သူ အရှိန်လျှော့ရင်းနဲ့ ကူရိုကို လှောင်အိမ်ထဲထည့်တာ ကောင်းမယ်လို့ သူ့ဘာသာ ပြောမိတယ်။ အဲဒီအချိန် လမ်းတစ်ဖက်ဘေးမှာ တည်းခိုခန်းဆိုင်းဘုတ်ကို တွေ့သွားတယ်။ "ရှေ့သို့ နှစ်ကီလိုမီတာ" တဲ့လေ။

"ဟုတ်ပြီ။ ရောက်တော့မယ်။ အရှိန်တင်လိုက်ကြတာပေါ့။ အိုကေလား" လို့ တေးကို ပြောရင်း မြန်မြန် မောင်းလိုက်တယ်။

သူ့ကားရှေ့မီးကြီးတွေဟာ ပိုအားနည်းလာပုံပဲ။ မြစ်ထဲကနေ ဝေ့တက်လာတဲ့ မြူတွေ သိပ်သည်းနေရဲ့။

❑

တေးကို တည်းခိုခန်းမှာ ကားရပ်လိုက်တဲ့အခါ အသက်ကြီးကြီး လူတစ်ယောက် ရိုးရာကုတ်အင်္ကျီနဲ့ အလျင်စလို ထွက်လာလေရဲ့။ သူ့ကြည့်ရတာ တေးကိုတို့ကို စောင့်နေတဲ့အတိုင်းပဲ။

တေးကို သူ့ဘက်ခြမ်းက ကားမှန်ချပြီး သူ့နာမည် ပြောလိုက်တယ်။

"ကျွန်မမှာ ကြောင်လဲ ပါလာတယ်နော်"လို့ ဖြည့်ပြောတယ်။ "ကြောင်ကို ခေါ်လာခွင့်ပေးလို့ ကျေးဇူးတင်ပါတယ်"

ဟိုလူက သူ့ကို ဖော်ဖော်ရွေရွေ ပြုံးပြတယ်။ "ဟုတ်ကဲ့။ သူ့အကြောင်း အားလုံး သိပါတယ်"။ အဲဒီနောက် သူ့မှာ တေးကိုကို ပိုအရေးကြီးတဲ့အကြောင်း ဆွေးနွေးစရာရှိတဲ့ ပုံစံနဲ့ သူ့အပြုံးတွေ ပေါ်လွင်လာတယ်။ "ခင်ဗျားရဲ့ မိတ်ဆွေတွေ ရောက်နေပြီ"

"ကျွန်မ... ဘာ"

"ခင်ဗျား ဒီမှာ ကားရပ်နိုင်ပါတယ်"လို့ အဲဒီလူ ပြောပြီး အတွင်းဘက် ပြန်ဝင်သွားလေရဲ့။

တေးကို မျက်နှာပေါ်က သံသယအကြည့်တွေဟာ မဲ့ရွဲ့ရွဲ့အပြုံးအဖြစ် ပြေလျော့သွားတယ်။ သူ ထိုင်ခုံခါးပတ် ဖြုတ်ပြီး အနောက်ထိုင်ခုံပေါ်က ကူရိုကို လှည့်ကြည့်တယ်။

"တခြားဧည့်သည်တွေနဲ့ မှားသွားပုံပဲ။ မင်း ယုံလားဟင်"

တေးကို တံတွေးမျိုချမိတယ်။

ကူရို ရှိမနေဘူးလေ။

တေးကို ကားအတွင်းမီး ဖွင့်တော့လည်း ကူရို အရိပ်အယောင် လုံးဝမတွေ့ရ။

mgyoe.com

mgyoe.com SAMPLE BOOK

သူ ကြောက်အားလန့်အားနဲ့ ကားထဲက ခုန်ထွက်လိုက်တယ်။ အနောက်တံခါးဖွင့်ပြီး ခြေနင်းဖက်မှာတွေရော၊ ဒရိုင်ဘာခုံနဲ့ ခရီးသည်ခုံအောက်မှာတွေပါ နှံ့နှံ့စပ်စပ် ရှာတယ်။ ဒါပေမဲ့ ကူရိုတစ်ကောင် အစအနတောင် မတွေ့ရတော့။ သူ ခရီးသည်ခုံဘက်ခြမ်းကို ပတ်သွားပြီး ကားတံခါးဖွင့်ပြန်တယ်။ လက်တွေ တုန်ခါနေသလို မေးရိုးနဲ့ နှုတ်ခမ်းတွေလဲ တုန်ယင်နေရဲ့။

"ကူရို...ကူရိုချန်...မင်း ဘယ်ရောက်နေတာလဲ"

ခရီးသည်ခုံရဲ့ခြေနင်းဖက်မှာလဲ မတွေ့ရဘူး။ တေးကို အမှောင်ထဲ စမ်းတဝါးဝါးရှာရင်း အအေးဒဏ်ကြောင့် သူ့လက်တွေ ထုံကျင်နေပေမဲ့ ဘာဆိုဘာမှ မတွေ့ရ။ ကူရိုကလမ်းမှာ ကားပေါ်ကနေ ခုန်ချသွားလိုက်တာလား။ မဖြစ်နိုင်ပါဘူးလေ။ ဒါမှမဟုတ် သူတို့ ဒီကိုရောက်ပြီးမှ သူ လှစ်ခနဲ ထွက်သွားတာလား။ မဟုတ်ဘူး ပိုလို့တောင် မဖြစ်နိုင်ဘူး။

တေးကို မတ်မတ် ပြန်ရပ်လိုက်ရင်း စိတ်အေးအေးထားဖို့ သူ့ကိုယ်သူ ပြောနေမိတယ်။

အဲဒီအချိန် တည်းခိုခန်းအတွင်းပိုင်းကနေ ရွှင်မြူးမြူး ရယ်သံတွေ ထွက်လာတာ သူ ကြားလိုက်ရတယ်။ ခရီးသွားအဖွဲ့တစ်ခုခု ဖြစ်မှာပေါ့လေလို့ သူ တွေးမိတယ်။

ဒါပေမဲ့ အသံတွေကို သူ မှတ်မိသွားလေရဲ့။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

အသံတွေအရ အနည်းဆုံးတော့ လေးယောက်ရှိပြီး တစ်သံချင်းစီကို တေးကို ကောင်းကောင်းကြီး ရင်းနှီးနေတယ်။ အသံတစ်သံချင်းစီရဲ့ ပိုင်ရှင်ကို သူ စိတ်ကူးကြည့်မိတယ်။ သူတို့အားလုံး ရယ်နေကြတာမို့ ပျော်နေပုံပဲ။

ဒါပေမဲ့ သူတို့တွေ ဒီနေရာ၊ ဒီလို ချောင်ကျတဲ့ တည်းခိုခန်းကို ရောက်နေတာကတော့ အဓိပ္ပာယ်မရှိဘူး။

တစ်ခဏလောက် တေးကို နေရာမှာတင် ကြောင်တောင်တောင်ရပ်ရင်း ခေါင်းကို ထပ်တလဲလဲ ခါယမ်းနေမိတယ်။

သူ့အနားမှာ မြူတွေ ပိုပြီး အုံ့ဆိုင်းလာတာမို့ အသက်တစ်ချက်ရှူလိုက်တိုင်း အဆုတ်ထဲ စိုထိုင်းထိုင်း ဖြစ်သွားသလိုပဲ။ မွန်းကျပ်လာပြီး လည်မျိုမှာ အစိုဓာတ်တွေ စွဲကျန်ရစ်ခဲ့သလို ခံစားရတယ်။

ခုတော့ တေးကို စီစီညံညံအသံတွေကြားထဲမှာ ကလေးငယ်ရဲ့အသံကို ဖော်ထုတ်နိုင်သွားတယ်။

"အန်တီတေးကို"

သူ အသံတွေ ကြားယောင်နေတာမဟုတ်ဘဲ ကောင်ကလေးက သူ့နာမည်ကို အမှန်တကယ် ခေါ်လိုက်တာ။ သူ့အသံကို သဲသဲကွဲကွဲ ကြားလိုက်တာ။ တော်တော်ကြီးကို ရှင်းလင်းတယ်။

mgyoe.com

"အန်တီတေးကို အမြန်လာပါစေ" ဆိုတဲ့အသံ ထွက်လာပြန်တယ်။

"သူ ဘယ်မှာလဲ"

"သူ ရောက်တော့မှာပါ" ဆိုတဲ့ ယောကျ်ားအသံ ကြားရပြန်တယ်။

"နောက်ကျနေတာ ဖြစ်မယ်"

တေးကို မျက်မှောင်ကြုတ်လိုက်တယ်။ သူ ကြားလိုက်ရတာက မန်နေဂျင်း ဒါရိုက်တာရဲ့ သားဖြစ်သူ တာရို့အသံ။ ဒါပေမဲ့ တာရိုက အသက် ၂၀ ကျော်လေ။ ခု တည်းခိုခန်းအတွင်းပိုင်းကနေ ထွက်လာတဲ့ အသံဟာ ကလေးငယ်တစ်ယောက် အသံနဲ့ ဆင်တယ်။

ကောင်လေးကို ပြန်ပြောတဲ့ လူကတော့ သူ့အဖေ မန်နေဂျင်းဒါရိုက်တာပေါ့။ သူ့အသံကလည်း အသက်လေးဆယ်ကျော် လူတစ်ယောက်ရဲ့ အသံမျိုး ဖြစ်သင့်တာ။

"အန်တီ အမြန်ရောက်လာရင် ကောင်းမယ်"

တာရို့အသံကို စိတ်ဝင်တစား နားစွင့်ရင်း တေးကို တံခါးနားကို တုန်တုန်ယင်ယင် လှမ်းလာနေမိတယ်။ သူ တည်းခိုခန်းထဲကို ဝင်လိုက်တယ်။

စောနက သူ့ကို ကြိုဆိုခဲ့တဲ့ အသက်ကြီးကြီးလူကြီးက အဲဒီမှာ ရပ်နေပြီး ယဉ်ယဉ်ကျေးကျေး ပြုံးနေဆဲ။ "ဒီကနေ သွားပါဗျာ" လို့ လျှောက်လမ်းအဆုံးဘက်ကို လက်ပြရင်း ပြောလေရဲ့။

"ကျွန်မ ကြောင်ကို ရှာမတွေ့ဘူး"

"ကျုပ် သိပါပြီ"

"ကျွန်မကြောင် ပျောက်သွားတာ။ စောနကမှ ကားထဲမှာ အတူရှိနေတာ။ ခုတော့ ဘယ်ရောက်သွားလဲ မသိဘူး"

"ဟုတ်ကဲ့။ အခြေအနေကို သိပါပြီခင်ဗျာ"

"ဒါနဲ့ ဘာတွေဖြစ်နေတာလဲ။ ဒီနေရာက ဘာများလဲ"

"ခင်ဗျားကို တွေ့ဖို့ အားလုံး စောင့်နေကြပါတယ်"

"ဒါပေမဲ့"

"သူတို့ စောင့်နေတာ တော်တော်ကြာပါပြီ" သူဟာ ထပ်ပြီးတော့ လျှောက်လမ်းအဆုံးကို ညွှန်ပြန်တယ်။ "ဒီလမ်းကနေ သွားပါခင်ဗျ"

ရှည်လျားတဲ့ လျှောက်လမ်းဖြစ်ပြီး အတွင်းမှာလဲ မြူတွေ စတင်ရစ်သိုင်းလာလေရဲ့။ စိုလွင်တောက်ပြောင်နေတဲ့ ခင်းပျဉ်တွေပေါ် တေးကို လျှောက်လှမ်းရင်း

mgyoe.com

mgyoe.com

လွင့်မျောနေသလိုပဲ။

သူ ဖိနပ်မစီးထားတာမို့ ချွတ်မိရဲ့လားလဲ မမှတ်မိတော့။

ဖူးစုမာလျှောတံခါး ပွင့်လာပြီး ကလေးငယ်တာရိုရဲ့ ဦးခေါင်း ပြူထွက်လာတယ်။

အန့်တီတေးကို...။ သူ့မျက်နှာ ရှုံ့မဲ့နေရာမှ ပြုံးစိစိဖြစ်ရင်း တေးကိုကို လက်ယပ်ခေါ် လေရဲ့။ "ဝင်လာပါ အန့်တီ"

ကောင်လေးနောက်မှာ ကုမ္ပဏီဥက္ကဋ္ဌ ပေါ်လာပြီး သူကတော့ အသက် ၇၀ စွန်းစ။

"တေးကို...ဘယ်တွေ ရောက်နေတာလဲ။ ကျုပ်တို့ စောင့်နေကြတာ" သူကတော့ ပုံမှန်အသက်အရွယ်ပဲ။

သူ့ဇနီးကလည်း သူ့နံဘေးမှာ။ "တေးကို မတော်တဆများ ဖြစ်လား၊ ဘာလားဆိုပြီး အန့်တီတို့ စိုးရိမ်နေကြတာ"။ သူ့မျက်နှာကတော့ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က အတိုင်းပဲ။ အဲဒီအချိန်တုန်းက သူဟာ သူ့ရဲ့ ယောက္ခမနဲ့ အဆင်မပြေအချင်းများတဲ့ ဆက်ဆံရေးရှိလို့ တေးကိုကို မကြာခဏ အတွင်းရေး ပြောပြလေ့ရှိတာပေါ့။

တေးကို ရပ်နေရာကနေ တုတ်တုတ်မျှ မလှုပ်နိုင်။ သူ့ခန္ဓာကိုယ်ကတော့ ရှေ့ကိုပဲ ညင်ညင်သာသာ ယိမ်းထိုးနေရဲ့။

မြူတွေဟာ တဖြည်းဖြည်း ထူထပ်လာတယ်။

တေးကိုကတော့ လွင့်မျောနေသလို ခံစားရတယ်။

❑

ညေ့ကြိုကောင်တာမှာ တေးကိုရဲ့ကုမ္ပဏီက ဝန်ထမ်းတွေအပြည့်။ တချို့တွေက လွန်ခဲ့တဲ့နေ့ကမှ သူနဲ့ အတူတွဲထိုင်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တွေ။ အငြိမ်းစားယူသွားကြတဲ့ လူတွေလည်း ပါတယ်။ အသက်အရွယ်တွေ စုံနေရောပဲ။ တစ်ခုခုသောက်နေတဲ့ တစ်စုံတစ်ယောက်ကို လူငယ်ဘဝ ပြန်ရောက်သွားတဲ့ ပုံစံနဲ့ တွေ့ရပြီး တူနဲ့ ဆာရှီမီးစားနေတဲ့ နောက်တစ်ယောက်ကတော့ လက်ရှိ အသက်အရွယ်အတိုင်းပဲ။ တချို့တွေဟာ တေးကို မမှတ်မိတော့တဲ့ ဆံပင်စတိုင်တွေနဲ့။ သူ ရင်းနှီးကျွမ်းဝင်နေသလို ဝတ်ဆင်ထားကြတဲ့ လူတွေလဲ ရှိတာမို့ ဖြစ်ရိုးဖြစ်စဉ်အတိုင်း "ဒီဘောက်ချာကို အမြန်လုပ်ပေးပါလား" လို့ ညည်းညူ လှမ်းပြောလိုက်သလိုလို။

သူတို့အားလုံး အပြုံးကိုယ်စီနဲ့။

တေးကိုဟာ ကုမ္ပဏီရဲ့ အသက်သွေးကြောဖြစ်တဲ့ လုပ်ငန်းဘဏ္ဍာငွေကို ခိုးယူခဲ့ပြီး သူတို့အားလုံးဟာ သူ့ကို လှိုက်လှိုက်လှဲလှဲ ပြုံးပြနေကြတယ်။

"ငါ ဘာလုပ်ခဲ့လဲ သူတို့ မသိကြသေးဘူးပဲ" လို့ သူ တွေးဆမိတယ်။ အဲဒီနောက် "ဟာ... အဲဒါက အရေးကြီးတာ မဟုတ်ဘူး"

သူ မျက်လုံးစုံမှိတ်ပစ်လိုက်ပြီးနောက် ပြန်ဖွင့်လိုက်တယ်။

ဒါတွေအားလုံး အိပ်မက်ပဲ။ အိပ်မက်ပဲ ဖြစ်ကို ဖြစ်ရမယ်။

ဟုတ်တယ်။ တခြား ရှင်းပြချက် မရှိနိုင်ဘူး။

ဒါပေမဲ့လဲ ညှော်ကြိုကောင်တာမှာ ထိုင်နေကြတဲ့ သူတို့အားလုံးဟာ အစစ်အမှန်ပုံ ပေါက်တယ်။ စားပွဲပေါ်က ဂတ်စ်မီးဖိုပေါ် တင်ထားတဲ့ ဟော့ပေါ့အိုးထဲက အနံ့တွေ လေနဲ့အတူ ပါလာတာ မွှေးနေရဲ့။ သူ့ကို ဆာကေးတစ်ခွက် ထိုးပေးတော့ အမှတ်တမဲ့ တစ်ငုံသောက်လိုက်မိတဲ့အခါ အရက်အရသာ စူးစူးကလဲ မှားစရာမရှိ။

"အန်တီတေးကို... ဘာလို့ ငိုနေတာလဲ" လို့ တာရိုက တကျည်ကျည် လုပ်နေရဲ့။

"မငိုပါဘူး။ ကြည့်ပါဦး...အန်တီ့မျက်နှာမှာ မျက်ရည်တွေ သား တွေ့လို့လား"

"မတွေ့ဘူး။ ဒါပေမဲ့ အန်တီ ငိုနေတာပါ။ သား ခန့်မှန်းတတ်တယ်" သူ တခြားလူတွေဘက် လှည့်သွားတယ်။ "အန်တီ ငိုနေတာ မဟုတ်လား" လို့ မေးလိုက်တော့ သူတို့အားလုံး တစ်ပြိုင်နက် ခေါင်းညိတ်ပြတယ်။

အမှန်တော့ တေးကို မငိုပါဘူး။

ဒါမှမဟုတ် ငိုနေမိတာလား။

"အိုကေပါတယ် အန်တီရဲ့" လို့ တာရိုက နောက်ကနေပြီးတော့ သူ့ လက်မောင်းတွေကို လွှဲခါနေရဲ့။ "ခု မငိုနဲ့တော့နော်"

တေးကို နောက်ကျောဘက်ကနေ တာရို့အသံ ကြားနေရသလိုပဲ။ အသံက စူးရှရှဆိုပေမဲ့ နူးညံ့သာယာတယ်။ ဟုတ်ပါတဲ့ယ်။ ကောင်ကလေးတွေရဲ့ အသံဟာ ဒါမျိုးပဲဆိုတာ သူ မှတ်မိသွားတယ်။

ပြီးတော့ တာရိုဟာ တေးကိုရဲ့ ပေါင်ပေါ် ဗုန်းခနဲ ထိုင်ချလိုက်တယ်။

"အို့... သူ့ပေါ်က ဆင်းပါကွယ်" လို့ တာရိုရဲ့ အမေက သူ့သားကို အပြစ်တင်ရင်း တခစ်ခစ် ရယ်နေရဲ့။ မန်နေဂျင်းဒါရိုက်တာရဲ့ ဇနီးဖြစ်သူပေါ့လေ။

mgyoe.com

"ကောင်းတဲ့ အပြုအမူ မဟုတ်ဘူးလေ သား"

မန်နေဂျင်းဒါရိုက်တာက တေးကိုကို အားနာသလို ပြုံးစိစိ ကြည့်ရင်း ဆာကေး သောက်လိုက်တယ်။ "ဆောရီးပါကွယ်။ ကလေးက ဆိုးပေကလေး ဖြစ်နေပြီ"

"ဆိုးပေ မဟုတ်ဘူး"

"တိတ်စမ်း… ပေါက်ကရ စကားကြောရှည်နေတာတွေ ရပ်တော့"

"ဒါပေမဲ့ ဖေဖေက သားကို ဆိုးပေလို့ ခေါ်တယ်လေ။ ဟုတ်တယ်မဟုတ်လား အန်တီတေးကို"

"သူ့ခေါ်လိုက်တယ် ထင်တယ် သား" လို့ တေးကို ပြောရင်း တာရိုခေါင်းကို ပွတ်ပေးနေတယ်။

တာရိုက ယားကျိယားကျိ ဖြစ်သလိုနဲ့ ပခုံးတွန့်ပြီးနောက် တေးကိုကို မော့ကြည့်ပြန်တယ်။

"ခု ငိုတာ ရပ်လိုက်တော့နော် အန်တီ"

"ဒါဆို အန်တီ တကယ် ငိုနေတာလား"

"ဟုတ်တယ်။ အန်တီ တအားဝမ်းနည်းနေပုံပဲ"

"အန်တီ ဝမ်းနည်းတာ မဟုတ်ပါဘူး။ အားလုံးကို ပြန်တွေ့ရတာ ပျော်စရာကောင်းတယ်။ အမှတ်တရမျိုးစုံကို ပြန်ရလိုက်တာကိုး"

တေးကို တယဉ်တကျေးပြောနေတာ မဟုတ်ဘဲ စကားလုံးတွေက သူ့အလိုအလျောက် ထွက်ကျလာတာ။

"တကယ်လား" လို့ တာရို ရွှင်ပျပျနဲ့ မေးလေရဲ့။ အခြားလူတွေရဲ့ မျက်နှာပေါ်က အပြုံးတွေဟာလဲ ပိုလို့တောင် အသက်ဝင်လာပုံရတယ်။

တေးကိုရဲ့ပေါင်ပေါ်မှာ တာရို့ကိုတင်ထားရင်းနဲ့ပဲ သူ နောက်ထပ် ဆာတေး တစ်ငုံသောက်လိုက်တော့ ရင်ထဲ နည်းနည်း နွေးထွေးသွားသလို ခံစားရတယ်။

"လုပ်ပါ အန်တီရဲ့။ မျက်ရည်တွေ သုတ်ပစ်လိုက်တော့နော်"

"အန်တီ ငိုနေလို့လား။ သား တကယ် ပြောနေတာလား"

"ဟုတ်ကဲ့။ တစ်ရာ ရာခိုင်နှုန်း သေချာတယ်" လို့ တာရို ပြောရင်း တေးကိုကို လှည့်ကြည့်တယ်။ "ဘာလို့ ငိုတာလဲဟင်။ ဝမ်းနည်းစရာ တစ်ခုခု ဖြစ်လို့လား"။ တာရိုရဲ့ လက်က တေးကိုရဲ့ မေးစေ့ပေါ်မှာ။ "အဆင်ပြေပါတယ် အန်တီရဲ့"

mgyoe.com

သူက တေးကိုရဲ့ မေးစေ့ကို အသာကလေး ပွတ်သပ်နေပုံက တေးကို မျက်နှာပေါ် လိမ့်ကျလာတဲ့ မျက်ရည်တွေကို သုတ်ပေးနေတဲ့အတိုင်းပဲ။ "ခု တိတ်တော့နော်။ အန်တီ ငိုရင် သားလဲ ငိုချင်တယ်"။ တာရို့အသံမှာ ငိုသံစွက်လာလေရဲ့။ သူက တေးကိုမေးစေ့ကို ကြင်ကြင်နာနာ ပွတ်သပ်ရင်း ဆက်ပြောတယ်။ "အန်တို့ကို သားတို့ စိတ်မဆိုးပါဘူး။ နည်းနည်းလေးတောင် မဆိုးဘူး"

ခုချိန်မှာတော့ ဧည့်ကြိုအခန်းထဲ မြူတွေ စိမ့်လာနေပြီ။

သူ့ပေါင်ပေါ်ကနေ တာရို ပျောက်သွားသလို တေးကို ခံစားလိုက်ရသလိုပဲ။ သူ့လုပ်ဖော်ကိုင်ဖက်တွေရဲ့ အပြုံးတွေဟာလဲ မြူခိုးဖြူလွှလွှကြားထဲ မှေးမှိန်လာတယ်။

"မငိုပါနဲ့ အန်တီ"

တာရို့အသံက ဟိုးခပ်လှမ်းလှမ်း အပေါ် ဘက် တစ်နေရာရာကနေ လာပုံပေါက်တယ်။

သူ့ပေါင်ပေါ်မှာ ခြောက်သွေ့ကြမ်းရှရှ တစ်စုံတစ်ရာကို ခံစားမိတယ်။ မြူတွေဟာ တာရို့ အနားမှာ တဝဲလည်လည်။ ရှင်းလင်း သဲကွဲသွားတဲ့အခါ သူ ထိုင်နေခဲ့တဲ့ နေရာမှာ ကျန်ခဲ့တာဆိုလို့ ရာသီဥတုဒဏ် မပြတ်ခံထားရတဲ့ ဦးခေါင်းခွံအသေးကလေး။

တေးကို ပင့်သက်ရှိုက်လိုက်ပြီး သူ့အသံက အက်ကွဲနေပုံပဲ။

"တေးကို..." လို့ မန်နေဂျင်းဒါရိုက်တာရဲ့ အသံ ထွက်လာတယ်။

"တေးကို... အချစ်ရဆုံးရေ" လို့ ဥက္ကဋ္ဌရဲ့ ဇနီးအသံ ပေါ်လာပြန်တယ်။

မြူတွေ လွင့်သွားတဲ့အခါ သူတို့ ထိုင်ခဲ့တဲ့နေရာမှာ အရိုးခြောက်နှစ်ခုကို တွေ့လိုက်ရပြီး တည်းခိုခန်းရှိ ဧည့်သည်တွေကို ပေးထားတဲ့ ကီမိုနိုတွေ ဝတ်ဆင်ထားလေရဲ့။ သူတို့တွေဟာ တေးကိုကို ငေးစိုက်ကြည့်နေတယ်။

လူတိုင်း လူတိုင်းဟာ အရိုးစုတွေအဖြစ် ပြောင်းလဲသွားပြီပဲ။

ပြီးတော့ လူတိုင်းဟာ သူ့ကို စူးစိုက်ကြည့်နေကြတာ။

"ဘာလို့လဲ တေးကို" လို့ တစ်စုံတစ်ယောက် မေးလိုက်တယ်။

"ငါတို့တွေ မိတ်ဆွေ ဖြစ်ခဲ့တယ်လေ" ဆိုပြီး နောက်တစ်သံ ထွက်လာတယ်။

"ငါတို့အပေါ် နင် ဘယ်လိုများ လုပ်ရက်တာလဲ"

တေးကို အသက်မျှင်းမျှင်းလေးတောင် မရှူနိုင်။ သူ့စိတ်ထဲ အော်ဟစ်

mgyoe.com

mgyoe.com

SAMPLE BOOK


ပစ်လိုက်ချင်တာပဲ ကြီးစိုးနေရဲ့။

"ဒါပေမဲ့ စိတ်မဆိုးပါဘူး" လို့ သူ့ပေါင်ပေါ်က ဦးခေါင်းခွံ ပြောတယ်။

"အန်တီ လုပ်ခဲ့တာကို ဘယ်သူကမှ ဒေါသမထွက်ဘူး"

တေးကို ဦးခေါင်းခွံကို တွန်းထုတ်လိုက်ချင်ပေမဲ့ သူ့လက်တွေ လှုပ်မရ။ သူ ပြေးထွက်သွားချင်ပေမဲ့ မတ်တပ်ထရပ်ဖို့တောင် အနိုင်နိုင်။

"မငိုပါနဲ့ အန်တီတေးကို" လို့ ဦးခေါင်းခွံက ပြောတယ်။

"မျက်ရည်တွေသုတ်လိုက်ပါ တေးကို" လို့ မန်နေဂျင်းဒါရိုက်တာ ပြောတယ်။

"မှန်တယ် အချစ်ရယ်"လို့ ဥက္ကဋ္ဌရဲ့ဇနီး ပြောတယ်။ "တစ်ဘ၀လုံး ဟိုဟာကြောင့်၊ ဒီဟာကြောင့် ငိုကြွေးလာပြီးပြီလေ။ ခု အငိုတိတ်လိုက်တော့နော်"

"ဟုတ်တယ် အန်တီရယ်။ ပြုံးလိုက်နော်"

"ဟုတ်တယ်။ ငါတို့သိတဲ့ တေးကိုပုံစံ ပြပါဦး"

"အခု အဆင်ပြေသွားပြီလေ။ အဆင်ပြေသွားပြီနော်"

မြူခိုးတွေ ပိုတိုးလာတာမို့ တေးကိုအနားမှာလည်း ရစ်ဝဲနေရဲ့။ အဖြူရောင်ခန်းဆီး ချလိုက်သလို သူ့အမြင်အာရုံကို ကာဆီးသလို ဖြစ်သွားတဲ့အချိန်မှာ အရိုးစုတွေ တစ်ခုပြီးတစ်ခု တစ်စစီ ပဲ့ကြွေ ပျက်စီးသွားတာကို သူ တွေ့ရတယ်။ သူ့ပေါင်ပေါ်က ဦးခေါင်းခွံလဲ မေးရိုးအပြင်ဘက်ကနေ တစ်စစီ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားတယ်။

တေးကိုဟာ အရိုးအစအနတွေကို ရင်ဘတ်နားကပ်ပြီး ဆုပ်ကိုင်ထားလေရဲ့။ အဲဒါတွေဟာ ချက်ချင်းပဲ လုံးဝ အရည်ပျော်သွားပြီး အထိအတွေ့က ထူးထူးဆန်းဆန်း ရင်းနှီးနေသလို ခံစားရတယ်။ သူ တွေ့ရဖို့ အချိန်အတော်ကြာ စောင့်နေခဲ့တဲ့ တစ်စုံတစ်ယောက်လိုပဲ။

အဲဒီနောက် မြူခိုးဟာ အရာရာကို ဝါးမျိုသွားတော့တယ်။

အဝေးကနေ ကြောင်အော်သံ တညောင်ညောင် ကြားလိုက်ရတယ်။

မြူရဲ့ တစ်ဖက်ခြမ်း တစ်နေရာရာမှာ ဆောရိုးဟာ အလျင်မလိုတဲ့ ခြေလှမ်းတွေနဲ့ တဖြည်းဖြည်း လှမ်းလာတာကို တေးကို ခံစားမိနေတယ်။

❑

တေးကို မျက်လုံးတွေ ဖွင့်လိုက်တဲ့အခါ ဟာလာဟင်းလင်း ကျောက်ဇလုံထဲ ရေစိမ်နေတာကို တွေ့ရတယ်။

mgyoe.com

mgyue.com

သူ့အပေါ်မှာတော့ ကူရိုဟာ ခန်းဆီးအဖြစ် အသုံးပြုထားတဲ့ ကျောက်တုံးကြီးပေါ်မှာ ခွေနေလေရဲ့။

တေးကိုဟာ ရေကို လက်နဲ့ထိခတ်ပြီး တဗွမ်းဗွမ်းအသံကို နားထောင်ကြည့်တယ်။ ဖြစ်သင့်တဲ့အသံအတိုင်း ပေါ်လာပါတယ်။ သူ သက်ပြင်းမှုတ်ထုတ်ပြီး ရေခဲမှာ လက်နှစ်ဖက်ကို ပွတ်ကြည့်၊ သူ့ကိုယ်သူ ဆိတ်ဆွဲကြည့်တယ်။

သူ လက်တွေ့ဘဝကို ပြန်ရောက်လာပြီဆိုတာ သေချာသွားတာနဲ့ ချက်ချင်း ဝမ်းနည်းသွားတယ်။

'ကူရိုချန်' လို့ သူ ခေါ်ရင်း ကျောက်တုံးကို မော့ကြည့်နေတယ်။ "သိပ်ကို ဆိုးဝါးတဲ့ လှည့်စားမှုပဲကွာ"

မကြားချင်ဟန်ဆောင်နေတဲ့ ကူရိုကတော့ လှည့်ကြည့်ဖော်မရ။

"ဒါဆို မင်းက အဲဒီလို ကြောင်တစ်ကောင်ပေါ့နော်"

ရှေးရိုးစဉ်လာအရ ကြောင်တွေဟာ ဘာကီနီကိုအဖြစ် ပြောင်းလဲနိုင်တယ်။ ထူးခြားဆန်းကြယ်ပြီး ပါဝါရှိတဲ့ သဘာဝလွန်အရာတွေပေါ့လေ။ သူတို့ အသက်ကြီးလို့ ဆုံးပါးခါနီးမှာ သူတို့သဘောကျတဲ့ ဘယ်သူ့ကိုမဆို နှစ်သက်ကြည်နူးစေတဲ့ စွမ်းရည်လိုမျိုး။ ဒါမျိုးတွေကို ကလေးတွေအတွက် ထုတ်ထားတဲ့ မဂ္ဂဇင်းမှာပါတဲ့ 'ကျောချမ်းစရာ ပုံပြင်များ' စတာတွေမှာ ဖတ်ဖူးလောက်ပေမဲ့ ခုတော့ တေးကိုအဖို့ အတော်အတန် ဖြစ်နိုင်ခြေရှိသွားပုံပဲ။

"မင်း ငါ့ကို ဒေါသထွက်နေတာပဲ ဖြစ်မယ်။ ဒါကြောင့် ဒီလို ဆိုးရွားတာတွေကို မြင်စေခဲ့တာ မဟုတ်လား" လို့ တေးကို ကူရိုကို မျက်မှောင်ကြုတ်ကြည့်တယ်။ ဒါပေမဲ့ နောက်ထပ် ရှင်းပြချက် ရှိလောက်မယ်လို့ သူ ထင်မိတယ်။ ဒီလိုအာရုံတွေ ပြလိုက်တဲ့ပုံစံနဲ့ ကူရိုဟာ တေးကိုကို ခွင့်လွှတ်တယ်လို့ ပြောချင်တာများလား။

ကြောင်က ဘာတုံ့ပြန်မှုမှ မပေးပေမဲ့ နိုးနိုးကြားကြားနဲ့ အပျင်းဆန့်တယ်။ ကျောက်တုံးပေါ်မှာ ဗိုက်နဲ့ကပ်ပြီး နေလို့ရအောင် သူ့ခန္ဓာကိုယ် အမည်းကြီးကို နေရာချနေရဲ့။

"ဒါက ရှုံးပွဲအဆုံးသတ် မဟုတ်လား"

ပြန်တွေးကြည့်ရင် ဒါဟာ အိပ်မက်ဆိုးတော့ မဟုတ်ပါဘူးလေ။

"မင်းရဲ့ ပါဝါတွေ ကုန်သွားပြီလား"

တေးကိုအနေနဲ့ တာရိုကို ပေါင်ပေါ်မှာ ထပ်တင်ထားချင်တယ်။ ဒီတစ်ခါတော့ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ပြီး သွားခွင့်မပြုတော့ဖို့ သူ စဉ်းစားထားတယ်။

mgyue.com